www.burmeseclassic.com

ရွှေအိမ်မှူး စာပေ

# သတိုးဝေလ

သောကြာနေ့လကွယ်ည

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး
★ ပြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ပြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အခန်း (၁)

''ဟေ့ကောင် . . . အဲဒီဓားကိုသွားမကိုင်နဲ့''

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် ကျော်ဇင်ဦး၏လက်ထဲမှ ဓားရှည်ကိုဆွဲလုပြီး နံရံတွင် ပြန်ချိတ်ဆွဲထားလိုက်သည်။

ကျော်ဇင်ဦးက မချင့်မရဲဖြင့် . . .

''မင်းကလည်း အဖြစ်သည်းလိုက်တာကွာ၊ ငါက ကိုင်ရုံ တင်ကိုင်ကြည့်တာပါ''

''ကိုင်မကြည့်နဲ့ ကိုယ့်လူ၊ အဲဒီဓားကနတ်ကြီးတယ်၊ ဓားကို ဆွဲထုတ်ပြီးရင် သွေးမစွန်းဘဲ ဓားအိမ်ထဲပြန်ထည့်လို့မရဘူး၊ အဲဒါ ကုန်းဘောင်ခေတ်က မင်းသားတစ်ပါး ကိုင်ခဲ့တဲ့ဓားကွ''

ကျွန်တော့်စကားအဆုံးတွင် ကျော်ဇင်ဦးက ခေါင်းကိုခါယမ်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ မျက်နှာရှည်ရှည်နှင့် ဝက်ခြံအနည်းငယ်ရှိပြီး ခေါင်းကိုမဖြီးမသင်ဘဲ ရှုပ်ပွနေအောင်ထားသည့် ကျော်ဇင်ဦးမှာ အမြဲလိုလို စိတ်ရှုပ်ထွေးသည့်ပုံစံ ပေါက်နေသည်။

သူက မယုံကြည်နိုင်ဟန်ဖြင့် . . .

''ဒါ ကုန်းဘောင်ခေတ်ကမင်းသားတစ်ပါးကိုင်ခဲ့တာ. . . ဟုတ်လား၊ မဖြစ်နိုင်ဘူးထင်တယ်. . . မင်းဒင်''

ကျော်ဇင်ဦးမှာ ကျွန်တော်နှင့်ကလေးဘဝကတည်းက ပေါင်းလာခဲ့သော သူငယ်ချင်းကောင်းတစ်ယောက်ဖြစ်၏။ သို့ရာတွင် တစ်ခါတစ်ရံ၌ ကျော်ဇင်ဦးမှာ မည်သည့်ဂြိုဟ်ကမ္ဘာက ကျလာမှန်းမသိရလောက်အောင် အူကြောင်ကြောင်နိုင်လှသည်။ ဘာကိုမှလည်း သူ ရေရေရာရာမသိချေ။

ကျွန်တော်က စားအိမ်တွင်ထွင်းထုထားသော ၁၈၈၁ ခုနှစ်ဆိုသည့်စာတန်းကို ကျော်ဇင်ဦးမြင်သာအောင်ပြရင်း . . .

''ဒီမှာတွေ့လား. . . ဒီဓားကို ငါ အပင်ပန်းခံပြီး မရမကရှာဖွေစုဆောင်းထားရတာ၊ ဒီဓားက တစ်ချိန်မှာ ရှေးဟောင်းပစ္စည်းတစ်ခုအနေနဲ့ အသုံးဝင်လာမှာကွ''

''ဟင်. . . ဟုတ်လား''

ကျော်ဇင်ဦးက ခေါင်းကုတ်ရင်း ကျွန်တော်စုဆောင်းထားသည့် ရှေးဟောင်းပစ္စည်းများကို လှည့်ပတ်အကဲခတ်ကြည့်ကာ အူတိအူကြောင်ဖြင့် . . .

''မင်းက ဘာဖြစ်လို့ ပစ္စည်းအဟောင်းတွေကို ဒီလောက်



တောင် စိတ်ဝင်စားရတာလဲ၊ ဘာမှ အသစ်အဆန်းလည်း မဟုတ်ဘဲနဲ့''

ကျော်ဇင်ဦး ဘာမှမသိဘူးဟု ကျွန်တော်ပြောခဲ့တာမလွန်ပါ။ အခု သူပြောတဲ့စကားကိုသာ ကြည့်ပါတော့. . .။

''ရှေးဟောင်းပစ္စည်းပါဆိုမှ ဘယ်လိုလုပ်အသစ်အဆန်းဖြစ်မှာလဲကွာ၊ ရှေးဟောင်းပစ္စည်းဆိုတာ နှစ်ချို့လေ တန်ဖိုးရှိလေပဲကွ ငတုံးရဲ့''

''မင်းမို့လို့ ရှာရှာဖွေဖွေကွာ၊ ရှေးဟောင်းပစ္စည်းတွေက နိုက်တတ်တယ်လို့ ငါကြားဖူးတယ်၊ ငါဆိုရင်တော့မလုပ်ဘူး၊ ကျော ချမ်းစရာကြီး''

''ငါကတော့ ဒါတွေအယုံအကြည်မရှိပါဘူး၊ ဝါသနာပါတာလေးတွေရှာပြီး စုဆောင်းနေရရင် ပျော်တာပါပဲ''

''ဟာ. . . ဒီဟာလေးတွေကတော့ မိုက်တယ်ကွာ၊ လက်ရာလည်းကောင်းတယ်''

ကျော်ဇင်ဦးက လွတ်ကနဲအော်လိုက်ပြီး သစ်သားစစ်ကုရင်ခုံပေါ်မှ ကြေးဖြင့်ထုလုပ်ထားသည့် စစ်တုရင်ရုပ်များကို တစ်ခုချင်းကိုင်တွယ်ကြည့်ရှုနေ၏။ ထိုစစ်တုရင်ရုပ်များမှာ ဘုရင်၊ မိဖုရား၊ စစ်သူကြီး၊ ဆင်နှင့် ရဲမက်ရုပ်ထုများကို မြန်မာဆန်ဆန်ထုလုပ်ထားသည်။ ကျွန်တော် ပုဂံသွားစဉ်က ရွှေစည်းခုံဘုရားတွင်တွေ့၍ ဝယ်လာခဲ့ခြင်းဖြစ်သည်။

''ဒါတွေက သိပ်တန်ကြေးမရှိပါဘူး၊ ဒီဘက်ခေတ်ကျမှ လုပ်ထားတဲ့လက်ရာတွေပါ''

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကျော်ဇင်ဦးက ကျွန်တော့်စကားကိုကြားပုံမရ။ သူက စစ်တုရင်ရုပ်များကို လက်ဖြင့်ကိုင်၍ မျက်လုံးနားသို့ ကပ်ကြည့်နေသည်။

"မိုက်တယ်ကွာ"

ကျော်ဇင်ဦးက ခပ်တိုးတိုးရေရွတ်လိုက်၏။ သူသဘောကျစရာတစ်ခုခုတွေ့တိုင်း ထိုသို့ပြောလေ့ရှိသည်။

ကျွန်တော်တို့နှစ်ယောက်မှာ ညစာစားပြီးနောက် ကျွန်တော်၏ အခန်းကျဉ်းလေးထဲတွင် အောင်းနေကြခြင်းဖြစ်၏။

ကျွန်တော့်အခန်းပြတင်းပေါက်အပြင်ဘက် ကောင်းကင်တစ်ခုလုံးကို အမှောင်ဖုံးလွှမ်းထားလျက်ရှိသည်။ ဆောင်းရာသီဖြစ်သောကြောင့် နေဝင်ချိန်စောပြီးနေ့တာတို၏။

ကျော်ဇင်ဦးက ကျွန်တော်နှင့် သင်္ချာအဆိုင်းမန့် Assign-ment များ တွက်နေခြင်းဖြစ်သည်။ သူ့အိမ်က ကျွန်တော်နှင့်ခြံချင်းကပ်လျက်ဖြစ်၏။

ကျော်ဇင်ဦးမှာ စာအုပ်များကို ကျောင်းတွင် အမြဲတမ်းမေ့ကျန်ခဲ့သဖြင့် ညတိုင်း ကျွန်တော်နှင့်အတူတူ စာလာကျက်ရသည်။ သူငယ်တန်းကလေးဘဝကတည်းက တက္ကသိုလ်ရောက်သည်အထိ သူ၏မေ့တတ်သောအကျင့်က ပြောင်းလဲခြင်းမရှိ။

ကျွန်တော်က . . .

"မင်းလည်း ရှေးဟောင်းပစ္စည်းတွေစုပါလား။ အဲဒါတွေက ငါတို့သားသမီးတွေလက်ထက်ရောက်ရင် တော်တော်တန်ဖိုးရှိနေလောက်ပြီ"



"အေး . . . ငါလည်း ရာဘာတံဆိပ်တုံးလှလှလေးတွေ စုထားတယ်ကွ"

"ရာဘာတံဆိပ်တုံးဟုတ်လား။ ဘယ်ကရာဘာတံဆိပ်တုံးတွေလဲ"

"ငါ့ညီအငယ်ကောင်မုန့်ထုပ်ဖောက်စားရင် ပါလာတတ်တဲ့ဟာတွေကွ၊ အဲ့ဒါလေးတွေကို ငါသဘောကျလို့သိမ်းထားတာ၊ ငါ့မှာ အခုတစ်ရာလောက်ရှိတယ်"

"ကလေးမဟုတ်သူငယ်မဟုတ်နဲ့ကွာ၊ အဲဒီရာဘာတံဆိပ်တုံးတွေနဲ့ မင်းက ဘာလုပ်မလို့လဲ"

ကျော်ဇင်ဦးက ရှေးဟောင်းပစ္စည်းများကို ကိုင်တွယ်ကြည့်နေရာမှ ကျွန်တော့်ဘက်သို့လှည့်ပြီး . . .

"အဲဒီရာဘာတံဆိပ်တုံးတွေနဲ့ ကိုယ်လိုချင်တဲ့အရုပ်ကလေးတွေကို စက္ကူပေါ်မှာနှိပ်လို့ရတာပေါ့၊ ပြီးတော့ ငါ့မှာ မင်ဖြည့်တဲ့ဘူးတွေ အရောင်စုံရှိတယ်"

တစ်ခါတစ်ရံ၌ ကျော်ဇင်ဦးမှာ ကျွန်တော်နားမလည်နိုင်လောက်အောင် အူကြောင်ကြောင်နိုင်လှ၏။

ကျွန်တော်က တအံ့တသြဖြင့် . . .

"အဲ့ဒါတွေက တန်ဖိုးရှိလို့လားကွ"

"တန်ဖိုးရှိမယ်မထင်ပါဘူး၊ ကဲ . . . ငါအိမ်ပြန်တော့မယ် ဖော်မင်းဒင်၊ မနက်ကျမှပဲတွေ့ကြမယ်"

ကျော်ဇင်ဦးက ပြောပြောဆိုဆိုနှင့် သူရေးထားပြီးသော အဆိုင်းမန့် Assignment စာရွက်များကို စားပွဲပေါ်မှ ဆွဲယူလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်၊

တံခါးဝဆီသို့ သူလျှောက်သွားစဉ် ကျွန်တော် နောက်မှ လိုက်သွားလိုက်သည်။ ကျွန်တော်တို့၏ပုံရိပ်များက အခန်းထဲရှိ ဗီရို၏မှန်ချပ်ပေါ်တွင် ထင်ဟပ်နေ၏။

ကျော်ဇင်ဦးမှာ အရပ်ကာလန်ကာလားနှင့် ဆံပင်များက ရှုပ်ပွနေသည်။ ကျွန်တော့်အရပ်ကတော့ ငါးပေခြောက်လက်မခန့်ရှိပြီး အားကစားသမား တစ်ယောက်ကဲ့သို့ကိုယ်ခန္ဓာမျိုးနှင့်။

ကျော်ဇင်ဦး ကျွန်တော့်အခန်းထဲမှထွက်ခွာသွားစဉ် ကျွန်တော်က ဗီရိုပေါ်သို့မော့ကြည့်လိုက်၏။

ဗီရိုဆီသို့ ကျွန်တော်လျှောက်လာစဉ် စိတ်အားထက်သန်နေသည့် ကျွန်တော်၏မျက်နှာကို မှန်ထဲတွင် ကျွန်တော် ပြန်မြင်နေရသည်။

ဗီရိုပေါ်ရှိ ဟောင်းနွမ်းနေသောစာအုပ်တစ်အုပ်က ကျွန်တော့်ကို စောင့်မျှော်နေသလိုမျိုး။

ထိုစာအုပ်ကိုကြည့်ရင်း စိတ်လှုပ်ရှားမှုကြောင့် ကျွန်တော့်ရင်တွေ တဒိတ်ဒိတ်နှင့်ခုန်လာ၏။

ထိုစာအုပ်အဟောင်းလေးကို ညနေကမှ ဈေးဟောင်းပစ္စည်းအရောင်းဆိုင်တစ်ခုတွင်တွေ့၍ ဝယ်လာခဲ့ခြင်းဖြစ်သည်။

## အခန်း (၂)

တကယ်တော့ ထိုစာအုပ်ကလေးကို ဈေးဟောင်းပစ္စည်းတစ်ခုဟုတော့ ပြောဖို့ခက်သည်။

ယင်းသည် (၁၉၄၀)ခုနှစ်ဝန်းကျင်လောက်က မထင်မရှားပန်းချီဆရာတစ်ယောက်ပိုင်ဆိုင်ခဲ့သော ဒိုင်ယာရီစာအုပ်ဟောင်းလေးတစ်အုပ်မျှသာဖြစ်သည်။

သို့ရာတွင် ဘာကြောင့်မှန်းမသိ အဲဒီစာအုပ်ကို ဈေးဟောင်းပစ္စည်းဆိုင်တွင် မြင်မြင်ချင်း ကျွန်တော့်စိတ်ထဲ၌ တန်းတန်းစွဲလိုချင်စိတ်ဖြစ်ခဲ့မိ၏။ ကိုယ့်ကိုယ်ကိုပင် နားမလည်နိုင်။

ဆိုင်ပိုင်ရှင်ကတော့ သူ့ထံမှပစ္စည်းများ မကြာမကြာဝယ်နေကျဖြစ်သောကြောင့် ကျွန်တော်နှင့် ရင်းနှီးစပင်ပြုနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သူ့ကို . . .

''ဒီစာအုပ်က ရှေးဟောင်းပစ္စည်းလည်းမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ မှန်ဗီရိုထဲမှာ ထည့်ထားတာလဲ''

ဒီရှေးဟောင်းပစ္စည်းအရောင်းဆိုင်တွင် ဗာနှင့်ပတ်သက်သော အရာဟူ၍ ပေစာ၊ ပုရပိုက်စာများကိုသာ တွေ့ရလေ့ရှိပြီး စက္ကူဖြင့် ပြုလုပ်ထားသော စာအုပ်ဟူ၍ တစ်ခါမျှ ဆိုင်ပေါ်တင်ပြီးရောင်းချခြင်း မရှိဖူးသောကြောင့် ထိုသို့မေးလိုက်ခြင်းဖြစ်၏။

သို့ရာတွင် ဆိုင်ရှင်က ကျွန်တော့်အမေးကိုမဖြေဘဲ ဝေ့လည်ကြောင်ပတ်လုပ်နေသည်။ သူက . . .

''အလကားပါဗျာ၊ ကျွန်တော့်အဘိုးလက်ထက်တုန်းက ပန်းချီဆရာတစ်ယောက်ရဲ့စာအုပ်ပါ၊ နာမည်ကြီးပန်းချီဆရာတော့ မဟုတ်ဘူး၊ မောင်သုန်တဲ့၊ ကြားဖူးလား''

ကျွန်တော် ခေါင်းကိုခါယမ်းပြလိုက်သည်။ ဒီလိုနာမည်မျိုး တစ်ခါမျှမကြားဖူးပါ၊ ထို့ကြောင့် ကျွန်တော်က . . .

''မကြားဖူးဘူးဗျ၊ သူက ဘယ်လိုပန်းချီကားမျိုးတွေ ဆွဲခဲ့တာလဲ''

ဆိုင်ရှင်က ဘာမှပြန်မဖြေ။ ကျွန်တော့်အမေးကို မကြားသယောင်ပြုနေသည်။ ကျွန်တော်က ဆက်ပြီး . . .

''အဲဒီစာအုပ်လေး ကျွန်တော့်ကိုရောင်းပါလားဗျာ''

''ဘာ. . . ဘယ်လို''

ဆိုင်ရှင်က အထိတ်တလန့်ဖြစ်သွားဟန်ဖြင့် ကျွန်တော့်ကို စူးစူးစိမ်းစိမ်းလှမ်းကြည့်သည်။



ဘာဖြစ်သွားတာလဲ။ စာအုပ်တစ်အုပ်ဝယ်ရုံနဲ့ ဒီလောက်တောင် အထိတ်တလန့်ဖြစ်သွားစရာ ဘာအကြောင်းမှမရှိပါ။

ကျွန်တော်က အခြေအနေကို ပေါ့ပေါ့ပါးပါးဖြစ်သွားစေရန် ရယ်ရယ်မောမောဖြင့် . . .

''ဝယ်မယ်ဆိုပေမယ့် ဈေးကတော့ အများကြီးမတတ်နိုင်ဘူးဗျနော်၊ မရောင်းခင်ကတည်းက ဈေးကို တစ်ဝက်လောက်ကြိုလျှော့ထား''

ကျွန်တော်က ရယ်သံစွက်၍ပြောလိုက်သော်လည်း ဆိုင်ရှင်က အားနာပါးနာ ပြုံးပြဖော်ပင်မရ။ သူက မျက်နှာတည်တည်ကြီးဖြင့်. . .

''ဈေးကအကြောင်းမဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီစာအုပ်ကိုမဝယ်ခင် ဒီစာအုပ်ပိုင်ရှင်ရဲ့နောက်ကြောင်းကိုတော့ နည်းနည်းသိထားဖို့လိုမယ်ထင်တယ်''

''ပန်းချီဆရာမောင်သုန်ဆိုတဲ့လူအကြောင်းလား''

''ဟုတ်တယ်၊ ခင်ဗျားယုံချင်ယုံ မယုံချင်နေ၊ ကျုပ်ကတော့ ခင်ဗျားသိထားသင့်တယ်ထင်လို့ ပြောပြရဦးမယ်၊ ကိုလိုနီခေတ်တုန်းကပေါ့၊ အဲဒီမောင်သုန်ဆိုတဲ့လူဟာ ပန်းချီဆွဲဖို့ ရှုခင်းတွေရှာရင်းနဲ့ ခရီးထွက်လာတာ မြန်မာပြည်အထက်ပိုင်းက မြို့လေးတစ်မြို့ကို ရောက်လာတယ်၊ အဲဒီမှာ . . .''

■

www.burmeseclassic.com

www.burmeseclassic.com



## အတိတ် (က)

ဒီမြို့ကလေးကိုရောက်ရောက်ချင်းမှာပင် မောင်သုန်၏စိတ်ထဲ၌ နှစ်မြိုက်သဘောကျသွားမိသည်။ အေးချမ်းဆိတ်ငြိမ်လွန်းလှသောကြောင့်ဖြစ်၏။

အညာဒေသဖြစ်သောကြောင့် အနည်းငယ်ရေရှားသည်မှလွဲ၍ ပတ်ဝန်းကျင်ရှုခင်းများက ဆွဲဆောင်မှုအားကောင်းလွန်းနေသည်။

နေအပူရှိန်ပြင်းသည့်တိုင် ထနောင်းပင်ရိပ်၊ မန်ကျည်းပင်ရိပ်တို့ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်အေးအေးနှင့် ကျေးငှက်သံများက ဆွတ်ပျံ့ချိုမြိန်နေ၏။

အထူးသဖြင့် သစ်ရွက်သစ်ခက်များနှင့် ဖုန်ထူထူမြေလမ်းပေါ်ကျရောက်နေသည့် အလင်းစူးစူးသည် ပန်းချီမျက်စိဖြင့်ကြည့်လျှင် တောက်ပပြီး နှစ်လိုဖွယ်ကောင်းနေလေသည်။

စရောက်ရောက်ချင်းနေ့မှာတော့ သူ့သူငယ်ချင်းဖြစ်သူ မဖွားရှင်တို့လင်မယားအိမ်တွင် သွားရောက်တည်းခို၏။ မဖွားရှင်ကလည်း မောင်သုန့်ကို အားရဝမ်းသာလက်ခံပြီး သူတို့အိမ်မှာပင် ကြိုက်သလောက်နေဖို့ပြောသည်။

သို့သော် မောင်သုန်ကမနေချင်။ သူက စိတ်ပါရင်ပါသလို ညသန်းခေါင်ကျော်အချိန်မှာပဲဖြစ်ဖြစ် ပန်းချီထဆွဲရင်ဆွဲနေတတ်သည်။ တစ်ခါတလေ တစ်နေ့ခင်းလုံးလည်း ထမင်းမစားဟင်းမစား အိပ်ချင်အိပ်နေတတ်သည်။

ထို့ကြောင့် သူ့ဘာသာသူ လွတ်လွတ်လပ်လပ် စိတ်တိုင်းကျနေချင်သလိုနေနိုင်ရန် အိမ်တစ်လုံးငှားနေဖို့ဆုံးဖြတ်လိုက်ပြီး နောက်တစ်နေ့တွင် မြို့ထဲသို့ထွက်ခဲ့လေသည်။

မြို့လယ်ဈေးအနီးရှိ ကာကာလက်ဘက်ရည်ဆိုင်တွင် လက်ဘက်ရည်ဝင်သောက်ရင်း မေးမြန်းကြည့်လိုက်သောအခါ စားပွဲထိုးလေးက ဆံသဆိုင်နှင့်တွဲဖွင့်ထားသော ဘိလိယက်ခုံတစ်ခုံဆီသို့ လမ်းညွှန်လိုက်သည်။ သူရောက်သွားသောအခါ ဘိလိယက်ခုံပိုင်ရှင်နှင့် အခန့်သင့်ပင်တွေ့သဖြင့် အကျိုးအကြောင်းပြောပြလိုက်ရာ ဘိလိယက်ခုံပိုင်ရှင်က မြို့စွန်ရှိ လူသူမနေထိုင်သော ရှေးဟောင်းအိမ်ကြီးတစ်အိမ်သို့ လိုက်ပို့သည်။

ထိုအိမ်ကြီးကိုမြင်မြင်ချင်းပင် မောင်သုန့်စိတ်ထဲ၌ ထူးထူးခြားခြားပင် တပ်မက်နှစ်မြိုက်သွားမိလေသည်။ အိမ်ပုံစံက တိုက်ခံ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ထပ်အိမ်ကြီးဖြစ်သည်။ အိုမင်းဟောင်းနွမ်းနေပြီဖြစ်သော်လည်း ခေါင်မိုးထောင့်တွင် တပ်ဆင်ထားသောခိုနန်းချိုးများ၊ ပန်းကနုတ်များကြောင့် ခန့်ငြားနေဆဲပင်ဖြစ်၏။

အပေါ်ထပ်တစ်ထပ်လုံးကို ကျွန်းသစ်ဖြင့်ဆောက်ထားပြီး ရေနံချေးရောင်မှိုင်းညို့နေအောင် သုတ်ထား၏။ ပြတင်းပေါက်များကတော့ အိမ်အရွယ်အစားနှင့်မလိုက်အောင်ပင် သေးငယ်လွန်းနေပြီး သံတိုင်များတပ်ထားသဖြင့် အကျဉ်းထောင်တစ်ခုနှင့် တူနေလေသည်။

ခြုံငုံ၍ပြောရလျှင် • အိမ်ကြီးတစ်ဆောင်လုံး၏အသွင်အပြင်သည် နွေးထွေးနှစ်လိုဖွယ်ရာမရှိ။ သူစိမ်းဆန်လွန်းသည်။ အထီးကျန်ဆန်လွန်းသည်။ သို့ရာတွင် မောင်သုန်၏မျက်စိထဲတွင်တော့ ထိုသို့ အပယ်ခံဖြစ်နေသော အကျည်းတန်မှုသည်ပင်လျှင် လှပခြင်းတစ်မျိုးဟု ခံစားရလေသည်။

မောင်သုန်က . . .

''ကြိုက်ပြီဗျာ၊ ဒီအိမ်ကြီးကိုပဲကျုပ်ငှားမယ်၊ နို့ပေမဲ့ အဖိုးစားနားကိုဆိုပါဦး၊ ကျုပ်က ကြာကြာတော့နေမယ်မဟုတ်ဘူးနော်၊ ဥပုသ်သီတင်း တစ်ပတ်နှစ်ပတ်လောက်ပဲဗျ''

''သဟာဖြင့်ရင်တော့ ဈေးဆိုရမှာခပ်ခက်ခက်ပဲ၊ အမှန်မှာတော့ မောင့်တစ်ကိုယ်စာဖြင့် အခမဲ့နေမယ်ဆိုလည်း နေခွင့်ပြုနိုင်ပါတယ်''

''ဒီလိုလည်းမဟုတ်သေးပါဘူးလေ၊ ထိုက်သင့်တဲ့အဖိုးအခကိုတော့ယူပါ''



ဘီလိယက်ခုံပိုင်ရှင်က အပြောရခက်နေဟန်ဖြင့် . . .

''မောင် မနေရင်လည်း ဒီအိမ်ကြီးက ဒီအတိုင်းပိတ်ထားရတာပဲ၊ ဒီမှာက နေဝံ့တဲ့သူမရှိဘူးမောင်''

''ဘာဖြစ်လို့တုံးဗျ''

မောင်သုန်က သိချင်စိတ်ဖြင့်မေးလိုက်၏။ ဘီလိယက်ခုံပိုင်ရှင်က . . .

''အလကားပါမောင်ရယ်၊ ဒီအရပ်ကလူတွေက တောပြောတောင်ပြော လျှောက်ပြောချင်ကြတာကလား၊ ဒီအိမ်ကြီးမှာ အခြောက်အလှန့်ရှိသလိုလိုဘာလိုလို ပြောကြတာပေါ့၊ ကဲပါလေ. . . ဒါတွေထားလိုက်ပါ၊ မောင်ရင် ဒီအိမ်မှာနေမယ်ဆိုရင် ထမင်းလေးဘာလေးချက်နိုင်းရအောင် မိန်းမကြီးတစ်ယောက်လောက် ကျုပ်ညွှန်ပေးမယ်၊ ဒေါ်အုန်းမေတဲ့၊ ကျုပ်ဘီလိယက်ခုံနဲ့ ခဲတစ်ပစ်သာသာလောက်ဝေးတဲ့တဲစုမှာနေတယ်၊ မောင်အလိုရှိရင် ကျုပ်ပြောပေးမယ်လေ''

''ကျေးဇူးပါပဲဗျာ၊ တစ်ဆိတ်လောက်ပြောပေးစမ်းပါ''

မောင်သုန်က အိမ်ငှားခအဖြစ် ဘီလိယက်ခုံပိုင်ရှင် ဦးဖိုးသာလက်ထဲသို့ ငွေငါးကျပ်ကို အတင်းထိုးထည့်ပေးပြီး ပြန်လာခဲ့သည်။

တည်းခိုရာအိမ်သို့ပြန်ရောက်ပြီးနောက် မဖွားရှင်ကို အကျိုးအကြောင်းပြောပြလိုက်သောအခါ မဖွားရှင်က မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် . . .

''အလိုတော်. . . မြို့ပိုင်မင်းအိမ်ကိုမှ သွားငှားရသတဲ့လား၊ ဒုက္ခတော့ရောက်ကုန်တော့မှာပဲ၊ အဲဒီအိမ်မှာ ဘယ်သူမှမနေရဲကြဘူး''

www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်လို့ မနေရဲကြတာလဲမဖွားရှင်ရဲ့၊ အကျိုးအကြောင်းလေးများလည်း သိစမ်းပါရစေဦး''

မဖွားရှင်ကတော့ သူ့အမေးကို ချက်ချင်းမဖြေရဲသေးဘဲ မျက်စိပျက်မျက်နှာပျက် ဖြစ်နေလေသည်။

## အတိတ် (၁)

''ဟိုးအရင်တုန်းက အဲဒီအိမ်ကြီးဟာ မြို့ပိုင်မင်း မစ္စတာ စမစ်နေသွားတဲ့အိမ်ကြီးပေါ့၊ အဲဒီမြို့ပိုင်ကလည်း ဆိုးလိုက်တာမပြောပါနဲ့တော့၊ တစ်နယ်လုံးက သူ့ကို ဖိန့်ဖိန့်တုန်အောင်ကြောက်ရတယ်၊ ရက်စက်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး။

ကဲပါလေ. . . မရှိတော့တဲ့သူအကြောင်း အမနာပပြောနေရတာလည်း မကောင်းပါဘူးသေနံရယ်၊ ငါ့သဘောသာဆိုရင်တော့ အဲဒီအိမ်ကြီးမှာ နင့်ကို သွားမနေစေချင်ဘူး''

မောင်သုန်ကတော့ ရယ်မောရှသာနေသည်။ တကယ်တမ်းတွင် သူသည် သရဲတစ္ဆေကိုလည်း ကြောက်ရွံ့တတ်သူမဟုတ်သောကြောင့် မဖွားရှင်၏စကားများသည် သူ့နားထဲသို့မဝင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



တားမရသည့်အဆုံးတွင် မဖွားရှင်ကိုယ်တိုင် မောင်သုန့်အတွက် လိုအပ်မည်ထင်သည့်ပစ္စည်းများကို ဝယ်ခြမ်းကာ ထိုအိမ်ကြီးသို့လိုက်ပို့သည်။ မဖွားရှင်က စောင်၊ ခြင်ထောင်နှင့် ခေါင်းအုံးအသစ်များကိုပါ ယူလာသည်ကိုတွေ့ရသောကြောင့် မောင်သုန်က. . .

''ဒါတွေက ဘာလုပ်ဖို့တုန်းဖွားရှင်ရဲ့''

''အဲဒီအိမ်မှာ လူမနေတာကြာလှပြီကွဲ့၊ အထဲမှာ စောင်တွေ အိပ်ရာခင်းတွေရှိရင်လည်း မှိုတက်ပြီးဆွေးမြေ့နေလောက်ရောပေါ့။ ကဲ. . . ကဲ. . . အိမ်ထဲမှာ လျှောက်ကြည့်စမ်းရအောင်''

မဖွားရှင်ကိုကြည့်ရသည်မှာ ဒီအိမ်ကြီးနှင့်ပတ်သက်၍ ရူးစမ်းချင်စိတ်လည်းရှိနေသလို ကြောက်လည်းကြောက်ရွံ့နေပုံပေါ်နေသည်။

တစ်အိမ်လုံးကို လှည့်ပတ်ကြည့်ရှုပြီးနောက် အကျယ်ဆုံးဖြစ်သော ထမင်းစားခန်းမှာပင်နေဖို့ ဆုံးဖြတ်လိုက်သည်။

အဲဒီအချိန်မှာပင် ဘီလီယက်ခုံပိုင်ရှင် ဦးဖိုးသာက စေလွှတ်လိုက်သော ဒေါ်အုန်းမေအမည်ရှိ အသက်ငါးဆယ်အရွယ်ခန့် အမျိုးသမီးကြီးတစ်ဦး ရောက်လာလေသည်။

ဒေါ်အုန်းမေကား ထမင်းဟင်းချက်ပြုတ်ရန် အိုးခွက်ပန်းကန်များကိုပါ ယူလာခြင်းဖြစ်၏။ အိမ်ထဲတွင် ပစ္စည်းများ နေရာတကျထားသိုပြီးသွားသောအခါ မဖွားရှင်က . . .

''ကဲ. . . သုန် ငါပြန်မယ်၊ ဒီအိမ်ကြီးထဲမှာ ကြာကြာမနေရဲဘူး၊ ငါက သရဲကြောက်တတ်တယ်''

ပြောပြောဆိုဆိုဖြင့်ပြန်သွားသော မဖွားရှင်၏နောက်ကျောကိုကြည့်ရင်း ဒေါ်အုန်းမေက ပြုံး၍. . .



''တောက်တီးတောက်တဲ့ဆရာလေးရယ်၊ ဒီမှာ ဘယ်ကသရဲရှိရမှာလဲ၊ လူမနေတာကြာလို့ ကြွက်တွေသောင်းကျန်းချင်တိုင်း သောင်းကျန်းနေတာပဲရှိတယ်၊ တံခါးမကြီးတွေဆိုလည်း ဆီမထည့်တာကြာလို့ တကျွီကျွီမြည်နေတာ၊ ပြတင်းပေါက်တွေဆိုလည်း လေတိုက်တဲ့အခါ ဖွင့်လိုက်ပိတ်လိုက်နဲ့ ဝုန်းဒိုင်းကျဲနေတာ၊ ဒါပါပဲ။ ဆရာလေး ဒီမှာနေရင် ကြွက်ပဲမြင်ရမယ်၊ သရဲကိုတော့ မြင်ရမှာမဟုတ်ဘူး''

ပြောပြောဆိုဆိုဖြင့် ဒေါ်အုန်းမေက မီးဖိုထဲသို့ ထင်းတုံးများထပ်တိုးထည့်ကာ ညစာအတွက်ချက်ပြုတ်ပြင်ဆင်ပေးသည်။ အားလုံးပြီးစီးသွားသောအခါတွင်မှ ဒေါ်အုန်းမေက . . .

''ကဲ. . . ဆရာလေး၊ အားလုံး အဆင်သင့်ဖြစ်နေပြီ၊ ကျွန်မလည်းပြန်လိုက်ဦးမယ်၊ ကျွန်မယောက်ျားစားဖို့ အိမ်ပြန်ပြီးချက်ရမှာ၊ မနက်ဖြန်မနက်ကျမှ တွေ့ကြတာပေါ့''

ဒေါ်အုန်းမေ၏လက်ရာသည် တကယ်ပင်စားလို့မြိန်လှသည်။ မောင်သုန်သည် ညစာစားပြီးနောက် မီးဖိုထဲသို့ထင်းများထပ်ထည့်ကာ သူ ပန်းချီဆွဲချင်သည့်ပုံကြမ်းများကို မှတ်စုစာအုပ်ထဲတွင် ပုံကြမ်းများစတင်ရေးခြစ်လေတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အတိတ် (၈)

သူအလုပ်လုပ်နေသည်မှာ မည်မျှကြာသွားသည်မသိ။ သတိ ရ၍ နာရီကိုလှမ်းကြည့်လိုက်သောအခါ ညဆယ့်တစ်နာရီပင်ထိုးနေ ပြီကို တွေ့လိုက်ရသည်။ သူက မီးဖိုထဲသို့ ထင်းများထပ်ထည့်လိုက် ပြီး ရေနွေးတစ်အိုးတည်လိုက်၏။

မီးဖိုမှ ဝါကျင့်ကျင့်အလင်းရောင်သည် နံရံပေါ်တွင် ဖျော့ တော့စွာထင်ဟပ်နေ၏။ ထူးဆန်းသောအရိပ်များ ယိမ်းထိုးကခုန်နေ သလိုလိုပင် ထင်ရမြင်ရသည်။ သူက သူ့အလုပ်ကို နှောင့်ယှက်မည့် သူမရှိဘဲ အေးချမ်းငြိမ်သက်လွန်းလှသဖြင့် ကျေနပ်နှစ်မြို့က်စွာ ပြုံး လိုက်မိ၏။ အဲသည်အချိန်မှာပင် ကြွက်တွေ မည်မျှသော်င်းကျန်းဆူ ညံနေသည်ကို ပထမဦးဆုံးအကြိမ်အဖြစ် သူ သတိထားမိသွားခြင်း



ဖြစ်လေသည်။

စောစောက ငါအလုပ်လုပ်နေတဲ့တစ်ချိန်လုံး ဒီကြွက်တွေ ဆူညံနေတာပဲလား။ ဟုတ်မယ်မထင်ပါဘူး။ ငါရောက်လာကာစတုန်း က ဒီကောင်တွေ ကြောက်လို့ငြိမ်နေတာ၊ အခုမှ အတင့်ရဲလာပြီး ခါတိုင်းလိုမျိုး ပြေးကြလွှားကြ အော်ဟစ်နေကြတာပဲဖြစ်မယ်ဟု သူ တွေးလိုက်မိ၏။

တစ်ဆက်တည်းမှာပင် ထမင်းချက်ဒေါ်အုန်းမေ ပြောသွား သည့်စကားတစ်ခွန်းကို ပြန်သတိရလိုက်သည်။

''ဆရာလေး ဒီမှာနေရင် ကြွက်ပဲမြင်ရမယ်၊ သရဲကိုတော့ မြင်ရမှာမဟုတ်ဘူး''

ယခုအချိန်ထိတော့ ကြွက်များနှင့်ပတ်သက်ပြီး ဒေါ်အုန်းမေ ပြောခဲ့သည်မှာ မှန်နေလေပြီပဲ။

သူက အခန်းပတ်ပတ်လည်ကို သေသေချာချာလိုက်ပ ကြည့်ရှုလိုက်သည်။ မှန်အလိမ်းလိမ်းတက်နေသည့်ကြားမှာပင် ဆွေ နံရံအပြောက်အမွှန်းများ၊ ရုပ်လုံးရုပ်ကြွများနှင့် ကနုတ်ပန်းများကြောင့် အိမ်အိုကြီး၏ ခန့်ငြားဝင့်ထည်မှုကို သိသိသာသာခံစားရသည်။

''ဒီလောက်ကောင်းတဲ့အိမ်ကြီးမှာ ဘာလို့ လူတွေမနေချင် ရတာပါလိမ့်''

သူတစ်ယောက်တည်းတွေးနေမိသည်။ သစ်သားနံရံ ကတော့ နေရာအတော်များများမှာ အပေါက်တွေဖရုပွနှင့် ဖြစ်နေ ပြီ၊ ကြွက်ကလေးများ၏ ပြူးကြောင်ကြောင်မျက်လုံးအစုံက အပေါက်များမှတဆင့် သူ့ကို စူးစူးစမ်းစမ်းကြည့်နေကြသည်။

www.burmeseclassic.com





နောက် ထုံးစံအတိုင်း နံရံကိုကုတ်ခြစ်ကြ ပြေးလွှားကြပြန်လေသည်။

အခန်းထဲတွင် သူ စိတ်အဝင်စားဆုံးအရာတစ်ခုသာရှိသည်။ ယင်းမှာ မျက်နှာကြက်ဆီမှ တွဲလွဲကျနေသော ကြိုးတစ်ချောင်းဖြစ်၏။ ထိုကြိုးသည် ခေါင်မိုးပေါ်ရှိ အချက်ပေးခေါင်းလောင်းနှင့် ဆက်သွယ်ထားခြင်းဖြစ်ပြီး အိမ်အနီးဝန်းကျင်တွင် အလုပ်လုပ်နေကြသော အစေခံများကိုခေါ်ယူဖို့ မြို့ပိုင်မင်းက တပ်ဆင်ထားခဲ့ခြင်း ဖြစ်ပုံရသည်။

ထိုခေါင်းလောင်းကြိုးသည် အခန်းထောင့်ဆီမှ သွယ်တန်းလာပြီး မီးဖို၏ညာဘက်နံဘေးဆီသို့ တွဲလောင်းကျနေ၏။ အဲသည်နေရာတွင် ကြီးမားလှသော ကျွန်းသားကုလားထိုင်ကြီးတစ်လုံးလည်းရှိသည်။ နောက်မှီပေါ်တွင် ကနုတ်ဖြင့် ရှေးခေတ်လက်ရာ အပြောက်အမွှန်းများဖော်ထားသည့် ကုလားထိုင်ကြီးဖြစ်လေသည်။

ရေနွေးအိုးပွက်ပွက်ဆူပြီဖြစ်သဖြင့် လက်ဘက်ခြောက်ခပ်ကာ မီးဖိုပေါ်မှချလိုက်သည်။ ထင်းမီးကို ထပ်မံဖြည့်လိုက်ပြီးနောက် နောက်တစ်အိုး မီးဖိုပေါ်တင်လိုက်ပြန်သည်။ ထို့နောက် အလုပ်စားပွဲတွင် ပြန်ထိုင်လိုက်သည်။

အလုပ်ထဲတွင် စိတ်ရောကိုယ်ပါ နစ်မြုပ်နေရာမှ ဖြုန်းကနဲ တစ်စုံတစ်ရာကို ထိတ်လန့်သလိုဖြစ်သွားပြီး သူ ခေါင်းမော့ကြည့်လိုက်သည်။

ငါ. . . ဘာလို့ ကြောက်လန့်သွားတာပါလိမ့်။

အခြေအနေကတော့ တစ်စုံတစ်ရာထူးခြားနေသည်မှာ သေချာနေသည်။ ဘာလဲ. . . ဘာလဲ။ ဒီအခန်းထဲမှာ တစ်ခုခုတော့ ဖြစ်နေပြီ။

သူ နားစွင့်ကြည့်လိုက်သည်။ အရာရာတိုင်းသည် တိတ်ဆိတ်နေ၏။

အဲသည့်တော့မှပင် ထူးခြားချက်ကို သူ နားလည်သွားလေသည်။ တစ်ချိန်လုံး သူကြားနေခဲ့ရသည့် ကြွက်တို့၏ကုတ်ခြစ်သံ၊ ပြေးလွှားသံ၊ တကျွိကျွိမြည်သံတို့သည် ယခုအခါတွင် အံ့သြစရာကောင်းလောက်အောင် ပျောက်ကွယ်နေလေတော့၏။

''ဒီလောက်များတဲ့ကြွက်တွေ ချက်ချင်းကြီး ဘယ်ကိုရောက်သွားကြတာပါလိမ့်''

သူ တွေးရင်း အခန်းတစ်ခန်းလုံးကို လှည့်ပတ်ကြည့်လိုက်သည်။ အဲသည်မှာပင် အလွန်ကြီးမားလှသော ကြွက်ဘိလူးကြီးတစ်ကောင်ကို သူ တွေ့လိုက်ရခြင်းဖြစ်၏။

ထိုကြွက်ဘိလူးကြီးက မီးဖိုဘေးရှိကျွန်းသားကုလားထိုင်ကြီး၏နောက်မှီပေါ်တွင် ဝပ်နေ၏။ ရဲရဲတောက်နေသော မျက်လုံးတစ်စုံကမူ မောင်သုန့်ကို ရန်လိုစွာစိုက်ကြည့်နေသည်။

ဘာကြောင့်မှန်းမသိ။ ထိုကြွက်ဘိလူးကြီးကိုကြည့်ရင်း မောင်သုန် စိတ်အနှောင့်အယှက်ဖြစ်လာသည်။ ထို့ကြောင့် လက်လှမ်းမိရာ ထင်းချောင်းရှည်ရှည်တစ်ချောင်းကို ဖြုန်းကနဲကောက်ကိုင်ပြီး ပြေးရိုက်လိုက်သည်။

သို့သော် သူ့တုတ်က မထိမိခင်မှာပင် ကြွက်ဘိလူးကြီးက ကျင်လည်စွာရှောင်တိမ်းသွားသည်။ ထို့နောက် ကြွက်ဘိလူးကြီးက တွဲလောင်းကျနေသော မျက်နှာကြက်မှ ခေါင်းလောင်းကြိုးအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်စွာပြေးတက်ပြီး အမှောင်ထဲတွင် ပျောက်ကွယ်သွားလေသည်။

ကြွက်ဘိလူးကြီး ပျောက်ကွယ်သွားသောအခါတွင်မှ ယခင် ကြားနေရမြဲဖြစ်သော ကြွက်တို့၏ တကျွိကျွိမြည်သံ၊ နံရံကုတ်ခြစ်သံ၊ ပြေးသံလွှားသံတို့ ပြန်လည်ပေါ်ထွက်လာ၏။

သူ အလုပ်စားပွဲတွင်ဆက်ထိုင်ဖို့ရန် စိတ်မပါတော့ချေ။ အိမ်အပြင်ဘက်တွင်လည်း အိပ်တန်းတသောငှက်တို့၏ တစာစာ မြည်သံ ကျူးသံတို့ကိုကြားနေရပြီး မကြာခင် မိုးစင်စင်လင်းပေတော့မည်။

ထို့ကြောင့် သူ အိပ်ရာပေါ်သို့လှဲချလိုက်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်လေသည်။

■

## အတိတ် (ဃ)

သူ အိပ်မောကျနေလိုက်သည်မှာ နံနက်(၁၀)နာရီခွဲမှပင် ထမင်းချက်ဒေါ်အုန်းမေက အတင်းလာနှိုး၍သာ နိုးတော့သည်။

ထို့နောက် ရေမိုးချိုးပြီး ဒေါ်အုန်းမေပြင်ဆင်ပေးထားသော ထမင်းကြော်ကို နှစ်ပန်းကန်ဆက်၍စားလိုက်၏။ နံနက်စာပင်ဖြစ်သော်လည်း အိပ်ရာထနောက်ကျသောကြောင့် နေ့လည်စာဟုပင် ခေါ်ရတော့မလားမပြောတတ်။

"ဒါလည်း တစ်မျိုးကောင်းတာပဲလေ၊ နေ့လည်ခင်းကျရင် ထမင်းတစ်ခေါက် ထပ်စားနေစရာမလိုတော့ဘူးပေါ့၊ ညအထိ တောက်လျှောက်အလုပ်လုပ်သွားလို့ရပြီ"

ဟု သူတွေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆွဲရန် ရှုခင်းများကို လိုက်လံကြည့်ရှုရင်း လမ်းလျှောက်လာလိုက်သည်မှာ မြို့တွင်းရှိ မဖွားရှင်တို့အိမ်အနီးသို့ပင် ရောက်လာသည်။

သူက ဝင်နှုတ်ဆက်တော့ မဖွားရှင်က . . .

''အမယ်လေး. . . သေနှိရယ်၊ နင့်ကို ဒီမနက်ကြည့်ရတာ ဖြူဖတ်ဖြူရော်နဲ့ အလုပ်တွေချည်းပဲလည်း ဖိလုပ်မနေနဲ့ဦး၊ တော်ကြာ အိပ်ရေးပျက်တာများပြီး ဦးနှောက်က ကြောင်သွားဦးမယ်၊ ကိုင်း. . . ဘယ်လိုတုန်း၊ မနေ့ညကရော ကောင်းကောင်းအိပ်ရရဲ့လား''

''ဘာမှ ထွေထွေထူးထူး ပြဿနာတော့မရှိပါဘူး၊ ကြွက်တွေကတော့ သောင်းကျန်းပါ့ဗျာ၊ ဒီကြားထဲ ကြွက်အကြီးကြီးတစ်ကောင်ဆိုရင် မီးဖိုဘေးကကုလားထိုင်ကြီးပေါ်မှာ မိန့်မိန့်ကြီးလာထိုင်နေလိုက်သေးတယ်၊ မျက်လုံးတွေကလည်း နီရဲလို့၊ ငါကလိုက်ရိုက်တော့ ခေါင်းလောင်းကြိုးပေါ် တက်ပြေးသွားလေရဲ့။ မှောင်နေတော့ ဘယ်ရောက်သွားမှန်းမမြင်လိုက်ရဘူး''

''အလို. . . ဘုရားရေ။ သတိထား သေနှ်. . . သတိထား။ အဲဒီကုလားထိုင်မှာထိုင်တာ မကောင်းဆိုးဝါးဟဲ့. . . သိလား''

''ဟင်. . . ဘာကိုပြောတာလဲ''

မောင်သုန်က ပြန်မေးလိုက်သည်၊ မဖွားရှင်ကတော့ ကြောက်ရွံ့တုန်လှုပ်စွာဖြင့် . . .

''အဲဒါ မကောင်းဆိုးဝါးကြီးရဲ့ကုလားထိုင်လို့ ပြောတာပဲ''

မဖွားရှင်၏စကားအဆုံးတွင် သူ အတန်တန် ထိန်းချုပ်ထားသည့်ကြားက မရယ်မပြုံးဘဲ မနေနိုင်တော့ချေ။



''မကောင်းဆိုးဝါးကလည်း ကုလားထိုင်တွေဘာတွေနဲ့ အကျအနထိုင်တတ်သေးသကိုး မဖွားရှင်ရဲ့''

ဟု သူက ရယ်ရယ်မောမောပြောပြီး အိမ်သို့ ပြန်ခဲ့သည်။

●

ညဘက်ရောက်သောအခါ ထုံးစံအတိုင်း စားပွဲတွင်ထိုင်၍ နေ့လည်က သူမြင်ခဲ့သောရှုခင်းတွေကို ပုံကြမ်းများထုတ်ရပြန်သည်။ ကြွက်တွေကလည်း ဒီညကျမှ ပိုပြီးမြူးနေဟန်ရှိ၏။

တချို့ကြွက်တွေက ယမန်နေ့ကထက် ပိုအတင့်ရဲလာပြီး သူအလုပ်လုပ်နေသည့်စားပွဲပေါ်မှာပင် ဖြတ်သန်းပြေးလွှားကြသည်။ သူ့ကို အနှောင့်အယှက်ပေးချင်ပုံတော့မရ။ သူတို့ဘာသာဘာဝ မြူးထူးနေကြခြင်းသာ ဖြစ်၏။

မောင်သုန်က စက္ကူစုတ်များကိုလုံးပြီး ပစ်ပေါက်သောအခါ ကြွက်များက နံရံနောက်ကွယ်သို့ ပြေးကြပုန်းကြပြီးနောက် အပေါက်ငယ်များမှတဆင့် သူ့ကို မျက်လုံးကလေးများအပြူးသားဖြင့် ချောင်းကြည့်နေကြပြန်လေသည်။

သို့ဖြင့် ဘာမှမကြာလိုက်မီ ခါတိုင်းလို ပြေးလွှားအော်မြည်လျက် ဆူညံပြုဆူညံနေကြပြန်သည်။

သူကတော့ လုပ်လက်စအလုပ်ထဲမှာပင် အာရုံကို နှစ်မြှုပ်ထားလိုက်တော့သည်။

နာရီပေါင်းများစွာ ကြာမြင့်သွားသည်ဟု မှတ်ရထင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရုတ်တရက် ချောက်ချားဖွယ်ကောင်းသော တိတ်ဆိတ်မှုတစ်ခုဖြင့် အရာရာတိုင်းသည် အသက်ကင်းမဲ့သလို ငြိမ်သက်သွားလေသည်။

ဘာသံမှမကြားရတော့။ အိမ်ခန်းနှင့်မတူဘဲ သုသာန်တစပြင်ကို ရောက်နေသည်ဟု ထင်မှတ်ရ၏။

သူက မနေ့ညကအတွေ့အကြုံကို ချက်ချင်းပြန်အမှတ်ရသွားပြီး မီးဖိုနံဘေးရှိ ကျွန်းသားကုလားထိုင်ကြီးဆီသို့ လှမ်းကြည့်လိုက်သည်။

သူထင်ထားသည့်အတိုင်း ကြွက်ဘီလူးကြီးရောက်နေလေပြီ။ မနေ့ညကလိုပင် ကုလားထိုင်ကြီး၏နောက်မှီပေါ်မှနေ၍ ရန်လိုမုန်းတီးသည့်အကြည့်ဖြင့် သူ့ကို စိုက်ကြည့်နေ၏။

သူက ဘာမှစဉ်းစားမနေတော့။ လက်လှမ်းမီရာစာအုပ်တစ်အုပ်ကို ကောက်ယူပြီး ပစ်ပေါက်လိုက်သည်။ လွဲချော်သွား၏။ ကြွက်ဘီလူးကြီးကတော့ တုပ်တုပ်မျှပင်မလှုပ်ချေ။

သူက ထင်းချောင်းတစ်ချောင်းကိုဆွဲပြီး ပြေးရိုက်ရန်ဟန်ပြင်လိုက်သည်။ ကြွက်ဘီလူးကြီးကလည်း မနေ့ညကလိုပင် ခေါင်းလောင်းကြိုးအတိုင်း တက်ပြေးပြီး လွတ်မြောက်သွားလေသည်။

ကြွက်ဘီလူးကြီးမရှိတော့သည်နှင့် တစ်ပြိုင်နက် တခြားကြွက်များ၏ ဆူဆူညံညံအသံတို့က ပြန်လည်ပေါ်ထွက်လာသည်။

မောင်သုန်ကတော့ စိတ်ထဲတွင် မကျေမနပ်ဖြစ်နေမိ၏။ ကြွက်ဘီလူးကြီး ဘယ်ဆီကိုပျောက်ပျောက်သွားမှန်း မတွေ့လိုက်ရသောကြောင့် ဖြစ်၏။



အခန်းထဲတွင် သူထွန်းထားသောမီးအိမ်ကလည်း မျက်နှာကြက်အထိ အလင်းရောင်မလုံလောက်ချေ။

သူက မီးဖိုထဲသို့ ထင်းချောင်းများကိုထပ်ထည့်ပြီး ရေနွေးတစ်အိုးထပ်တည်လိုက်သည်။ ထို့နောက် ကျွန်းကုလားထိုင်ကြီးပေါ်သို့ ထိုင်ချလိုက်ပြီး . . .

''မနက်ကျရင်တော့ ကြွက်ထောင်ချောက်တစ်ခု သွားဝယ်မှဖြစ်မယ်''

ဟု သူတွေးလိုက်သည်။

ထို့နောက် သူက နောက်ထပ်မီးအိမ်တစ်လုံးကို ထွန်းညှိပြီး ကြွက်လာရာလမ်းကို မြင်သာအောင် မီးဖို၏ညာဘက်ခြမ်းတွင် ချထားလိုက်သည်။

နောက်. . . တွေ့သမျှစာအုပ်များကို သူနှင့်လက်တစ်ကမ်းအကွာတွင် စုပုံထားလိုက်သည်။ ပိုပြီးသေချာသွားအောင် ကြမ်းပြင်နှင့်ထိလုထိခင်ဖြစ်နေသော ခေါင်းလောင်းကြိုး၏ အစွန်းတစ်ဖက်ကို စာရေးစားပွဲပေါ်တွင်ချကာ မီးအိမ်နှင့်ဖိထားလိုက်၏။

ထိုကြိုးကို လက်ဖြင့်ကိုင်လိုက်စဉ် သူ့ရင်ထဲ၌ အမျိုးအမည်မသိသော ချောက်ချားဖွယ်အတွေးတစ်ခု ဝင်လာသည်။

'လူတစ်ယောက်ကို ကြိုးဆွဲချပြီးသတ်ချင်ရင် ဒီလိုကြိုးမျိုးဟာ အသင့်လျော်ဆုံးပဲ'

အဆက်အစပ်မရှိဘဲ ပြုန်းကနဲပေါ်လာသောအတွေး ဖြစ်၏။

ဟင်. . . ငါ ဘာတွေလျှောက်တွေးနေမိပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



သူက ချက်ချင်းပင် ထိုအတွေးကိုငြင်းပယ်လိုက်ပြီး စားပွဲမှာ ပြန်ထိုင်သည်။ ဒီတစ်ခါ ကြွက်ဘိလူးကြီးလာလျှင် ပုန်းခိုနေသောနေရာကို တွေ့ရပေတော့မည်ဟု ယုံကြည်စိတ်ဖြင့် သူပြုံးမိ၏။

မကြာမီမှာပင် သူရေးဆွဲနေသော ပုံကြမ်းများထဲ၌ စျာန်ဝင်ပြီး ပတ်ဝန်းကျင်ကို မေ့လျော့သွားပြန်လေသည်။

ညသည် တရွေ့ရွေ့ပြုဆင်းနေဆဲ။

ထိုစဉ် အကြီးအကျယ်တိတ်ဆိတ်မှုတစ်ခုက အရာရာကို ပြုန်းကနဲလွှမ်းခြုံသွားပြန်လေသည်။

စားပွဲပေါ်တင်ထားသော ခေါင်းလောင်းကြိုး တသိမ့်သိမ့်လှုပ်ယမ်းသွားသည်ကို သူ သတိထားလိုက်မိ၏။ ခေါင်းလောင်းကြိုးကိုဖိထားသည့် စားပွဲတင်မီးအိမ်မှာ မသိမသာ ယိမ်းထိုးနေသည်။

သူက ကြိုးတစ်လျှောက်ကို လှမ်းကြည့်လိုက်၏။ ကြွက်ဘိလူးကြီးသည် ခေါင်းလောင်းကြိုးအတိုင်း ဆင်းလာရာမှ ကျွန်းသားကုလားထိုင်ကြီး၏ နောက်မှီအပေါ် ခုန်တက်လိုက်သည်။ နောက်ပြီး အဲသည်နေရာမှနေ၍ တိုက်ခိုက်သတ်ဖြတ်တော့မလို အကြည့်မျိုးဖြင့် သူ့အား လှမ်းကြည့်နေသည်ကို တွေ့ရလေသည်။

သူ ဘာမှစဉ်းစားမနေတော့။ အသင့်ပြင်ထားသော စာအုပ်ပုံထဲမှစာအုပ်တစ်အုပ်ကို ကောက်ကိုင်ပြီး ဝိုးကနဲနေအောင် ပစ်ထည့်လိုက်သည်။

မိစ္ဆာသတ္တဝါဆိုးက ကျင်လည်စွာရှောင်တိမ်းလိုက်သည်။ နောက်တစ်အုပ်ဖြင့် ထပ်ပေါက်လိုက်ပြန်သည်၊ မထိ။

သူက တတိယစာအုပ်ကိုကောက်ယူပြီး မတ်တတ်ထကာ အသေအချာ ချိန်ရွယ်သည်။

ကြွက်မိစ္ဆာ၏မျက်လုံးထဲတွင် ကြောက်ရွံ့မှုအရိပ်အယောင် ကို မြင်တွေ့မိသလို ခံစားလိုက်ရ၏။

“ကဲကွာ”

“ဘုတ်”

“ဒွီး”

ဒီတစ်ခါတော့ ကြွက်၏နံဘေးဝမ်းဗိုက်နေရာကို တည့်တည့်ပင်ထိမှန်သွားသည်။ ကြွက်မိစ္ဆာက နာကျင်မုန်းတီးသောမျက်လုံးများဖြင့် ခက်ထန်စွာကြည့်ရင်း တဒွီးဒွီးအော်ကာ ခေါင်းလောင်းကြိုးပေါ်သို့ ခုန်တက်လျက် လာရာလမ်းအတိုင်း အလျင်အမြန် ပြန်ပြေးသွား၏။

ထပ်မံထွန်းညှိထားသော ဒုတိယမီးအိမ်၏ အလင်းရောင်ဖြင့် ထင်ထင်ရှားရှားမြင်နေရသည်။ ကြွက်မိစ္ဆာကြီးသည် နံရံတွင် ခိုတ်ဆွဲထားသော ပန်းချီကားဟောင်းကြီးတစ်ချပ်၏ ပေါက်ပြဲနေသည့်နေရာတစ်ခုအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

မောင်သုန်က . . .

“ဘယ်ရမလဲကွာ၊ မီးဖိုကနေ ညာဘက်ကိုကြည့်ရင် တတိယမြောက်ပန်းချီကားပဲ၊ အင်း . . . သေသေချာချာမှတ်ထားမှ”

ဟု တစ်ယောက်တည်းပြောရင်း ကြမ်းပြင်ပေါ်ပြန့်ကျဲနေသော စာအုပ်များကို ပြန်ကောက်ယူလိုက်သည်။

“ဟင် . . . ထူးဆန်းလှချည်လား”

သူက ကြွက်ကိုထိမှန်သွားသော တတိယမြောက်စာအုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူကြည့်ရင်း ရေရွတ်လိုက်မိသည်။ ထိုစာအုပ်မှာ အဖုံးများ ပြုတ်နေပြီဖြစ်သော အိတ်ဆောင်အရွယ် သမ္မာကျမ်းစာအုပ်တစ်အုပ် ဖြစ်၏။

အတွင်းရေခံစာမျက်နှာပေါ်တွင် 'အယ်လ်တန်စမစ်' ဟု လက်မှတ်ထိုးထားသည်ကို တွေ့ရသည်။

သူ စားပွဲမှာပြန်ထိုင်ချိန်တွင် ပုံမှန်အတိုင်း ကြွက်တွေ ဆူညံသောင်းကျန်းနေကြပြန်လေပြီ။

သူကတော့ အလုပ်ဆက်လုပ်၍မရတော့ချေ။ ထို့ကြောင့် ပုံကြမ်းထုတ်နေသော မှတ်စုစာအုပ်ကိုပိတ်ကာ အိပ်ရာပေါ်သို့ လှဲချလိုက်၏။ သူ့မျက်ခွံများကို မှိတ်လိုက်သည့်အချိန်တွင် အိမ်ကြီး၏ မှန်ပြတင်းပေါက်များပေါ်သို့ အရုဏ်ရောင်ခြည် ထိုးစပြုပြီဖြစ်သည်။

■

## အတိတ် (၄)

ထမင်းချက်ကြီးဒေါ်အုန်းမေ အိပ်ရာကလာနိုးသည်ကိုပင် ကျေးဇူးတင်ရမလိုဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် အိပ်ရာထဲတွင် တစ်ချိန်လုံး အိပ်မက်ဆိုးတွေက သူ့ကို နှိပ်စက်နေသောကြောင့် ဖြစ်၏။

မနက်စာစားပြီးသည်နှင့် သူက ဒေါ်အုန်းမေကိုခေါ်ပြီး. . .

"ကိုင်း. . . ဒေါ်ဒေါ်၊ ခိုင်းတယ်လို့လည်းမအောက်မေ့ပါနဲ့၊ မီးဖိုဘေးနံရံပေါ်က ပန်းချီကားတွေကိုဖုန်သုတ်ပြီး သန့်ရှင်းရေးလုပ်ပေးထားပါလား။ ဘာပုံတွေလဲဆိုတာ သေသေချာချာသိချင်လို့၊ တခြားဟာတွေ သဲသဲကွဲကွဲမသိရရင်နေပါ။ တတိယမြောက်ပန်းချီကားကိုတော့ဖြင့် တစ်ဆိတ်ကလေး ဖိဖိစီးစီးလုပ်ပေးစမ်းပါ အဒေါ်ရယ်"

သူက ဒေါ်အုန်းမေကို မုန့်ဖိုးပဲဖိုးပေးခဲ့ပြီး မနေ့ကလိုပင်

www.burmeseclassic.com

www.burmeseclassic.com



ရှုခင်းများကိုကြည့်ရန် ထွက်ခဲ့သည်။ အပြန်လမ်းတွင် မိတ်ဆွေဖြစ်သူ မဖွားရှင်၏အိမ်သို့ အလွှာပ သလ္လာပပြောရန် ခင်ခဲ့သည်။

အိမ်ဦးခန်းရှိ သင်ဖျာခင်းထားသည့်နေရာတွင် မဖွားရှင်တို့လင်မယားက ညွှသည်တစ်ယောက်နှင့် စကားလက်ဆုံကျနေကြ၏။

သူ့ကိုမြင်သောအခါ မဖွားရှင်က ပျာပျာသလဲဖြင့် . . .

''ဟော. . . သေုန်ပါလား၊ အတော်ပဲ ဒီက မိတ်ဆွေတစ်ယောက်နဲ့ အသိအကျွမ်းဖွဲ့ပေးရဦးမယ်၊ ဟောဒါက ဆရာဝန်ကြီး ဦးရှိန်တဲ့''

မဖွားရှင်က ကမကထပြုသောကြောင့် မောင်သုန်နှင့်ဆရာဝန်ဖြစ်သူတို့ အပြန်အလှန်မိတ်ဆက်လိုက်ကြသည်။ မောင်သုန့်စိတ်ထဲမှာတော့ ဇဝေဇဝါဖြစ်မိ၏။

သူထင်သည့်အတိုင်းပင် စစချင်း ဆောက်နဲ့ထွင်းဆိုသလို ဆရာဝန်က သူ့ကို မေးခွန်းတွေ တရစပ်မေးတော့သည်။

အစားအသောက်ပျက်သလား။ ချောင်းဆိုးသလား စသော မေးခွန်းမျိုးမှသည် အရမ်းစိတ်ညစ်နေသလား၊ နားထဲမှာ တကယ်မရှိသောအသံတွေကြားနေရသလား စသည့် စိတ်ကျန်းမာရေးနှင့်ဆိုင်သောမေးခွန်းတွေပါ ပါလာသည်။

ကြာတော့ မောင်သုန် စိတ်နည်းနည်းတိုချင်လာ၏။ ထို့ကြောင့် သူက . . .

''ကိုင်း. . . ဆရာ့ကိုလည်း မေးခွန်းတစ်ခုလောက်ပြန်မေးဦးမယ်၊ ဟောဒီမှာ ဆရာနဲ့ဆုံရတာဟာ တကယ်ပဲ မတော်တဆဆုံတာလား၊ ကျွန်တော့်မိတ်ဆွေ မဖွားရှင်က ကျွန်တော့်ကိုစစ်ဆေးဖို့ တမင်ပင့်ဖိတ်ထားတာလားဆိုတာ သိစမ်းပါရစေ ဆရာရယ်''



သူ့စကားကြောင့် မဖွားရှင်၏မျက်နှာအမူအရာမှာ ရှက်ကိုးရှက်ကန်းဖြစ်သွား၏။ ဆရာဝန်ကတော့ တည်ငြိမ်စွာချောင်းဟန့်လိုက်ရင်း . . .

''အမှန်ပြောရရင်တော့ မဖွားရှင်က မောင့်ကျန်းမာရေးကို စိုးရိမ်လို့ ကျုပ်ကို တမင်ပင့်ဖိတ်ထားချေတာကပဲ၊ နို့ သူ့စကားအရ မောင်ကရော တစ်ညလုံး မအိပ်ဘဲနေတယ်ဆို ဟုတ်လား၊ အဲဒါ ကျန်းမာရေးကို ထိခိုက်တတ်သကွဲ့''

မောင်သုန်က ဆရာဝန့်စကားကို ဝန်ခံရတော့သည်။ နောက်ဆုံးတွင် သူက မဖွားရှင်တို့လင်မယား၏စေတနာကို အားလည်းနာကျေးဇူးလည်းတင်ရသဖြင့် နောက်နောင် ညဥ့်နက်သန်းခေါင်အထိ အလုပ်မလုပ်တော့ပါဟု ကတိပေးလိုက်ရတော့၏။

''ဒါနဲ့ မောင်ရင်ရယ်. . . စပ်စုတယ်လည်းမအောက်မေ့ပါနဲ့၊ အဲဒီအိမ်ကြီးမှာ ဘာတွေများ ထူးထူးခြားခြားကြုံရသေးသတုံး''

ဆရာဝန်ကမေးလာသဖြင့် သူက နှစ်ညတိုင်တိုင်ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်သည်။

ကြွက်ကြီးကို စာအုပ်ဖြင့် ပစ်ပေါက်လိုက်မိရာ ဒေါသတကြီးဖြင့် ခေါင်းလောင်းကြိုးအတိုင်း တက်ပြေးသွားသည့်အကြောင်း ပြောအပြတွင် မဖွားရှင်မှာ မျက်စိပျက်မျက်နှာပျက်ဖြစ်သွားလေ၏။

ဆရာဝန်ကတော့ အလေးအနက်ထားဟန်ဖြင့် . . .

''အဲဒီကြွက်ကြီးက အမြဲတမ်း ခေါင်းလောင်းကြိုးပေါ်ကနေပြီး

www.burmeseclassic.com

www.burmeseclassic.com



ပဲ ဆင်းလာတာလား''

''ဟုတ်တယ်ဆရာ၊ အမြဲတမ်းပဲ''

''အဲဒီကြိုးဟာ ဘယ်နေရာမှာသုံးတဲ့ကြိုးဆိုတာကိုတော့ မောင်ရင် သိမှာပေါ့၊ ဟုတ်စ''

''မသိဘူးဆရာ၊ အမိန့်ရှိပါဦး''

''အဲဒါ အကျဉ်းသားတွေကို ကွပ်မျက်ရာမှာ ကြိုးဆွဲချသတ် ခဲ့တဲ့ကြိုးပဲ မောင်ရဲ့၊ မြို့ပိုင်မင်း မစ္စတာစမစ်ဟာ အင်မတန် ရက် စက်ခက်ထန်ခဲ့တာကလား၊ သူ့လက်ထက်မှာ အဲဒီကြိုးနဲ့ သေခဲ့ တဲ့သူတွေ မနည်းဘူးပေါ့''

''တော်ပါတော့ဆရာရယ်၊ ကျွန်မဖြင့် အဲဒီအကြောင်းတွေ ကြားရတာ ရင်တွေထိတ်လွန်းလို့''

မဖွားရှင်က တုန်ယင်သောလေသံဖြင့် စကားစကိုဖြတ်၏ ဆရာဝန်က မောင်သုန်၏မျက်နှာကို စေ့စေ့ကြည့်ပြီး . . .

''ဒီမယ် . . . မောင်ရင်၊ ကျုပ်သတိပေးတာကို သေသေချာ ချာနားထောင်၊ ကနေ့ညဟာ သောကြာနေ့လည်းသောကြာနေ့၊ လ ကွယ်ညလည်းလကွယ်ညမဟုတ်လား၊ မစ္စတာစမစ်သေတုန်းကလည် သောကြာနေ့လကွယ်ညကြီးမှာ၊ အဲဒီတုန်းက ထူးထူးခြားခြား လေကြီ မိုးကြီးတွေတောင်ကျလို့ပေါ့''

''သူ . . . ဘယ်လိုသေသွားခဲ့တာလဲ ဆရာ''

''တခြားသူတွေကိုသတ်ခဲ့တဲ့ကြိုးနဲ့ပဲ သူ့လည်ပင်းမှာ တန် လန်းစွပ်ပြီးသေရတာပဲ၊ သူ့ကြောင့်သေခဲ့ရတဲ့လူတွေဟာလည်း မကျွတ် မလွတ်ဘဲ အခုထိ အဲဒီအိမ်ကြီးမှာ ရှိနေတုန်းပဲလို့ပြောကြတယ်



ကနေ့ည ထူးထူးခြားခြား တစ်ခုခုများဖြစ်လို့ကတော့ ခေါင်းလောင်း ကြိုးကို နာနာဆွဲပြီး အချက်ပေးလိုက်စမ်းပါ၊ ကျုပ်တို့ အမြန်ဆုံး ရောက်အောင်လာခဲ့မယ်၊ ကြားလား၊ မပေါ့နဲ့နော်၊ ဟောဒီက မဖွား ရှင်တို့လည်း သတိဝီရိယနဲ့ နားစွင့်ထားကြ''

''ဟုတ်ကဲ့ပါ ဆရာ''

မောင်သုန်က ဆရာဝန်စိတ်ကျေနပ်အောင် ခေါင်းညိတ် ကတိပေးလိုက်သည်။ သို့သော် ဘာမှ ထူးထူးခြားခြားဖြစ်လိမ့်မည် မဟုတ်ဟု စိတ်အေးလက်အေးပင် ယုံကြည်ထား၏။

ထို့နောက် သူတို့ကိုနှုတ်ဆက်ပြီး မြို့ပိုင်မင်း၏အိမ်အိုကြီး ဆီသို့ ပြန်ခဲ့လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အတိတ် (၈)

သူ အိမ်သို့ပြန်ရောက်သောအခါတွင်ကား အတော်ပင်အချိန် လင့်နေလေပြီ။ ထို့ကြောင့် ဒေါ်အုန်းမေကား ပြန်သွားနှင့်ပြီဖြစ်၏။ သူ့အတွက် ညစာကိုတော့ စားပွဲပေါ်တွင် ရှုးခပ်ပြင်ဆင်ပေးသွားခဲ့ သည်။

မီးဖိုပေါ်တွင်ကား ရေနွေးအိုးတစ်လုံး ကြိုထားလက်စတန်း လန်း။ ထင်းမီးများက အရှိန်အဟုန်ကောင်းစွာ တောက်လောင်နေ၏။

ညစာစားပြီးနောက် အလုပ်လုပ်ရန် မှတ်စုစာအုပ်ကိုယူပြီး စားပွဲပေါ်တွင်ထိုင်လိုက်သည်။ ထုံးစံအတိုင်း ကြွက်တွေ၏ပြေးလွှား ဆူညံသံတွေက သူနှင့် အသားကျနေပြီဖြစ်သောကြောင့် စိတ် အနှောင့်အယှက်မဖြစ်တော့။



တစ်နာရီခွဲခန့်ကြာအောင် ပုံကြမ်းများရေးခြစ်ပြီးသွားသော အခါ သူ့အာရုံကြောတွေ နွမ်းနယ်လာ၏။ ထို့ကြောင့် သူ စားပွဲမှ ခဏထရပ်လိုက်စဉ် အိမ်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်။ ထို့ နောက် ထူးထူးဆန်းဆန်းပင် လေပြင်းတိုက်သံများကြားရပြီး သိပ် မကြာလိုက်ခင်မှာ လေရောမိုးပါ သည်းထန်လာလေသည်။

အညာဒေသမှာ ဒီလောက်လေကြီးမိုးကြီးထန်သည်ဟု သူ တစ်ခါမှမကြားဖူး မကြုံဖူးချေ။ ယခုတော့ မှန်တိုင်းကျနေသည့်အလား ညကောင်းကင်တစ်ပြင်လုံး ဝင်းကနဲလင်းလက်သွားသည့် မိုးကြိုး လျှပ်စီးတို့နှင့်အတူ မြေပြင်သည် သိမ့်သိမ့်ခါနေလေတော့သည်။

လေပြင်းတိုက်ခတ်သောကြောင့် အိမ်ခေါင်မိုးအထက်တွင် ချိတ်ဆွဲထားသောခေါင်းလောင်းက လှုပ်ယမ်းနေပုံရသည်။ ထိုခေါင်း လောင်းနှင့်ဆက်ထားသော ထမင်းစားခန်းထဲရှိကြိုးစက မသိမသာ လှုပ်ခါနေသည်ကို မြင်ရ၏။

မောင်သုန်က အနီးသို့တိုးကပ်သွားပြီး ကြိုးကို သေသေ ချာချာကြည့်လိုက်သည်။ သူ့နားထဲတွင် ဆရာဝန်ပြောသောစကားကို ပြန်ကြားယောင်လာ၏။

'အဲဒါ အကျဉ်းသားတွေကို ကွပ်မျက်ရာမှာ ကြိုးဆွဲချသတ် ခဲ့တဲ့ကြိုးပဲ မောင်ရဲ့'

ထိုစဉ် သူကိုင်ကြည့်နေသော လက်ထဲမှကြိုးစသည် တင်း ခနဲဖြစ်သွားမှန်း ခံစားလိုက်ရသည်။ ဆူညံပြေးလွှားနေသော ကြွက် ကလေးများ၏အသံတွေလည်း ရုတ်ချည်းတိတ်ဆိတ်သွား၏။ တစ်စုံ တစ်ရာသည် ကြိုးအတိုင်း အောက်သို့ လျှောဆင်းလာနေပြီကို သူ

www.burmeseclassic.com

www.burmeseclassic.com



သိလိုက်၏။

သူ မော့ကြည့်လိုက်သည်။

''အား''

သူ့ဦးခေါင်းအထက်နားသာသာမှ ရှန်လိုမှန်းတီးသောမျက်လုံးများဖြင့် စိုက်ကြည့်နေသောကြွက်ကြီးကို မြင်လိုက်ရသဖြင့် ယောင်ယမ်းအော်ဟစ်ကာ ကြိုးစကိုလွှတ်ချပြီး နောက်သို့ ခုန်ဆုတ်လိုက်မိ၏။

ကြွက်ကြီးကလည်း သူ့အော်သံကြောင့် ကြိုးတစ်လျှောက်အပေါ်သို့ပြန်ပြေးတက်ကာ ပျောက်ကွယ်သွားသည်။ ထိုအခါမှပင် တခြားကြွက်ငယ်များ၏အသံတို့ ပြန်လည်ထွက်ပေါ်လာလေတော့သည်။

''ဩော်. . . ဟုတ်ပြီ၊ ဒီကြွက် ဘယ်မှာသွားသွားပုန်းနေသလဲဆိုတာ ငါ လိုက်ရှာကြည့်ရမယ်''

မောင်သုန်က ဒုတိယမီးအိမ်တစ်လုံးကို ထွန်းညှိလိုက်၏။ မနေ့ညတုန်းကတော့ ကြွက်သည် တတိယမြောက်ပန်းချီကား၏ အပေါ်က်အပြဲအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားသောကြောင့် သူမှတ်မိနေသည်။

ထို့ကြောင့် သူက ထိုပန်းချီကားကို သဲသဲကွဲကွဲမြင်ရဖို့အောင် မီးအိမ်ကို မြှောက်ပြီး အပေါ်သို့မော့ကြည့်လိုက်၏။

''ဟင်''

ကြောက်လန့်စိတ်ကြောင့် သူ့လက်ထဲမှမီးအိမ်ပင် လွှတ်ကျလုမတတ်ဖြစ်သွားသည်။



မြို့ပိုင်မင်း မစ္စတာစမစ်၏အလောင်းသည် လေထဲမှာ တွဲလောင်းကျနေရာမှ သူ့ကို မျက်လုံးတစ်ချက်လှန်ကြည့်ပြီး ရုတ်တရက် ချောက်ချားဖွယ်ရာ သွားအဖြဲသားပြုံးပြလိုက်လေသည်။

''အား''

သူ အော်ဟစ်လိုက်သည်။

■

www.burmeseclassic.com

## အတိတ် (ဆ)

သူက မျက်လုံးအစုံကို လက်ဖြင့်ပွတ်သပ်လျက် သေချာအောင် နောက်တစ်ကြိမ်ထပ်ကြည့်လိုက်ပြန်သည်။

မဟုတ်ပါ။

မည်သည့်အလောင်းကောင်မှ ရှိမနေပါ။

ဒီတစ်ခါတော့ နံရံတွင်ချိတ်ဆွဲထားသော ပန်းချီကားကိုသာ မီးအိမ်အလင်းရောင်ဖြင့် သဲသဲကွဲကွဲမြင်ရသည်။ ဒေါ်အုန်းမေက ဖုန်သုတ်သန့်စင်ပေးထားခဲ့သောကြောင့် ပန်းချီကားထဲမှရုပ်ပုံက ပီပြင်ထင်ရှားနေ၏။

မစ္စတာစမစ်၏ ရက်စက်ခက်ထန်သောစရိုက်က ပန်းချီကားထဲမှ မျက်နှာပေါ်၌ပင် ထင်းထင်းကြီးပေါ်လွင်နေသည်။ ပါးစပ်က



လည်း ပြုံးရယ်နေသည်နှင့်မတူဘဲ တစ်စုံတစ်ယောက်ကို သွားဖြဲပြကာ ခြောက်လှန့်နေသကဲ့သို့ ဖြစ်နေ၏။

ကနုတ်ပန်းအပြောက်အမွှန်းများ ထွင်းထုထားသည့် ကျွန်းကုလားထိုင်ကြီးပေါ်တွင် မစ္စတာစမစ်ထိုင်နေသည့်ပုံဖြစ်၏။ နေရာကလည်း မီးဖို၏လက်ယာဘက်ခပ်ကျကျမှာပင် ဖြစ်သည်။ ကုလားထိုင်အနောက်ဘက်တွင် တွဲလောင်းကျနေသည့်ခေါင်းလောင်းကြိုးကို ပန်းချီကားထဲမှာ ပီပီပြင်ပြင်တွေ့နေရလေသည်။

ထိုပန်းချီကားကိုကြည့်ရင်း သူ့ရင်ထဲ၌ အော်ဂလီဆန်သလို တစ်မျိုးကြီးခံစားလာရ၏။ စောစောကမြင်လိုက်ရသော ချောက်ချားဖွယ်ရာအမြင်အာရုံများမှုကြောင့်လည်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်၊

ငါ ဘာဖြစ်သွားတာပါလိမ့်။

ငါ. . . ငါ အိပ်ရေးတွေအပျက်များပြီး ကယောင်ကတမ်းတွေ မြင်မိနေတယ်ထင်ပါရဲ့၊ မဖြစ်ဘူး. . . မဖြစ်ဘူး. . . သတိထားမှ၊ သူက စိတ်ကိုအတတ်နိုင်ဆုံး တည်ငြိမ်အောင်ထိန်းရင်း အလုပ်စားပွဲရှိရာဆီသို့ ပြန်လာပြီး ထိုင်ချလိုက်သည်။

ထို့နောက် မျက်လုံးအစုံကိုမှိတ်ထားပြီး စားပွဲပေါ် မျက်နှာမှောက်အပ်ကာ ငြိမ်သက်နေလိုက်သည်။

သို့သော် သူ့စိတ်နှလုံးက ငြိမ်သက်မနေ။ သွက်သွက်ခါ ယမ်းနေသည်။ လေးလံချောက်ချားနေသည်။

သူ့နားထဲတွင် လူတွေအများကြီး အော်ဟစ်ညည်းတွားနေသံများကို ကြားနေသလိုလို ခံစားရသည်။

``ပြေး. . . ပြေး အသက်မသေချင်ရင် ဒီနေရာကနေ အပြန်

www.burmeseclassic.com

www.burmeseclassic.com



ပြေးတော့''

''ငါတို့ကိုကယ်ပါ၊ ငါတို့အားလုံးကို ဒီဘဝကနေလွတ်မြောက်အောင် ကယ်ပါ''

သူ ဆတ်ခနဲခေါင်းထောင်ပြီး နံဘေးဝဲယာကို လှည့်ကြည့်လိုက်၏။ နံရံအပေါက်များကြားမှ သူ့ကိုချောင်းကြည့်နေကြသော ကြွက်များ၏မျက်လုံးတွေကို သူ မြင်ရသည်။

ထိုမျက်လုံးတွေက သနားစရာကောင်းသော လူတွေ၏မျက်လုံးတွေနှင့် ပို၍တူနေသလိုမျိုး ခံစားရလေသည်။

''မဟုတ်ဘူး. . . မဟုတ်ဘူး၊ ငါ ဘာတွေမြင်နေမိပါလိမ့်''

ကယောင်ကတမ်းဖြစ်မှုက ပို၍ဆိုးဝါးလာသည်။ တကယ်ဖြစ်နေသည်ဟုပင် သူ့စိတ်ထဲက အလိုလို လက်ခံနေမိ၏။ ထိုစဉ်အသံတစ်သံက . . .

''ခေါင်းလောင်းကြိုးကိုအမြန်ဆွဲလိုက်၊ လူတွေကို အကူအညီတောင်းတော့လေ၊ ဒုက္ခရောက်တော့မယ်''

သတိပေးသံလိုလို ကြားရတော့မှပင် ခေါင်းလောင်းကြိုးကို ဆွဲရန် သူ ဖျတ်ခနဲသတိရသည်။

ခေါင်းလောင်းကြိုးကို သူ လှမ်းကြည့်လိုက်သည်။ ခေါင်းလောင်းကြိုးပေါ်တွင်ကား မိစ္ဆာသရဲစီးနေသောကြွက်ကြီးက ရောက်နှင့်နေလေပြီ။

မိစ္ဆာကြွက်ကြီးက ခေါင်းလောင်းကြိုးကို ကိုက်ဖြတ်နေသည်။

''ကျွီ. . . ကျွီ''

ကြွက် ကိုက်ဖြတ်နေသည့်နေရာမှာ သူ့အရပ်နှင့်လက်လှမ်းမမီသော မျက်နှာကြက်နားကပ်လျက်နေရာမှ ဖြစ်သည်။ အဲသည်နေရာမှ ကြိုးပြတ်သွားလျှင် သူ ဘယ်လိုမှ လှမ်းဆွဲ၍မီမည်မဟုတ်တော့။



သူ ထိုင်ခုံမှဂုန်းကနဲထပြီး . . .

''ဟေ့. . . ဟေ့. . . မလုပ်နဲ့. . . မလုပ်. . .''

နောက်ကျသွားပေပြီ၊ သူ့စကားမဆုံးမီမှာပင် ကြိုးကပြတ်ကာ ကြမ်းပြင်ပေါ်သို့ အခွေလိုက် ဘုတ်ကနဲကျလာ၏။

သူ့ရင်ထဲမှာ ဟာကနဲဖြစ်သွားသည်။

တခြားသူတွေကို အကူအညီတောင်းလို့မရနိုင်တော့။

သူ့စိတ်ထဲတွင် နာကျည်းခါးသီးစွာဖြင့် မစ္ဆတာစမစ်၏ပုံတူပန်းချီကားကို လှမ်းကြည့်လိုက်သည်။

''ဟင်''

ပန်းချီကားထဲတွင် မစ္စတာစမစ်ရှိမနေတော့။ မီးဖိုဘေးရှိ ကျွန်းသားကုလားထိုင်ကြီးနှင့် တွဲလောင်းကျနေသော ခေါင်းလောင်းကြိုးကိုသာ ထင်ထင်ရှားရှားမြင်နေရသည်။

မစ္စတာစမစ်ကတော့ ပန်းချီကားထဲတွင်မရှိတော့ချေ။

သူ အထိတ်တလန့်ဖြင့် မျက်လုံးကိုပိတ်လိုက်မိပြန်သည်။ သေချာသည်။ အိပ်ရေးပျက်ပါများလွန်းသောကြောင့် ကယောင်ကတမ်းတွေ မြင်နေတာပဲဖြစ်မည်။

ထိုစဉ် သစ်သားနဲ့ တစ်စုံတစ်ရာတိုက်မိသလိုအသံမျိုး နားထဲ၌ သဲ့သဲ့ကြားလိုက်ရလေသလား မပြောတတ်။

သူ အလန့်တကြားဖြင့် မျက်လုံးကိုဖွင့်ပြီး မီးဖိုဘေးရှိ ကျွန်း

www.burmeseclassic.com

www.burmeseclassic.com

သားကုလားထိုင်ကြီးဆီသို့ လှမ်းကြည့်လိုက်၏။

မစ္စတာစမစ်ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

''အား''

သူ အထိတ်တလန့် အော်ဟစ်လိုက်သည်။

မစ္စတာစမစ်ကတော့ မိစ္ဆာဆန်သောသွားကြီးများကို ဖြကာ ကြောက်မက်ဖွယ်ရာပြုံးပြလေသည်။

ဝိညာဉ်ဆန်သော သွေးဆုတ်ဖြူရော်မှုဖြင့် မစ္စတာစမစ်၏မျက်နှာသည် အကျည်းတန်နေ၏။ နောက်ပြီး လည်ပင်းပေါ်တွင် တင်းကြပ်သောကြိုးတစ်ချောင်းဖြင့် တုပ်နှောင်ဖျစ်ညှစ်ခံထားခဲ့ရပုံမျိုး အရေပြားပွန်းပဲ့ကာ အသားထဲမြုပ်ဝင်နေသည့် ကြိုးရာထင်းထင်းကြီးကို မြင်ရသည်။

တကယ်တော့ ဒါဟာ ကြိုးဆွဲချသေတဲ့အလောင်းတစ်ကောင်ပါဘဲ။

သူ ပါးစပ်အဟောင်းသားဖြင့် ကြက်သေသေကာ ကြည့်နေမိစဉ်မှာပင် မစ္စတာစမစ်က ကြမ်းပြင်ပေါ်သို့ပြုတ်ကျနေသော ကြိုးကို ကောက်ယူလိုက်သည်။

ထို့နောက် . . .

''ဟောဒီကြိုးက မင်းကိုစောင့်နေတာကြာပြီ၊ လာလေ. . . ရော့. . . ယူပါ''

သူ့အသည်းထဲတွင် စိမ့်ကနဲအေးသွားသည်။

ကြိုး. . . ကြိုး။ အဲ့ဒီကြိုးနဲ့ ငါ့လည်ပင်းကိုငါ ရစ်ပတ်ရမှာလား။ သူ့စိတ်တွေ ဝိုးတိုးဝါးတားဖြစ်လာသည်။ အိပ်မက်မက်နေ



သလိုလို ရှိဝေနေသလိုလို။

မစ္စတာစမစ်က ကြိုးကိုလှမ်းပေးနေသည်။ ကြိုးက တွန့်လိမ်ခွေခေါက်လျက်။ ဒီကြိုးက ငါ့အတွက်တဲ့လား။

သူက ရှေ့သို့ခြေတစ်လှမ်းတိုး၍ ကြိုးကိုယူရန် လက်လှမ်းလိုက်သည်။ သူ့တစ်ကိုယ်လုံး အေးစက်သွား၏။

ထိုအချိန်တွင် နံရံနောက်ကွယ်တွင်ပုန်းအောင်းနေကြသော ကြွက်များသည် မျက်နှာကြက်အနီးတွင် ကပ်ပြီးပြတ်ကျန်နေသော ခေါင်းလောင်းကြိုးအပိုင်းအစပေါ်သို့ တစ်ကောင်ပြီးတစ်ကောင် အလုအယက် တွယ်တက်နေကြသည်။

ကြွက်တို့၏အလေးချိန်ကြောင့် ကြိုးသည် ဖြည်းဖြည်းချင်း လှုပ်ယမ်းရာမှ အရှိန်ရလာကာ ခေါင်မိုးအထက်ဆီမှ ခေါင်းလောင်းသံ ပေါ်ထွက်လာလေတော့သည်။

''ဒေါင်. . . ဒေါင်. . . ဒေါင်''

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးဦးရှိန်ကတော့ စိတ်ကစဥ့်ကလျားဖြစ်သော ဝေဒနာကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ကောက်ချက်ချသည်။

သို့သော် ခေါင်းလောင်းကြိုးကို ဘယ်သူဆွဲသလဲဟူသည့် အချက်ကိုတော့ မည်သူမှ မဖြေရှင်းနိုင်ကြချေ။

■

## အတိတ် (၉)

မိုးလေငြိမ်သက်ကာစ အမှောင်ထုကိုဖြတ်သန်းလွင့်ပျံလာသော ခေါင်းလောင်းသံကြောင့် ဆရာဝန်ကြီးဦးရှိန်၊ မဖွားရှင်တို့ လင်မယားနှင့် အခြားသူများသည် မြို့ပိုင်မင်း၏အိမ်သို့ အပြေးအလွှား ရောက်လာကြတော့သည်။

သို့ရာတွင် သူတို့ နောက်ကျသွားလေပြီ။

ကြမ်းပြင်ပေါ်လဲပြိုကျနေသော ကျွန်းသားကုလားထိုင်ကြီးနှင့် ပန်းချီဆရာ၏အလောင်းကိုသာ တွေ့ရတော့သည်။

ပန်းချီဆရာ၏အလောင်းကို ပွေ့ပြီး အောက်သို့ချလိုက်သောအခါ လည်ပင်းတွင် အရေပြားပွန်းပဲ့ပြီး အသားထဲထိနစ်မြုပ်နေသည့် ကြိုးရာက ထင်ထင်ရှားရှား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အခု ကျွန်တော့်ဗီရိုပေါ်တွင်ရှိနေသောစာအုပ်သည် သေဆုံးသွားသော ပန်းချီဆရာ၏ မှတ်စုစာအုပ်ဖြစ်၏။

ကျွန်တော်က ကျော်ဇင်ဦးကို အိမ်အပြင်ထိလိုက်ပို့ရင်း စာအုပ်အကြောင်းကို အမျှင်မပြတ်တွေးနေမိသည်။ ဝယ်လာပြီးကတည်းက အဲသည်စာအုပ်ကို တစ်ကြိမ်မှ လှန်လှောမကြည့်ရသေးချေ။ ဒီနေ့ ညစာ စားပြီးရင်တော့ အေးအေးဆေးဆေး ဖတ်ကြည့်ဦးမှပါပဲဟု ကျွန်တော်တွေးလိုက်သည်။

သို့သော် ကံကြမ္မာက ကျွန်တော့်ကို မျက်နှာသာမပေးပါ။ ညစာစားပြီး၍ အပေါ်ထပ်ရှိ ကျွန်တော့်အခန်းဆီသို့တက်ရန် ခြေလှမ်းပြင်လိုက်စဉ် ဖေဖေက နောက်မှလှမ်းခေါ်လိုက်သည်။



''ဟော့ကောင်. . . ဖိုးဇော်''

''ဗျာ. . . ဖေဖေ''

''ညနေတုန်းက မင်းဆရာဦးစိုးကြည်နဲ့ ငါတွေ့ခဲ့သေးတယ်၊ မင်း အတန်းထဲမှာ တော်တော်ညံ့တယ်လို့ ငါ့ကိုတိုင်လိုက်တယ်''

ကျွန်တော်စိတ်ညစ်သွားသည်။ ကျွန်တော်တို့တက္ကသိုလ်၏ သင်္ချာဌာနမှူးဦးစိုးကြည်သည် ဖေဖေ့ငယ်သူငယ်ချင်းဖြစ်၏။ သူတို့နှစ်ယောက်ကလည်း တစ်လလျှင်တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်လောက် ဆုံမိနေကြ။

ခက်သည်က ကျွန်တော်က သင်္ချာဘာသာကိုစိတ်မဝင်စား။ ပျင်းလည်းပျင်းသည်၊ ညံ့လည်းညံ့သည်။ ဖေဖေကလည်း ဘာကြောင့်များ သင်္ချာဆရာနှင့်မှ သူငယ်ချင်းဖြစ်ရပါလိမ့်။ တကယ်ဆိုလျှင် လောကမှာ ခင်မင်နှစ်လိုဖွယ်ရာလူတွေ အများကြီးရှိသည်မဟုတ်လား။

''ဟော့ကောင်. . . ငါပြောနေတာကြားလား၊ ရှင်းစမ်းပါဦး၊ ဒီအရွယ်ကြီးအထိ ကျောင်းစာလုပ်ဖို့ကို မိဘက သတိပေးနေရတယ်ဆိုရင်တော့ မဟုတ်သေးဘူးဖိုးဇော်၊ မင်းအချိုးတွေပြင်နော်၊ တစ်နေ့တစ်နေ့ ဘာမဟုတ်တဲ့ပစ္စည်းအဟောင်းအမြင်းတွေနဲ့ဘဲ အရှုးထမနေနဲ့''

''ဒါက ဒီလိုရှိပါတယ်ဖေဖေ''

''တိတ်စမ်း. . . ဖိုးဇော်၊ ဘာမှဆင်ခြေပေးမနေနဲ့။ စာမေးပွဲကျလို့ကတော့ မင်းရှေးဟောင်းပစ္စည်းတွေ အကုန်လုံးကို မီးရှို့ပစ်ပြီသာမှတ်''

ကျွန်တော်က ခေါင်းကိုငုံ့ရင်း ငြိမ်ငြိမ်ကလေးနားထောင်နေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဖေဖေက သူစိတ်ဆိုးလာတိုင်း အဲသည်လို မကြာခဏ ပြောတတ်၏။ သို့ရာတွင် သူပြောသည့်အတိုင်း တကယ်တော့မလုပ်ပါ။

အကောင်းဆုံးမှာ သူစိတ်တိုနေချိန်တွင် အတိုက်အခံမလုပ်ဘဲ ငြိမ်ငြိမ်ကလေးနေပြလိုက်ဖို့ပင် ဖြစ်သည်။

ကျွန်တော်က အလွန်ရိုကျိုးသည့် သားလိမ္မာလေးတစ်ယောက်၏ပုံမျိုးဖြင့် ဖေဖေ့ရှေ့မှခေါင်းငုံ့ဖြတ်သန်းကာ လှေကားပေါ်သို့ တက်လာခဲ့သည်။ ထို့နောက် အခန်းထဲသို့ဝင်ပြီး စာကြည့်စားပွဲတွင် ထိုင်လိုက်၏။

သချင်္ချာကျူတိုရီယယ်စာအုပ်ကို ရှေ့မှာချထားရသော်လည်း ကျွန်တော့်စိတ်က ဖြောင့်ဖြောင့်တန်းတန်းမရှိ။ ကျွန်တော့်မျက်လုံးတွေက နှစ်မိနစ်တစ်ခါလောက် ဗီရိုပေါ်ရှိ မှတ်စုစာအုပ်ဆီသို့ ရောက်ရောက်နေလေသည်။

``ဟင်း``

ကျွန်တော် သက်ပြင်းချလိုက်သည်။ ဒီပုံစံအတိုင်းဆို မလွယ်တော့။ ကျွန်တော်က အောက်ထပ်မှတက်လာသော ဖေဖေ့ခြေသံကို ကြားရမလားဟု နားစွင့်လိုက်သည်။ ဘာသံမှမကြားရ။

စိတ်ချရပြီဆိုသောအခါတွင်မှ ဗီရိုပေါ်ကမှတ်စုစာအုပ်ကိုယူပြီး စားပွဲတွင်ပြန်ထိုင်လိုက်သည်။ ထိုစဉ် ကျွန်တော့်အခန်းတံခါးက ဗြုန်းကနဲပွင့်သွားလေသည်။ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။ ဖေဖေပဲ လန့်ပြီးအော်မိမတတ် ဖြစ်သွားသည်။

သို့သော် ဖေဖေမဟုတ်ပါ။ ကျွန်တော့်ညီမလေး မဥ္ဇူဖြစ်



သည်။ ဒီကောင်မလေးက စပ်စပ်စုစုနိုင်သလောက် အတိုင်အတောလည်းတူသည်။ အရွယ်နှင့်မမျှအောင် လူရည်လည်ပြီး ကျွန်တော့်ကို ဖေဖေနှင့် အမြဲတမ်း အတို့အထောင်လုပ်နေကျဖြစ်၏။

အခုလည်း ခြေသံမကြားရအောင် ကျွန်တော့်ကို တိတ်တဆိတ် လာချောင်းတာဖြစ်မည်။ သူမက . . .

``ကိုကိုနော် စာမကျက်ဘဲ ဘာတွေလုပ်နေတာလဲ၊ ဖေဖေနဲ့ သွားတိုင်လိုက်ရမလား``

``ဟ. . . ငါဘာလုပ်လို့လဲ၊ ဒီမှာ သချာင်္တွက်နေတာ နင်မမြင်ဘူးလား``

ကျွန်တော်က သချင်္ချာကျူတိုရီယယ်စာအုပ်ကို ကမန်းကတမ်း လှန်ရင်းပြောလိုက်၏။ ကျွန်တော့်အမူအရာက နည်းနည်းတော့ ပျက်နေမှာသေချာသည်။

မဥ္ဇူက. . .

``အောင်မာ. . . ညီမလေးတော့မယုံပေါင်၊ ဒါပဲနော်. . . စာမကျက်လို့ကတော့ ဖေဖေနဲ့သွားတိုင်ပြီးသားပဲ``

ဟုပြောကာ အခန်းထဲမှ မြောက်ကြွမြောက်ကြွဖြင့် ပြန်ထွက်သွား၏။

ဒီကောင်မလေး ဝေးဝေးသို့သွားမည်မဟုတ်ပါ။ ကျွန်တော့်အခန်းတံခါးဝနားမှာပင် ရစ်သီရစ်သီလုပ်နေမည်မှာ သေချာပါသည်။

ဘာမှမတတ်နိုင်တော့။ သချင်္ချာကျူတိုရီယယ်တွေကိုသာ စိတ်မပါဘဲ တစ်ပုဒ်ပြီးတစ်ပုဒ် ထိုင်တွက်နေရတော့သည်။

ဒီလိုနှင့် ညသန်းခေါင်နီးသောအခါ ကျွန်တော် အိပ်ငိုက်လာပြီ

www.burmeseclassic.com

www.burmeseclassic.com



လာ၏။ တစ်အိမ်လုံးလည်း အိပ်မောကျနေလောက်ပြီထင်သည်။

ထိုအခါတွင်မှ အိပ်ရာမဝင်ခင်ကလေးမှာ ပန်းချီဆရာ၏ မှတ်စုစာအုပ်ကို နည်းနည်းပါးပါးတော့ လှန်လှောကြည့်လိုက်ဦးမည် ဟု စိတ်ကူးပြီး ကုတင်ခေါင်းရင်းကမီးကို ဖွင့်လိုက်သည်။

ထို့နောက် စာအုပ်ကိုကိုင်ကာ ခေါင်းအုံးပေါ်သို့ ကျွန်တော် လှဲချလိုက်၏။

ပထမဆုံးစာမျက်နှာကို လှန်ကြည့်လိုက်သည်။ ပုံဆွဲခဲတံဖြင့် ခပ်သွက်သွက်ရေးခြစ်ထားသော အိမ်အိုကြီးတစ်လုံး၏ပုံကို တွေ့မြင်ရ၏။

ရှေးဟောင်းအိမ်ပုံစံကြီးဖြစ်ပြီး အောက်ထပ်ကို အင်္ဂတေဖြင့် ပြုလုပ်ထားကာ အပေါ်ထပ်ကတော့ သစ်သားဖြင့်ဆောက်ထားသည့် အဆောက်အအုံဖြစ်သည်ကို တွေ့ရ၏။

အိမ်တံစက်မြိတ်အမိုးရှိ ကနုတ်ပန်းများ၊ ခိုနန်းချိုးများနှင့် အတူ ရုပ်လုံးရုပ်ကြွများဖော်ထားသည့် တံခါးမကြီးများကိုပါ ပီပီပြင်ပြင်ရေးဆွဲထားသည်ကိုပါ သတိထားမိ၏။

အိမ်ကြီးက ကြီးမားခန့်ငြားသလောက် ပြတင်းပေါက်များက ကျဉ်းမြောင်းလှပေရာ ကြည့်ရင်းကြည့်ရင်းနှင့် အသက်ရှူမဝသလို ခံစားလာရသည်။

ကျွန်တော်က နောက်စာတစ်မျက်နှာကို ထပ်လှန်လိုက်ပြန်သည်။ အဲသည့်စာမျက်နှာမှာတော့ အိမ်အဝင်လှေကားထစ်ကြီးများ၏ အနီးကပ်ပုံကို ရေးဆွဲထားသည်။ ရှေးဟောင်းအုတ်များဖြင့် ပြုလုပ်ထားသောကြောင့်လားမပြောတတ်၊ လှေကားတစ်ထစ်ချင်းစီသည် ဖျက်ကျယ်ဝန်းပြီး ခပ်နိမ့်နိမ့်သာရှိသည်ကို တွေ့ရသည်။



လှေကားဘေးတစ်ဖက်တစ်ချက်ရှိ အုတ်လက်ရန်းများတွင် ခြေလေးချောင်းနှင့် ငှက်ပုံသဏ္ဌာန်ရှိသော အမျိုးအမည်မသိသည့် သတ္တဝါတို့၏ပုံများကို ထွင်းထုထား၏။ လှေကားအပေါ်ဘက်ဆုံးတွင်တော့ ပန်းပုလက်ရာများဖြင့် ထွင်းထုထားသည့် ရောမသစ်သား တံခါးချပ်ကြီးနှစ်ချပ် ရှိသည်။

သစ်သားတံခါးတစ်ချပ်မှာ ခပ်ဟဟပွင့်နေ၏။ အတွင်းတွင်ကား လူပုံသဏ္ဌာန်လိုလို အရိပ်တစ်ခု။

သိပ်တော့ စိတ်ဝင်စားစရာမကောင်းလှချေ။ ပုံတွေကိုကြည့်ရင်းမှပင် ကျွန်တော့်မျက်ခွံတွေက လေးလံငိုက်မြည်းလာကြ၏။ ထို့ကြောင့် စာအုပ်ကို ခေါင်းအုံးနံဘေးမှာချပြီး ခပ်စောင်းစောင်းအိပ်လိုက်သည်။ ခေါင်းအုံးနှင့်ခေါင်း ထိမိသည်နှင့်တစ်ပြိုင်နက် ကျွန်တော် အိပ်ပျော်သွားလေသည်။

●

နောက်ရှစ်ရက်ခန့်အကြာတွင် ကျွန်တော်က ကျောင်းကန်တင်းလက်ဘက်ရည်ဆိုင်တွင်ထိုင်ရင်း ကျော်ဇင်ဦးရောက်အလာကို စောင့်မျှော်နေမိသည်။

အတန်းတက်ရန် ဆယ့်ငါးမိနစ်ခန့်အလိုကျမှ သူက သုတ်သီးသုတ်ပြာဖြင့်ရောက်လာ၏။ ကျွန်တော်က သူ့အတွက် လက်ဘက်ရည်တစ်ခွက် မှာပေးလိုက်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



''ဟေ့ကောင် . . . ကျော်ဇင်ဦး၊ ဒီနေ့ အတန်းထဲမှာ လူစစ်ရင် ငါ့ခုံနံပါတ်ခေါ်တဲ့အခါ ငါ့ကိုယ်စား မင်းပဲထူးထားပေးစမ်းပါ။ ငါ အတန်းလစ်မလို့ကွ''

''ဟာ . . . သေလိုက်ပါတော့ကွာ၊ ငါလည်း ကျောင်းလစ်မလို့ကွ၊ ငါ့ခုံနံပါတ်ခေါ်ရင် မင်းကိုထူးခိုင်းမယ်လို့ စိတ်ကူးထားတာ''

ကျော်ဇင်ဦးက စိတ်ပျက်လက်ပျက်ညည်းတွားရင်း အကြံချင်းတူနေသည့်အတွက် ပြိုင်တူပြုံးမိကြလေသည်။ ထို့နောက် သူက ပင် . . .

''နေစမ်းပါဦး၊ မင်းက ဘယ်လစ်မလို့လဲ၊ ကိစ္စက အရေးကြီးလို့လား''

ကျွန်တော်က ပြောရမှာရှက်လည်းရှက်သည်။ မပြောလျှင်လည်းမပြီးသဖြင့် အင်္ကျီလက်ရှည်ကို တံတောင်ဆစ်အထက်သို့ ပင့်တင်ကာပြလိုက်ပြီး . . .

''ဒီမှာတွေ့လား၊ ငါ့တံတောင်ဆစ်အပေါ်နားမှာ ပွေးလိုလို ညှင်းလိုလို အကွက်ကလေးတစ်ကွက်ပေါ်နေတယ်ကွ၊ အဲဒါ အရေပြားဆရာဝန်နဲ့ သွားပြမလို့၊ ဒီနေ့ရက်ချိန်းယူထားတာ''

''အေးလေ . . . ဒါဆိုလည်းမင်းပဲသွားပါ၊ မင်းခုံနံပါတ်ကို ငါပဲ ထူးပေးထားလိုက်ပါ့မယ်''

''ကျေးဇူးပဲကွာ၊ ဩော် . . . ဟေ့ကောင် ငါ့အနာအကြောင်း တစ်တန်းလုံးသိအောင် လျှောက်ဖွမနေနဲ့ဦး''

ကျွန်တော်က သူ့ကို စိတ်မချစွာ နှုတ်ပိတ်ရသေး၏။ ကျော်ဇင်ဦးက . . .



''အေးပါကွာ၊ စိတ်ဖြောင့်ဖြောင့်သွားစမ်းပါ၊ ဒါနဲ့ မနက်ဖြန် စနေနေ့ဆိုတော့ ကျောင်းပိတ်တာပဲ၊ မင်း ငါ့အိမ်ကိုလာခဲ့ပါလား''

''ဟမ် . . . ဘာလုပ်ဖို့လဲ''

''ငါ စုထားတဲ့ရာဘာတံဆိပ်တုံးလေးတွေပြမလို့''

သူ့စကားကြောင့် ကျွန်တော်မျက်နှာရှုံ့မဲ့သွား၏။ တော်တော်ကြောင်တဲ့ကောင်ပဲ၊ သူ အတည်ပြောနေတာလား၊ နောက်ပြောင်နေတာလား ခွဲခြားမရ၊ ထို့ကြောင့် ကျွန်တော်က . . .

''ထားလိုက်စမ်းပါကွာ''

ဟုသာပြောပြီး ဘတ်စ်ကားမှတ်တိုင်ဆီသို့ ခပ်သုတ်သုတ် ထွက်လာခဲ့တော့၏။

သူက ရာဘာတံဆိပ်တုံးအကြောင်းပြောလိုက်ကာမှ ကျွန်တော့်စိတ်က ရှေးဟောင်းပစ္စည်းဆိုင်ကို ပြေးပြီးသတိရလိုက်၏။ အဲသည်ဆိုင်ကလည်း ယခု ကျွန်တော်သွားရမည့်လမ်းပေါ်မှာ ရှိသည်။

ကျွန်တော်တို့မြို့သည် ရန်ကုန်လောက် မန္တလေးလောက် မကြီးသော်လည်း ဧရိယာအားဖြင့် တော်တော်ကျယ်ပြန့်၏။ အဓိကကားလမ်းမကြီးသုံးလမ်းအပြိုင်ရှိပြီး လမ်းသွယ်ကလေးများဖြင့် ရှုပ်ထွေးနေသည်။

ထပ်မံခွဲထွင်ထားသော မြို့သစ်ဘက်ဆိုလျှင် ကျွန်တော်ပင် ကောင်းကောင်းမရောက်ဖူးချေ။ အဲသည်ဘက်မှာလည်း ရပ်ကွက်ပေါင်း ခုနစ်ခုရှစ်ခုခန့် ရှိလိမ့်ဦးမည်ထင်သည်။

ကျွန်တော်တွေးနေစဉ်မှာပင် ဘတ်စ်ကားတစ်စီးထိုးစိုက်လာ၏။ သိပ်ချောင်ချောင်ချိချိမဟုတ်သော်လည်း စောင့်ဆိုင်းနေဖို့အချိန်

www.burmeseclassic.com

www.burmeseclassic.com



မရှိသောကြောင့် ကျွန်တော်က ကားပေါ်သို့တိုးတက်လိုက်သည်။

ထိုခြေလှမ်းများသည်ပင်လျှင် ကျွန်တော့်ကို ချောက်ချားတုန်လှုပ်ဖွယ်ခရီးတစ်ခုဆီသို့ ခေါ်သွားလိမ့်မည်မှန်း ကျွန်တော်မသိခဲ့ပါချေ။

## အခန်း (၄)

ကံ့အားလျော်စွာပင် နှစ်မှတ်တိုင်ခန့်စီးပြီးနောက် ကားပေါ်မှ လူအတော်များများ ဆင်းသွားကြသည်။ ထိုင်ခုံများပင် ခုနစ်နေရာ ရှစ်နေရာခန့် လစ်လပ်သွား၏။

ပြတင်းပေါက်နားတွင် ကျွန်တော်ထိုင်စရာတစ်နေရာရလိုက်သည်။ ကျွန်တော့်ဘေးခုံမှာတော့ ခပ်ငယ်ငယ်မိန်းကလေးတစ်ယောက်လာထိုင်၏။

ကျွန်တော်က ပြတင်းပေါက်အပြင်သို့ ငေးကြည့်ရင်း ဟိုဟိုသည်သည်စဉ်းစားကာ လိုက်ပါလာခဲ့သည်။ ရှေ့နားဆိုလျှင် ကျွန်ုပ်တော်ဝယ်နေကျ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်သို့ ရောက်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် . . .

"ရှင်က မြို့သစ်ကိုသွားမှာလားဟင်"

ကျွန်တော့်နံဘေးရှိ မိန်းမပျို၏အမေးစကားကြောင့် ကျွန်တော်လှည့်ကြည့်မိ၏။

ထိုမိန်းကလေးက အဖြူရောင်ဂျင်းဂျာကင်တစ်ထည်ကို ဝတ်ဆင်ထားသည်။ ဦးထုပ်၊ လည်စီးနှင့် စကတ်တို့က အနီရောင်တောက်တောက်ဖြစ်သောကြောင့် ဖြူဖွေးသော သူမ၏အသားအရေနှင့် လိုက်ဖက်နေ၏။

သူမ၏ရုပ်ရည်က သိပ်အချောအလှကြီးမဟုတ်သော်လည်း မေးရိုးသွယ်သွယ်၊ နှာတံပေါ်ပေါ်နှင့်ဖြစ်သောကြောင့် ကြည့်ပျော်ရှုပျော်ရှိ၏။ သို့သော် သူမ၏မျက်ကွင်းများက အနည်းငယ်ညိုမည်းနေပြီး မျက်လုံးအရောင်အဆင်း မှေးမှိန်နေခြင်းက သူမ၏အလှကို ဖျက်နေသကဲ့သို့ဖြစ်နေ၏။

ကျွန်တော်က . . .

"မဟုတ်ဘူးဗျ၊ ကျွန်တော်က ကျွန်းတောရပ်ကွက်အထိပဲ။ ဒီကညီမက မြို့သစ်အထိသွားမှာလား"

"ဟုတ်ကဲ့"

"ညီမနာမည်က ဘယ်လိုခေါ်သလဲ"

ဘာရယ်ကြောင့်မှန်းမသိ၊ ကျွန်တော်က နှုတ်သွက်လျှာသွက်ဖြင့် မိတ်ဖွဲ့လိုက်မိ၏။ သို့သော် သူမက စိတ်အနှောင့်အယှက်ဖြစ်ပုံမရဘဲ ကြည်ကြည်လင်လင်ပြန်ဖြေသည်။

"ညီမနာမည်က သဉ္ဇာနွယ်ပါ၊ အစ်ကို့နာမည်ကရော ဘယ်လိုခေါ်သလဲ"



"ကိုယ့်နာမည်က ပိုးဟပ်တဲ့"

မိန်းမပျိုက မျက်လုံးအဝိုင်းသားဖြစ်သွား၏။ သူမက အံ့သြဟန်ဖြင့် . . .

"ဟင် . . . ကြဲကြဲဖန်ဖန်၊ အစ်ကိုကလည်း ဟုတ်လို့လား"

ကျွန်တော်က အသံထွက်အောင်ပင် ရယ်မောလိုက်ပြီး . . .

"အဲ့ဒါ ကိုယ့်သူငယ်ချင်းတွေက ခေါ်ကြတဲ့နာမည်လေ၊ ကိုယ်က ပစ္စည်းအဟောင်းအမြင်းတွေကြားထဲမှာပဲ တွယ်ကပ်နေလို့တဲ့၊ အဲ . . . ဟုတ်တော့လည်းဟုတ်တယ်၊ ကိုယ်က ရှေးဟောင်းပစ္စည်းတွေစုရတာ ဝါသနာပါတယ်၊ ကိုယ့်နာမည်အရင်းက ဇော်မင်းခင်တဲ့၊ ကိုဇော်လို့ပဲခေါ်ပေါ့"

"ဟုတ်ကဲ့"

အချိန်အနည်းငယ်အတွင်းမှာပင် ကျွန်တော်တို့နှစ်ဦးသား ရင်းနှီးသွားကြ၏။ ဘာကြောင့်မှန်းမသိ၊ ဒီမိန်းကလေးကို မရိုးသားတဲ့စိတ်နဲ့ ငါသဘောကျတာမဟုတ်ပါဘူးဟု ကိုယ့်ကိုယ်ကို ပြန်သတိပေးနေမိ၏။

မိန်းမပျိုလေးက ကျွန်တော့်ကိုကျော်ကာ ပြတင်းပေါက်အပြင်ဘက်သို့လှမ်းကြည့်၏။ မီးပွိုင့်တွင်မီးနီနေသောကြောင့် ဘတ်စ်ကားက မရွေ့လျားဘဲရပ်နေသည်။ ကျွန်တော်တို့နှစ်ယောက် အပြန်အလှန်စကားပြောနေကြသည်ကိုပင် စပယ်ယာက အထူးအဆန်းကိစ္စတစ်ခုလို ပြူးတူးကြောင်တောင်ကြည့်နေ၏။ ကျွန်တော်တို့ နောက်ဘက်ထိုင်ခုံမှ ကလေးငိုသံ မိခင်ဖြစ်သူ၏ချော့သံတို့ကို ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏအတွင်းမှာပင် စပယ်ယာဖြစ်သူ၏ . . .

''မီးစိမ်းပြီ ဆရာရေ''

ဟူသောအသံနှင့်အတူ ဘတ်စ်ကားသည် အင်ဂျင်သံတဝုန်းဝုန်းပေးလျက် ရွေ့လျားပြန်လေတော့သည်။

ကားမှတ်တိုင် သုံးလေးတိုင်ခန့်လွန်လာပြီးနောက် မိန်းမပျိုလေးက ကျွန်တော့်ဘက်သို့လှည့်ပြီး . . .

''အခု . . . အစ်ကိုက အိမ်ကိုပြန်မှာလား''

ကျွန်တော်ဖြေရမှာ ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ အခုမှ စတင်သိကျွမ်းရသော မိန်းကလေးတစ်ယောက်ကို ကိုယ့်မှာ မွေးပေါက်နေ၍ ဆေးခန်းသွားပြရမည့်အကြောင်း မပြောချင်ပါ။ ထို့ကြောင့် . . .

''မဟုတ်ဘူးကွ၊ ကိုယ်က ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ကို သွားမလို့''

''အစ်ကိုက အဲသလို အမြဲသွားဝယ်နေတာပဲလားဟင်''

သဉ္ဇာ၏အမေးကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် ဘဝင်မြင့်မိတော့မလိုဖြစ်သွား၏။ ကျွန်တော်က . . .

''ဆိုပါတော့''

''သဉ္ဇာလည်း အဲဒီလို ရှေးကျတဲ့ပစ္စည်းတွေစုရတာ ဝါသနာပါတယ်၊ ဒါပေမဲ့ သဉ္ဇာအဓိကစုတာကတော့ တံဆိပ်ခေါင်းတွေနဲ့ ရှေးဟောင်းပန်းချီကားတွေပဲ၊ ပန်းချီကားအစစ်တွေကိုတော့ ဝယ်နိုင်လောက်အောင်ပိုက်ဆံမရှိဘူးပေါ့၊ ဒါပေမဲ့ တတ်နိုင်သလောက် ဓါတ်ပုံရိုက်ပြီး ကတ်တလောက်လုပ်ထားတယ်''



ဒီမိန်းကလေးသည် သိပ်တော့ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လှပုံမရချေ။ ပန်းချီကားကို မူရင်းမဟုတ်ဘဲစုဆောင်းခြင်းသည် ဘာမှအဓိပ္ပါယ်မရှိ။ တန်ဖိုးလည်းမြင့်မားလာလိမ့်မည်မဟုတ်မှန်း သိပုံမရချေ။ ကလေးစိတ်ကူးမျှသာ ဖြစ်၏။

ကျွန်တော်စုဆောင်းထားသော ရှေးဟောင်းပစ္စည်းတွေကမှ တစ်ချိန်ကျလျှင် ဒေါ်လာသန်းချီပြီး ရကောင်းရနိုင်ပေသေးသည်။

သို့သော် သူမကို ကျွန်တော် ဘာမှမပြောဖို့ ဆုံးဖြတ်လိုက်သည်။ သူ့စိတ်ချမ်းသာမှုနှင့်သူ နေပါစေလေ။ သဉ္ဇာက ကျွန်တော့်အတွေးကို ရိပ်မိသွားပုံပေါ်သည်။

''အစ်ကိုလည်း ဈေးသိပ်ကြီးတဲ့ရှေးဟောင်းပစ္စည်းဆိုရင် ပိုက်ဆံချွေတာတဲ့အနေနဲ့ မဝယ်ဘဲ ဓါတ်ပုံရိုက်ပြီးသိမ်းထားပါလား၊ သိမ်းရဆည်းရတာလည်း ဝန်မကျယ်တော့ဘူးပေါ့''

သူမ၏မျက်နှာက ပြောင်ချော်ချော်နှင့်။ နောက်ပြောင်နေမှန်း သိသောကြောင့် ကျွန်တော်က အလိုက်သင့် ရယ်မောလိုက်သည်။

ဘာပဲဖြစ်ဖြစ် ဒီကောင်မလေးဟာ ဟန်ကြီးပန်ကြီးနဲ့ အိုက်တင်များတတ်တဲ့အစားထဲကတော့ မဟုတ်ဘူးပဲဟု တွေးလိုက်မိ၏။

ကျွန်တော်တို့နှစ်ယောက် မည်မျှကြာအောင် စကားကောင်းနေကြသည်မပြောတတ်။ သတိရ၍ ဘတ်စ်ကားပြတင်းအပြင်ဘက်ကို လှမ်းကြည့်မိသောအခါ ကျွန်တော်ဆင်းရမည့်မှတ်တိုင်ကို တော်တော်လွန်လာခဲ့လေပြီ။

ယခုတွေ့နေရသည်က ကျွန်တော်တစ်ခါမှမြင်ဖူးခြင်းမရှိသော လူနေရပ်ကွက်များ၊ စတိုးဆိုင်များသာလျှင် ဖြစ်၏။ ဘတ်စ်ကားက

www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့ဆက်သွားလေလေ မြင်ကွင်းတွေက သူစိမ်းဆန်လေလေ ဖြစ်သည်။

ကျွန်တော် စိတ်ပူသွားမိသည်။ မြို့၏သည်ဘက်အစွန်းပိုင်းတွင် ကျွန်တော့်အသိမိတ်ဆွေတစ်ယောက်မှ မရှိ။ ကူညီမည့်သူမရှိ၊ လမ်းပြမည့်သူမရှိ။ ဒုက္ခရောက်လျှင် ဘယ့်နှယ်လုပ်ရပါ့။

ဩော်. . . ဟိုရှေ့က ပန်းခြံပ်သေးသေးတစ်ခု။

ဒီပန်းခြံကိုလည်း ကျွန်တော် တစ်ခါမှမမြင်ဖူးတာသေချာသည်၊ ကြာကြာဆက်သွားလျှင် ပိုဆိုးပေတော့မည်။ ကျွန်တော်က ထိုင်ခုံမှ ကမန်းကတမ်းထလိုက်ရင်း . . .

''မှတ်တိုင်ပါတယ်ဗျို့''

အလောတကြီးဖြစ်သွားသော ကျွန်တော့်အမူအရာကိုကြည့်ရင်း သဥ္ဇာက . . .

''ဘာဖြစ်တာလဲ''

''ဟို ကိုယ်ဆင်းရမယ့်မှတ်တိုင်ကို ကျော်လာခဲ့ပြီ၊ ကဲ. . . တာ့တာ၊ နောက်မှတွေ့ကြသေးတာပေါ့''

မှတ်တိုင်မှာ ကားရပ်လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော် သုတ်သီးသုတ်ပျာဆင်းလာခဲ့သည်။ မြေကြီးပေါ်ခြေချမိသည့်အခါ အရာရာတိုင်းသည် အသစ်အဆန်းဖြစ်နေ၏။ ဘယ်ကိုသွားရမည်မသိ။

''လမ်းပျောက်နေတာလား''

ကျွန်တော့်နောက်မှ အသံတစ်သံကလှမ်းမေးသဖြင့် ချာကနဲလှည့်ကြည့်လိုက်တော့ သဥ္ဇာ။

''ဟင်. . . မင်း ဘာဖြစ်လို့ ကိုယ့်နောက်ကိုလိုက်လာရတာလဲ''



''ဘယ်ကလာ အစ်ကို့နောက်ကိုလိုက်ရမှာလဲ၊ ဒီမှတ်တိုင်က ကျွန်မဆင်းရမယ့်မှတ်တိုင်ပဲလေ၊ ဟောဒီဖြတ်လမ်းလေးအတိုင်း သွားလိုက်ရင် ဒီရပ်ကွက်ကိုကျော်တာနဲ့ ကျွန်မတို့အိမ်ကိုရောက်ပြီ''

''ဩော်. . . ဟုတ်လား၊ ကိုယ်ကတော့ လာရာလမ်းအတိုင်း နောက်ပြန်သွားတဲ့ကားကို စီးရတော့မှာပဲ''

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် နောက်သို့လှည့်ရင်း ကားလမ်းတစ်ဖက်ဆီသို့ ကူးရန် ဟန်ပြင်လိုက်၏။

အဲသည်မှာပင် . . .

ထင်မှတ်မထားသောမြင်ကွင်းတစ်ခုက ကျွန်တော့်မျက်လုံးထဲသို့ ပြုန်းကနဲတိုးဝင်လာသည်။

''ဟင်''

အောက်ခံအင်္ဂတေပေါ်တွင် ကျွန်းသားများဖြင့်ဆောက်လုပ်ထားသည့် ရေနံချေးရောင်မည်းမှောင်နေသော ရှေးဟောင်းနှစ်ထပ်အိမ်အိုကြီးတစ်လုံး။

ကျွန်တော်. . . ကျွန်တော်. . . မှတ်မိသွားသည်။

ဟိုတစ်နေ့ညက ပန်းချီဆရာ၏မှတ်စုစာအုပ်ထဲတွင် ရေးခြစ်ထားသည့်အိမ်ပုံစံကြီးသည် ကျွန်တော့်ရှေ့မလှမ်းမကမ်းတွင် ရောက်နေလေပြီ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

''ဘာဖြစ်သွားတာလဲ ကိုဇော်''

သဇ္ဈာကလှမ်းမေးသည်။ ကျွန်တော်က သူမ၏အမေးကို ပြန်မဖြေနိုင်။ မယုံကြည်နိုင်လွန်းသောစိတ်ဖြင့် ကျွန်တော့်တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေသည်။

ဘာကိုကြောက်မှန်းမသိ။ တစ်စုံတစ်ရာကို စိုးရိမ်ကြောက်လန့်နေသလိုလည်း ခံစားရ၏။

ဘယ်လိုဖြစ်လို့ ဒီအိမ်ကြီးက ငါတို့မြို့အစွန်အဖျားကို ရောက်နေရတာလဲ။ တကယ်ဆိုရင် ဒီအိမ်ကြီးက မြန်မာပြည်အထက်ပိုင်းက မထင်မရှား အညာဒေသမြို့ကလေးတစ်မြို့မှာ ရှိရမှာမဟုတ်ဘူးလား။

''ကိုဇော်. . . ကိုဇော်. . . ဘာဖြစ်နေတာလဲ''



သဇ္ဈာ၏စကားသံက ကျွန်တော့်နားထဲသို့ တိုးဝင်လာသည်။ ကျွန်တော်က သူမကို အထစ်ထစ်အငေါ့ငေါ့ဖြင့် လှမ်းပြောလိုက်မိ၏။

''ဟို. . . ဟိုအိမ်ကြီးက. . . အဲဒါ. . .''

ဘာအဓိပ္ပါယ်မှ ရေရေရာရာမရှိသော စကားလုံးများက ကျွန်တော့်နှုတ်မှထွက်ကျလာသည်။ သဇ္ဈာက ကျွန်တော်လက်ညှိုးညွှန်ပြရာဆီသို့ လှမ်းကြည့်ရင်း . . .

''အင်း. . . ဟုတ်ပါရဲ့၊ အိမ်ကြီးကဟောင်းလှပြီပဲ၊ အဲ့ဒါ ဘာဖြစ်လို့လဲ ကိုဇော်''

သူမပြောတာမှန်ပါသည်။ အိမ်အိုကြီးတစ်လုံးသာဖြစ်၏။ ဒါ့ထက် ဘာမှ ပိုမထူးခြားပါ။

ဒါပေမဲ့ ကျွန်တော့်အတွက်ကတော့. . .။

အိမ်ပုံစံချင်း တိုက်တိုက်ဆိုင်ဆိုင် လာတူနေတာမျိုးရော မဖြစ်နိုင်ဘူးလား။ ခေတ်အဆက်ဆက်မှာ မြန်မာပြည်အနှံ့အပြား ဒီလိုရှေးဟောင်းပုံစံနှစ်ထပ်အိမ်ကြီးတွေ အမြောက်အများရှိနိုင်တာပဲ။

အမျိုးမျိုး ဖြေတွေးတွေးကြည့်သော်လည်း ရင်ထဲမှာ တင်းကြပ်မှုက လျော့ပါးမသွားချေ။

အိမ်ပုံစံချင်း တူရုံသာမဟုတ်။ အသေးစိတ်ကလေးတွေက အစ ပန်းချီဆရာ၏ မှတ်စုစာအုပ်ထဲတွင် ရေးဆွဲထားသောပုံကြမ်းနှင့် တစ်ဆံချည်မျှမလွဲအောင် ထပ်တူထပ်မျှဖြစ်နေမှန်း မယုံကြည်နိုင်စရာ တွေ့မြင်နေရ၏။

''ကိုဇော်. . . ဘာမှမဖြစ်ဘူးဆိုတာ သေချာတယ်နော်၊ ကိုဇော့်မျက်နှာကိုကြည့်ရတာ တစ်မျိုးကြီးပဲ''

www.burmeseclassic.com

www.burmeseclassic.com



သူမ၏စကားကြောင့် ကျွန်တော်ရှက်သွား၏။

ငါ့ကို ရူးကြောင်ကြောင်လူတစ်ယောက်လို့ သဏ္ဍာ့စိတ်ထဲမှ ထင်သွားပြီလားမသိဘူး။

ကျွန်တော်က . . .

''ဘာမှမဟုတ်ပါဘူး သဏ္ဍာ၊ အရင်က ဒီအိမ်ပုံစံမျိုး တခြားတစ်နေရာရာမှာ ကိုယ်တွေ့ဖူးသလားလို့ပါ''

''ဟုတ်မှာပေါ့၊ ကဲ. . . ဘာမှမဖြစ်ဘူးဆိုလည်းပြီးရော သဏ္ဍာအိမ်ပြန်တော့မယ်၊ သဏ္ဍာတို့အိမ်ကို လိုက်လည်ပါဦးလား ကိုဇော်၊ သဏ္ဍာစုထားတဲ့ ရှေးဟောင်းပန်းချီကားပုံတွေပြချင်လို့''

''အဲ နေပါစေတော့။ နောက်မှပဲကြည့်တော့မယ်၊ ကိုယ် ဆရာဝန်နဲ့ချိန်းထားတာ နောက်ကျနေမှာစိုးလို့''

ကျွန်တော့်စကားကြောင့် သူမက နားမလည်နိုင်သလို စို ကြည့်ရင်း . . .

''ဟင်၊ စောစောက ကိုဇော်ပြောတော့ ရှေးဟောင်းပစ္စည်း ဆိုင်ကို သွားမလို့ဆို''

သတိတစ်ချက်လွတ်သွားရာမှ အလိမ်ပေါ်သွားသဖြင့် ကျွန် တော် ရှက်အမ်းအမ်းဖြစ်သွားပြီး မျက်နှာတစ်ခုလုံး ထူပူလာသည် ပြီးမှ . . .

''အင်း. . . ဆရာဝန်နဲ့တွေ့ပြီးရင်တော့ ရှေးဟောင်းပစ္စည်း ဆိုင်ကိုသွားမယ်လို့ စိတ်ကူးထားတာပဲ''

ဟု ခပ်ဝါးဝါးဖြေလိုက်၏။ သူမက . . .

''ကိုဇော်က နေမကောင်းလို့လားဟင်''



''ဆိုပါတော့''

''အဲဒါဆိုလည်း နောက်ကျနေဦးမယ်၊ သွားတော့လေ ကိုဇော်၊ နောက်မှတွေ့ကြတာပေါ့''

သဏ္ဍာက လက်ကိုဝှေ့ယမ်းပြရင်း ကားမှတ်တိုင်ဘေးရှိ မြေနီလမ်းကလေးအတိုင်း သွက်လက်ပေါ့ပါးစွာ လျှောက်ဝင်သွားလေသည်။

ကျွန်တော်က သူမကို မျက်စိတစ်ဆုံးလိုက်ကြည့်နေပြီးမှ အိမ်အိုကြီးဘက်ဆီသို့ ပြန်လှည့်လိုက်မိသည်။

အိမ်ကြီးက တစိမ့်စိမ့်ကြည့်ရင်းနှင့် ကြောက်စရာကောင်းလာ၏။

လူမနေဘဲ စွန့်ပစ်ထားသောအိမ်ကြီးလား။ ဘုန်းကြီးကျောင်းပျက်ကြီးတစ်ခုလည်း ဖြစ်နေနိုင်တာပဲလေ။

ကြောက်စိတ်က သိချင်စိတ်ကို မဟန့်တားနိုင်။

အိမ်ကြီးဆီသို့ ကျွန်တော် တရွေ့ရွေ့တိုးသွားမိသည်။ ချုံနွယ်ပိတ်ပေါင်းများကလည်း ထူထပ်လှ၏။ လေတိုးသောကြောင့် သစ်ကိုင်းသစ်ခက်တွေက တရှဲရှဲလှုပ်ယမ်းနေကြသည်။

အိမ်ကြီးနှင့် ပေလေးဆယ်ခန့်အကွာလောက်အရောက်တွင် ကျွန်တော် ရှေ့ဆက်မတိုးရဲတော့။ ရုပ်လုံးများထွင်းထုထားသော အိမ်ရှေ့တံခါးမကြီးနှစ်ချပ်ကို မြင်နေရလေပြီ။

ပုံထဲမှအတိုင်း တံခါးရွက်တစ်ချပ်က ခပ်ဟဟပွင့်နေ၏။

အဲသည်မှာပင် လူရိပ်တစ်ခုကို မသဲမကွဲ လှမ်းမြင်လိုက်ရခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

ယောကျ်ားတစ်ယောက်ဖြစ်မည်ထင်သည်။ လောင်းကုတ်ကို အနက်ရောင် အင်္ကျီရှည်ရှည်တစ်ထည်ကိုဝတ်ကာ လည်ပင်းမှာ မာဖလာတစ်ထည်စီးထား၏။

ဖျတ်ခနဲ ထိုလူရိပ်က ပျောက်ကွယ်သွားပြန်သည်။

ဟင်. . . ဘယ်ရောက်သွားပါလိမ့်။

လှမ်းခေါ်လိုက်ဖို့ရန် ကျွန်တော် ချီတုံချတုံဖြစ်နေသည်။ ငါ တကယ်မြင်လိုက်ရတာ ဟုတ်လို့လား။

ဘာပဲဖြစ်ဖြစ် သေချာအောင်ဝင်ကြည့်လိုက်မယ်ဟု စိတ်ကူး ကာ ကျွန်တော့်ခြေလှမ်းတွေကို အိမ်အိုကြီးဆီသို့ ဦးတည်လိုက်သည်။

## အခန်း (၆)

ကျွန်တော်က ငါးလှမ်းခြောက်လှမ်းခန့် ရှေ့သို့ တိုးလျှောက် သွားပြီးမှ ခြေအစုံကို တုံ့ခနဲရပ်လိုက်သည်။

ဒီအိမ်ထဲကိုဝင်ကြည့်လို့ကော ငါ့အတွက် ဘာအကျိုးရှိမှာမို့ လို့လဲ။

ကျွန်တော် တွေဝေနေမိစဉ်မှာပင် မျက်လုံးထောင့်နားမှာ ရွေ့လျားသွားသော အပြာရောင်အရိပ်တစ်ရိပ်ကို တွေ့လိုက်ရသည်။ သေသေချာချာလှမ်းကြည့်လိုက်တော့ မြို့ထဲဘက်သို့ပြန်မည့် ဘတ်စ်ကားလာနေသည်ကို တွေ့လိုက်ရ၏။

ကျွန်တော်က လက်တွင်ပတ်ထားသောနာရီကို တစ်ချက် ငုံ့ကြည့်သည်။ ဆရာဝန်နှင့်ချိန်းထားသောအချိန်ကို ငါးမိနစ်မျှကျော်

www.burmeseclassic.com

www.burmeseclassic.com



နေပြီဖြစ်၏။ သို့သော် အခုနေ ထိုဘတ်စ်ကားနှင့်ပြန်လိုက်သွားလျှင် မိနစ်အနည်းငယ်အတွင်း ဆေးခန်းသို့ ရောက်သွားနိုင်သေးသည်။

ထိုအတွေးက ကျွန်တော့်ကို အလောတကြီးလုပ်ဖို့ နှိုးဆော်လိုက်သလိုဖြစ်သွား၏။ ဘာဘာညာညာမစဉ်းစားနိုင်ခင်မှာပင် ဘတ်စ်ကားမှတ်တိုင်ဆီသို့ ခပ်သုတ်သုတ်ပြေးသွားပြီး ထွက်ခွာစပြုနေသော ဘတ်စ်ကားပေါ်သို့ ခုန်တက်လိုက်သည်။

ဘတ်စ်ကားက ယူချောင်နေသည်၊ ထိုင်ခုံနေရာလွတ်များလည်း ရှိ၏။ သို့သော် ကျွန်တော်က တစ်နေရာရာတွင် ဝင်ထိုင်ဖို့ စိတ်မကူးဘဲ ဘတ်စ်ကား၏နောက်ဘက်အစွန်ဆုံးဆီသို့ ခပ်သုတ်သုတ်လျှောက်သွားလိုက်သည်။

ဘတ်စ်ကားနောက်ဘက် လေကာမှန်မှတဆင့် အပြင်သို့ လှမ်းကြည့်လိုက်သောအခါ ရေနံချေးရောင်မှိုင်းညို့နေသော အိမ်အိုကြီးကို တွေ့မြင်တွေ့နေရဆဲရှိသေး၏။ ဒီကိစ္စသည် အမြင်မှားခြင်းတစ်ခုတော့မဟုတ်။ တကယ်ကို သေချာပေါက်ရှိနေသော ချောက်ချားဖွယ်ရာအိမ်ကြီးတစ်လုံးပင် ဖြစ်သည်။

ဘတ်စ်ကားက ရှေ့သို့ အရှိန်ကောင်းကောင်းနှင့် ရွေ့လျားလာသည်နှင့်အမျှ အိမ်အိုကြီး၏ပုံရိပ်က တစ်စထက်တစ်စ ဝေး၍ဝေး၍ ပျောက်ကွယ်သွားလေတော့သည်။

●

''ဘာ. . . ပန်းချီဆွဲထားတဲ့ပုံအတိုင်း တစ်ထပ်တည်းတူတဲ့



အိမ်ကြီးကို အပြင်မှာတွေ့ရတယ်ပေါ့. . . ဟုတ်လား မင်းဒင်''

ကျော်ဇင်ဦးက တအံ့တသြပြောရင်း ကျွန်တော့်ကို မျက်လုံးပြူးကြီးများဖြင့် စိုက်ကြည့်နေသည်။

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက်. . .

''အေး. . . ဟုတ်တယ်၊ မနေ့ညတည်းက ငါပြန်ရောက်ရောက်ချင်း မင်းကို အဲဒီကိစ္စလာပြောမလို့ပဲ၊ ဒါပေမဲ့. . .''

ကျွန်တော့်စကားက တစ်ဝက်တစ်ပျက်ဖြင့်ရပ်သွား၏။ ကျော်ဇင်ဦးက အားမလိုအားမရဟန်ဖြင့် . . .

''ဒါပေမဲ့. . . ဘာဖြစ်သလဲ. . . ဆက်ပြောလေကွာ''

''ပိုပြီးသေချာအောင် စာအုပ်ထဲကပုံကို တစ်ခေါက်ပြန်ကြည့်မယ်ဆိုပြီး အဲဒီစာအုပ်ကို ငါပြန်ရှာကြည့်တယ်၊ ဒါပေမဲ့ ဗီရိုပေါ်မှာ အဲဒီစာအုပ်မရှိတော့ဘူး''

''ဟင်. . . ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ၊ မင်းညီမလေးများ ယူကိုင်သလားကွာ၊ နည်းနည်းပါးပါး မေးကြည့်ပါဦး''

ကျွန်တော်က ခေါင်းခါပြလိုက်ပြီး . . .

''နည်းနည်းပါးပါး ဘယ်ကမလဲ၊ တစ်အိမ်လုံးကို လိုက်မေးနေလို့ အဖေကတောင် ငါ့ကိုဆူသေးတယ်၊ စည်းကမ်းမရှိဘူး ဘာညာနဲ့၊ တကယ်လည်း မေးမယ့်သာမေးရတယ်၊ အိမ်မှာ ငါ့ရှေးဟောင်းပစ္စည်းအစုတ်တွေကို ဘယ်သူမှ စိတ်ဝင်စားကြတာမဟုတ်ဘူး''

ကျွန်တော့်လေသံက စိတ်ပျက်အားလျော့သံပါနေ၏။ ကျော်ဇင်ဦးက သက်ပြင်းကိုမှုတ်ထုတ်လိုက်ရင်း . . .

''ဟူး. . . အဲဒါဆိုရင်တော့ ငါလည်း မရှင်းတတ်တော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဩော်. . . ဒါနဲ့ နေ့လည်ခင်းစားဖို့ မင်း ဘာဝယ်လာခဲ့သေးလဲ''

သူ့အမေးစကားကြောင့် ကျွန်တော်က လက်ထဲမှအထုပ်ကို မြှောက်ပြလိုက်ရင်း . . .

''မစ္စတာကဖေးဆိုင်က အာလူးကြော်ပဲဝယ်လာတယ်၊ မင်းရော''

''ငါလည်း အာလူးကြော်ပဲ၊ အဲဒီဆိုင်ကပဲဝယ်လာတာ''

ဟုပြန်ဖြေရင်း ကျော်ဇင်ဦးက ရယ်ကျဲကျဲဖြင့် . . .

''မင်းနဲ့ငါ မုန့်ချင်းလဲစားရအောင်''

ကျွန်တော် စိတ်တိုချင်သလိုဖြစ်သွားသည်။ ထို့ကြောင့် ကျွန်တော်က . . .

''ဟင်. . . မင်းဟာက ဘာထူးမှာလဲ၊ ဒီဆိုင်က ဒီအာလူးကြော်ပဲဥစ္စာ''

''မပြောတတ်ဘူးကွ၊ ငါ့စိတ်ထဲမှာ သူများလက်ထဲကမုန့်က စားရတော ပိုအရသာရှိတယ်ထင်လို့''

ကျော်ဇင်ဦးကို ကျွန်တော်က 'ငကြောင်'ဟုခေါ်ခြင်းသည် ကျွန်တော့်အလွန်မဟုတ်ပါ။ ဒီကောင့်အကျင့်က ဒီလိုပဲဖြစ်သည်။ သူများလက်ထဲကမုန့်ကိုမှ မရမကစားချင်၏။ အသက်ကြီးလာ၍ အိမ်ထောင်ကျလျှင်တော့ ဘယ်လိုများနေမည်မပြောတတ်။ ကျွန်တော်ကတော့ သူနှင့် အိမ်နီးချင်းမဖြစ်ချင်တာ သေချာပါသည်။

ကျော်ဇင်ဦးက အာလူးချောင်းကြော်များကို အချဉ်ရည်ဖြင့် တို့ပြီး အဆက်မပြတ်စားနေစဉ်မှာ ကျွန်တော့်စိတ်ကတော့ ဟိုနှစ်ထပ်အိမ်မည်းကြီးဆီသို့သာ ရောက်နေ၏။



ဖြစ်နိုင်လျှင် ယခုပင်ထသွားပြီး ဟိုအိမ်ကြီးကို ထပ်ကြည့်ချင်သည်။ နောက်ပြီး ကျွန်တော့်ထံမှပျောက်သွားသော စာအုပ်ကလေးနှင့် အဲဒီအိမ်ကြီး ဘယ်လိုဆက်စပ်မှုရှိသလဲဆိုသည်ကိုပါ သိချင်နေမိသည်။

ဒါတွေဟာ တိုက်ဆိုင်မှုလား။ မမြင်နိုင်သော ပရလောက၏ လျှို့ဝှက်ချက်တစ်ခုလား။

ထိုသို့တွေးနေစဉ်မှာပင် ကျော်ဇင်ဦးက ကျွန်တော့်ပုခုံးကို ပုတ်ပြီး . . .

''ဟေ့ကောင်. . . ပြီးရင် ငါ့အခန်းထဲလိုက်ခဲ့ဦး၊ ငါစုထားတဲ့ ရာဘာတံဆိပ်တုံးတွေ ပြမလို့''

အရေးထဲ သူ့တံဆိပ်တုံးတွေက တစ်မျိုး။ ကျွန်တော်က ငြင်းလိုက်သည်။

''ဟင့်အင်း. . . နေပါစေတော့ကွာ၊ မကြည့်တော့ပါဘူး''

''ဟာ. . . ဘာဖြစ်လို့လဲ မင်းဒင်ရ''

''သိပ်စိတ်ဝင်စားစရာကောင်းလွန်းလို့၊ ရင်အရမ်းခုန်ပြီး ငါ နှလုံးသွေးရပ်သေမှာစိုးလို့''

ကျွန်တော်က ထိုသို့ပြောပြီး ထထွက်လာခဲ့သည်။

●

ကျွန်တော့်ခြေလှမ်းတွေက ဘတ်စ်ကားမှတ်တိုင်ဆီသို့ ဦးတည်နေ၏။ မနေ့ကရောက်ခဲ့သောနေရာသို့ တစ်ခေါက်ပြန်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



နှစ်ထပ်အိမ်အိုကြီးကို ကြည့်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်၏။

ဒီတစ်ခါတော့ ဘာပဲဖြစ်ဖြစ် အိမ်ထဲကိုမရောက်ရောက်အောင် ဝင်ကြည့်မယ်ဟု ကျွန်တော် ပြတ်ပြတ်သားသားပင် ရည်ရွယ်လိုက်သည်။

ပြီးခဲ့သည့်တစ်ခေါက်က မျှော်လင့်မထားဘဲ မြွန်းကနဲ တွေ့လိုက်ရသောကြောင့်လား၊ ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်သွားခဲ့ပုံရ၏။ ဒီတစ်ကြိမ်မှာတော့ ကျွန်တော့်စိတ်တွေ ရဲရင့်နေသည်။

ဘတ်စ်ကားဆိုက်လာသောအခါ ပေါ့ပါးစွာပင် ကားပေါ်သို့ တက်လိုက်၏။ ထွေထွေထူးထူးစိတ်လှုပ်ရှားမှုကို မခံစားရ။ သက်တောင့်သက်သာပင်ဖြစ်သည်။

ပြီးခဲ့သည့်တစ်ခေါက်ကလိုပင် ရှေ့ဆုံးခုံတန်း၏ ပြတင်းပေါက်ဘက်အခြမ်းတွင် ထိုင်စရာနေရာရသည်။

အဲဒီထိုင်ခုံတွင် ဝင်ထိုင်လိုက်မိသောအခါ၊ ကျွန်တော့်စိတ်က သဒ္ဒါဆိုသောမိန်းကလေးကို ဖျတ်ခနဲသတိရမိပြန်သည်။

ယောင်ယမ်းပြီး ဘေးဘက်သို့လှည့်ကြည့်လိုက်မိ၏။ အသက်ငါးဆယ်ကျော်အရွယ် အမျိုးသားကြီးတစ်ဦးက ထိုင်နေလေသည်။

ဘတ်စ်ကားက နောက်မှတ်တိုင်တစ်ခုတွင် ထိုးရပ်လိုက်သည့်အခါ လည်စီးအနီရောင်နှင့် မိန်းမပျိုလေးတစ်ယောက် ကားပေါ်သို့ တက်လာ၏။ ကျွန်တော်က သဒ္ဒါများလားဟုသိချင်စိတ်ဖြင့် ပြူးတူးပြူတဲလိုက်ကြည့်မိလေသည်။ သို့သော် မဟုတ်ပါ။

သဒ္ဒါနှင့်ခပ်ဆင်ဆင်တူသော တခြားမိန်းကလေးတစ်ယောက်သာ ဖြစ်သည်။



ကျွန်တော်က စိတ်လျှော့လိုက်ပြီး မျက်လုံးအကြည့်ကို ဘတ်စ်ကားပြတင်းပေါက်အပြင်ဘက်သို့ ရွှေ့လိုက်၏။

ကားမောင်းနေသောအရှိန်ကြောင့် အပြင်မှမြင်ကွင်းတွေက တရိပ်ရိပ်နှင့် ပြေးလွှားနေကြ၏။ မကြာခင်မှာပင် ဈေးဟောင်းပစ္စည်းအရောင်းဆိုင်ကိုလည်းကောင်း၊ အရေပြားအထူးကုဆေးခန်းကိုလည်းကောင်း ဖြတ်ကျော်လာခဲ့သည်။

အရေပြားအထူးကုဆေးခန်းကို မြင်လိုက်ရသောအခါ ကျွန်တော့်တံတောင်ဆစ်အထက်နားဆီမှ ယားယံသလိုလိုပင် ခံစားလိုက်ရလေ၏။

နေ့လည်ပိုင်းဖြစ်သောကြောင့် နေရောင်ခြည်က တောက်ပနေ၏။ ကျွန်တော့်မျက်လုံးပေါ်သို့ နေရောင်ခြည်ထိုးသောကြောင့် လက်ဝါးဖြင့်ကာထားလိုက်ရသည်။ မျက်နှာကို ကားအတွင်းဘက်သို့ လှည့်ထားဖို့လည်းမဖြစ်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်ဆင်းရမည့်မှတ်တိုင်အမည်ကို သေသေချာချာမသိသောကြောင့်ဖြစ်သည်။ ထိုမှတ်တိုင်အနီးတစ်ဝိုက်မှ မြင်ကွင်းတွေကိုတော့ နည်းနည်းပါးပါးမှတ်မိသည်။ အခုလည်း အဲသည်မြင်ကွင်းတွေကိုမြင်မှ ဆင်းရမည့်နေရာကို သိနိုင်မည်ဖြစ်၏။

အခုချိန်ထိတော့ ဘတ်စ်ကားက ထိုနေရာကို ကျော်လွန်မသွားသေးဟုအောက်မေ့ရသည်။ ရုတ်ချည်းဆိုသလိုပင် လေးလံသောခံစားမှုတစ်ခုက ကျွန်တော့်ရင်ထဲမှာ ပြည့်ကျပ်လာ၏။ တကယ်ဆိုလျှင် ဒီလောက်ထိ စွန့်စွန့်စားစားလိုက်စုံစမ်းဖို့ လိုအပ်လို့လား။

ထိုအတွေးကြောင့်ပင် ဘာရယ်မဟုတ်ဘဲ အဖော်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို တောင့်တမိသလို ခံစားရလေသည်။

အဲသည့်အချိန်မှာပင် ပန်းခြံခပ်သေးသေးလေးတစ်ခုကို ကျွန်တော် လှမ်းမြင်လိုက်ရ၏။

ဟာ. . . ဒီပန်းခြံပဲ။ ငါမှတ်မိပြီ။ ကျွန်တော်က ထိုင်ခုံမှ ဖြုန်းကနဲထရပ်လိုက်ပြီး . . .

''ရှေ့မှတ်တိုင်ပါတယ်ဗျို့''

ဟု လှမ်းအော်လိုက်သည်။ စပယ်ယာက ကျွန်တော့်ကို မျက်လုံးစွေကြည့်ရင်း . . .

''စောစောက မှတ်တိုင်ပါလားလို့မေးနေတုန်းကတော့ မပြောဘူး''

ဟု ခပ်တိုးတိုးရေရွတ်သည်။ ကျွန်တော် သူ့ကို ဂရုစိုက်မနေနိုင်အား။ ကားအတက်အဆင်းအပေါက်ဝဆီသို့သာ တိုးဝှေ့သွားလိုက်သည်။

အပေါက်ဝတွင် တွယ်စီးနေသူများဖြင့် ပြည့်ကျပ်နေ၏။ ကားရပ်သောအခါ ကျွန်တော်က အလောတကြီး တိုးဝှေ့ဆင်းလိုက်သည်။

''ဟာ. . . ဘာဖြစ်လို့ အတင်းတိုးနေရတာလဲ''

''ဆောရီးပါဗျာ၊ တောင်းပန်ပါတယ်''

ရှေ့မှလူ၏ဖိနပ်ကို ဟက်နင်းမိသဖြင့် တောင်းပန်ရသေးသည်။ ထို့နောက် တွယ်စီးသူများအကြားမှ ကိုယ်ကိုခပ်စောင်းစောင်းထား၍ တိုးကာ မြေကြီးပေါ်သို့ခုန်ချလိုက်၏။ ကျွန်တော်ဆင်းပြီးသည်နှင့် ဘတ်စ်ကားက တလိမ့်လိမ့်ထွက်ခွာသွားသည်။ နေရောင်ခြည်က ကျွန်



တော့်ဦးခေါင်းပေါ်သို့ ဖြာကျနေ၏။

ကျွန်တော်က လမ်းထောင့်ဆီသို့ ဖြည်းဖြည်းချင်းလျှောက်သွားလိုက်သည်။ ဟုတ်ပြီ. . . ဒီနေရာပဲ။ ဟော. . . ဟိုမှာ မြေနီလမ်းကလေး။ ကျွန်တော် ကောင်းစွာမှတ်မိသွားလေပြီ။

ကျွန်တော်က ခန္ဓာကိုယ်ကို နောက်ဘက်သို့လှည့်ပြီး အိမ်အိုကြီးရှိရာဆီသို့ လှမ်းကြည့်လိုက်သည်။

ကျွန်တော့်ရှေ့တွင်မြင်နေရသည်ကတော့ ခြုံနွယ်ပိတ်ပေါင်းများထူထပ်နေသည့် မြေကွက်လပ်ကြီးတစ်ခု။

ရှေးဟောင်းနှစ်ထပ်အိမ်ကြီးကား မရှိတော့။

ပျောက်ကွယ်သွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

''ဟင်''

အံ့ဩစိတ်ဖြင့် ကျွန်တော်ကြက်သေသေသွားမိသည်။

မျက်လုံးကိုထိုးနေသော နေရောင်စူးစူးကို လက်တစ်ဖက်ဖြင့် ကာထားလိုက်သည်။ သေချာအောင် ကျွန်တော်ထပ်ကြည့်သည်။ ရှုပ်ထွေးကျယ်ပြောလှသော မြေကွက်လပ်ကြီးကိုသာ မြင်နေရ၏။ ရှေးဟောင်းအိမ်အိုကြီးကား မရှိတော့။

ဒီတစ်ရက်အတွင်းမှာ အိမ်ကြီးတစ်အိမ်လုံး ဘယ်ရောက်သွားတာပါလိမ့်။

ကျွန်တော့်မှာ စဉ်းစားနေဖို့အချိန် များများစားစားမရှိပါ။ ကျွန်တော့်မြင်ကွင်းကို ဘတ်စ်ကားတစ်စီးက ပိတ်ကွယ်ကာရပ်လိုက်၏။ ထိုစဉ် ရင်းနှီးသောခေါ်သံတစ်ခုကို ကြားလိုက်ရသည်။

''ဟော့. . . ကိုဇော်''

ဘတ်စ်ကားပေါ်မှဆင်းလာသော သဥ္ဇာကိုတွေ့လိုက်ရသည်။ ဒီတစ်ခါတော့ သူမက အပြာနုရောင်ဂျင်းဂျာကင်ကိုဝတ်ထားပြီး ဦးထုပ်၊ လည်စီးနှင့် ဖိနပ်တို့က အနက်ရောင်ဆင်တူဖြစ်၏။

သူမက ကျွန်တော့်အနီးသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက်. . .

''ဟိတ်. . . ကိုဇော် ဒီနားလာပြီး ဘာတွေငေးနေတာလဲ''

''ဟို. . . ဟိုအိမ်ကြီး မရှိတော့ဘူး''

သဥ္ဇာက ကျွန်တော့်စကားကိုဂရုမစိုက်။ ကျွန်တော့်ကိုသာ မျက်မှောင်ကုတ်ကြည့်ရင်း . . .

''ကိုဇော်. . . ဘာတွေပြောနေတာလဲ၊ သဥ္ဇာ့ကို မှတ်မှတ်မိရဲ့လား၊ နှုတ်ဆက်ဖော်တောင်မရဘူး၊ ကြည့်စမ်း''

အရေးထဲ ဒင်းက အရစ်ရှည်နေပြန်ပြီ။ မိန်းကလေးတွေအားလုံး ဒီလိုချည်းပဲလားမပြောတတ်ပါ။ သူတို့ကို ပထမဦးစားပေးကိစ္စအဖြစ် ဂရုမစိုက်လျှင် သိပ်ကျေနပ်ချင်ပုံမပေါ်။

ထို့ကြောင့် ကျွန်တော်က စိတ်မရှည်စွာဖြင့် . . .

''မှတ်မိပါတယ် သဥ္ဇာရယ်၊ မှတ်မိပါတယ်၊ တွေ့တွေ့ချင်းလည်း နှုတ်ဆက်မလို့ပါပဲ၊ ကိုယ်က ဟိုနေ့ကအိမ်ကြီး ဘာဖြစ်လို့ဒီနေရာမှာ မရှိတော့သလဲဆိုတာ မေးချင်ဇောများသွားလို့ပါ''

အဲသည်တော့မှ သူမက ကျွန်တော်ညွှန်ပြရာဆီသို့ လှမ်းကြည့်လိုက်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



''ဟင်. . . ဟုတ်ပါရဲ့နော်၊ ကြည့်ရတာ အဆောက်အအုံ သစ်ဆောက်ဖို့ ဖြိုပစ်လိုက်ပြီနဲ့တူတယ်''

ကျွန်တော်က ခေါင်းကိုခါယမ်းလိုက်ရင်း . . .

''ဟာ. . . မဟုတ်နိုင်တာ၊ တစ်ရက်တည်းနဲ့ အစအနပျောက် သွားအောင် ဖြိုပစ်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား''

''ဘာလို့မဖြစ်နိုင်ရမှာလဲ၊ အိမ်ကြီးကဆွေးနေပြီပဲ၊ လက်ညှိုး နဲ့တို့လိုက်ရုံနဲ့ ပြိုတော့မယ့်ဥစ္စာ၊ မြေတူးစက်တွေ ဝန်ချီစက်တွေနဲ့ လူအင်အားများများသုံးလိုက်ရင် ဆယ့်နှစ်နာရီအတွင်း ပြီးသွားနိုင်တဲ့ ကိစ္စပဲ''

သူမက ပြန်ငြင်းနေသေးသည်။ ကျွန်တော်က . . .

''အဲဒါ ဘာအဆောက်အအုံကြီးလဲ သဗ္ဗာ၊ အထဲမှာ လူရော နေသလား''

''ဟင့်အင်း. . . သဗ္ဗာလည်း သေသေချာချာမသိဘူး၊ သဗ္ဗာ တို့က ဒီကိုပြောင်းလာတာ (၄)လလောက်ပဲရှိသေးတယ်''

''ဒါပေမဲ့ ဘတ်စ်ကားထွက်စီးရင် ဒီနားကလာစီးနေကျ မဟုတ်လား''

''အင်း. . . ဟုတ်တယ်လေ''

''ဒါဆို မနက်က ဒီမှတ်တိုင်ကိုထွက်လာတော့ အဲဒီမြေ ကွက်လပ်ပေါ်မှာ အလုပ်သမားတွေ မြေတူးစက်တွေ မြင်မိသလား''

ကျွန်တော့်မေးခွန်းကြောင့် သဗ္ဗာ၏မျက်နှာအမူအရာက တွေ တွေဝေဝေဖြစ်သွား၏။ ထို့နောက် သူမက . . .

''ဟင့်အင်း. . . မတွေ့မိဘူး၊ ဒါပေမဲ့. . .''



သူမက စကားကိုမဆက်သေးဘဲ ခဏမျှစဉ်းစားနေပြီးနောက်

''ဒါပေမဲ့ အမှန်အတိုင်းပြောရရင် ရှိသလားမရှိသလား သေ သေချာချာကို သတိမထားမိဘူး ကိုဇော်၊ အဲဒီ့ဘက် လှည့်ကိုမကြည့် မိတာ၊ ဒါနဲ့ နေစမ်းပါဦး၊ အဲဒီအိမ်ကြီးမရှိတော့တာကို ကိုဇော်က ဘာဖြစ်လို့ ဒီလောက် အသည်းအသန်မေးနေရတာလဲ၊ တကယ်ဆို ဒီလောက်အရုပ်ဆိုးတဲ့အိမ်ကြီး မရှိတော့တာ ပိုတောင်ကောင်းသေး တယ်''

ကျွန်တော့်မှာ သူမကို ဖြေရှင်းပြစရာစကားလုံးမရှိတော့။ ထို့ကြောင့် . . .

''အင်း. . . ဟုတ်ပါတယ်လေ၊ မရှိတော့လည်း ပြီးတာပါပဲ''

''နေစမ်းပါဦး၊ ကိုဇော်က အဲဒီအိမ်ကြီးကိုကြည့်ဖို့အတွက် သက်သက် ဒီနေရာကိုလာကာလား''

ထိုသို့မေးရင်းနှင့် ကြည့်နေသည့်သူမ၏မျက်လုံးက အဓိပ္ပါယ် တစ်မျိုးသက်ရောက်စေသည်။ ဟုတ်တယ်ဟုသာ ဖြေလိုက်မိပါက ကျွန်တော့်ကို အရူးဟု သေချာပေါက်မှတ်ချက်ချသွားပေတော့မည်။

''ဟာ. . . မဟုတ်ပါဘူး၊ လမ်းကြုံလို့ပါ''

ကျွန်တော်က ဖြောင်ပင်ငြင်းရတော့၏။ ဒါကို သူမက ဘယ် လိုယဘောပေါက်သွားသည်မသိ။

''ဩော်. . . ဆရာဝန်နဲ့ပြရဦးမှာကိုး၊ ဒါဆိုလည်းသွားလေ၊ နောက်ကျနေဦးမယ်''

ကျွန်တော် ဘာမှဖြေရှင်းချက်ပေးမနေချင်တော့။

ကံကိုကဆိုးပါသည်။ အရူးဟုအထင်မခံရသော်လည်း အရေ

www.burmeseclassic.com

www.burmeseclassic.com



ပြားရောဂါသည်ဟု ထင်သွားပြီလား မပြောတတ်ပါ။

ကျွန်တော် သူမကို 'သွားဦးမယ်နော်' ဟုသာ နှုတ်ဆက်လိုက်ရတော့သည်။

●

အိမ်သို့ပြန်ရောက်သည်အထိ စိတ်ထဲတွင် စနိုးစနောင့်ဖြစ်နေဆဲ။

အဲသည်အိမ်ကြီးဟာ ထိုနေရာမှာ တကယ်ရှိခဲ့တာလားဆိုသည်ကို ဘယ်လိုမှဝေခွဲမရဘဲဖြစ်နေသည်။

ကျွန်တော့်မျက်စိအမြင်မှားသည်ဟု ဆိုရအောင်ကလည်း သညာကိုယ်တိုင်ပါ ပထမတစ်ကြိမ်တုန်းက မြင်ခဲ့ရသည်မဟုတ်လား။

တစ်ညနေလုံး အဲသည်အကြောင်းကိုစဉ်းစားရင်း ထိုင်လိုက်ထလိုက်ဖြင့် ကျွန်တော် ဂနာမငြိမ်ဖြစ်နေသည်။ စာလည်းကျက်၍မရ။ ဗွီဒီယိုကြည့် သီချင်းနားထောင်လည်း ထိုအိမ်ကြီးအကြောင်းအတွေးလက်စက ပြတ်မသွား။

ဒီအတိုင်းဆက်နေ၍မဖြစ်တော့။ ပျောက်ဆုံးသွားသော ပန်းချီဆရာ၏ မှတ်စုစာအုပ်ကို တွေ့အောင်ရှာမှဖြစ်တော့မည်။

ထိုင်နေရာမှထကာ ကျွန်တော့်အိပ်ခန်းတစ်ခုလုံးကို ပိုက်စိတ်တိုက်ပြီးရှာသည်။ အိပ်ပျော်နေခိုက် စာအုပ်ကိုခေါင်းအုံးဘေးချထားမိသဖြင့် ကုတင်အောက်များကျသလားဟုတွေးကာ ဓါတ်မီးထိုးပြီးကြည့်သည်။ မတွေ့။



ဗီရိုကိုရွှေ့သည်။ စာအုပ်စင်ကိုရှင်းသည်။ စာကြည့်စားပွဲမှ အံဆွဲများကို ဝုတ်ကာ အပြင်သို့မှောက်ချသည်။ ဘယ်နေရာမှာမှ မတွေ့။

ထိုသို့ ကျွန်တော် ယောက်ယက်ခတ်နေစဉ် ညီမလေးမညိုက အခန်းထဲသို့ဝင်လာပြီး ကျွန်တော်လုပ်သမျှကို တိတ်တိတ်ကလေး ရပ်ကြည့်နေ၏။ ကျွန်တော် ခြေကုန်လက်ပမ်းကျသွားသောအခါတွင်မှ သူမက . . .

''ကိုကို . . . ဘာရှာနေတာလဲ''

''မနေ့ကပျောက်သွားတဲ့ ငါ့စာအုပ်ကိုရှာနေတာ''

သူမက တစ်စုံတစ်ရာကို ပြောသင့်မပြောသင့် ချိန်ဆနေဟန်ဖြင့် တွေဝေနေပြီးမှ . . .

''ကိုကို . . . ညီမလေးကို မဆူရဘူးနော်''

ဒီလိုနိဒါန်းပျိုးလိုက်ကတည်းက သူမ တစ်စုံတစ်ရာ အမှားအယွင်းလုပ်ထားပြီမှန်း ကျွန်တော် ရိပ်မိလိုက်သည်။ ဘာများဆက်ပြောမလဲဟုသိချင်ဇောကြောင့် ကျွန်တော်က အရေးမကြီးသလို ဟန်ဆောင်နေလိုက်ပြီး . . .

''အင်း . . . ဆိုစမ်းပါဦး''

''ဟိုးတစ်နေ့ညက ကိုကို အဲဒီစာအုပ်ဖတ်ပြီးအိပ်ပျော်သွားတာတွေ့တော့ ဖေဖေနဲ့သွားတိုင်ပြောမလို့ ကိုကို့ခေါင်းအုံးဘေးမှာချထားတဲ့ အဲဒီစာအုပ်ကို ညီမလေးလာယူတယ်၊ စာအုပ်ကိုဖွင့်ကြည့်နေတုန်း လွတ်ကျပြီး ညီမလေးလက်ထဲက ကိုင်လက်စစာရွက်တစ်ရွက် ပြဲသွားတယ်၊ အဲဒါနဲ့ ကိုကို ဗြုန်းကနဲနိုးသွားရင် ဆူမှာကြောက်

www.burmeseclassic.com

www.burmeseclassic.com





လို့ စာအုပ်ကို ကမန်းကတမ်း ခေါင်းအုံးဘေးမှာပြန်တင်ထားပြီး ညီမလေးထွက်လာခဲ့တာ''

ကျွန်တော့်စိတ်ထဲတွင် အဲသည့်ကျွန်တော့်ညီမဆိုသော သတ္တဝါလေးကို နားရွက်နှစ်ဖက်စလုံး ခေါင်းပါပြုတ်ထွက်သွားအောင် တအား ဆွဲလိမ်ပစ်လိုက်ချင်စိတ် ပေါ်လာ၏။

သို့သော် စိတ်ကိုအောင့်အည်းချုပ်တည်းထားပြီး . . .

''ဒါဆို စာအုပ်က. . .''

''ဟင့်အင်း. . . ညီမလေးကြောင့်မဟုတ်ဘူးနော်၊ သေသေချာချာကိုပြန်ထားခဲ့တာ၊ ညီမလေးမှတ်မိတယ်၊ ညီမလေးလက်ထဲမှာ အဲဒီစာအုပ်ထဲက ပြုသွားတဲ့စာရွက်တစ်ရွက်ပဲပါလာတာ၊ ဟောဒီမှာကြည့်''

မဒွေးက သူမ၏နောက်ကျောဘက်တွင် ကွယ်ထားသော လက်တစ်ဖက်ကိုဆန့်ထုတ်ပြ၏။ သူမ၏လက်ထဲတွင်ကား ဝါကျင့်ကျင့်စာရွက်လေးတစ်ရွက်။

ထိုစာရွက်၏ပုံပန်းသဏ္ဌာန်နှင့် အရောင်အဆင်းကိုမြင်လိုက်သည်နှင့်တပြိုင်နက် ပန်းချီဆရာ၏မှတ်စုစာအုပ်ထဲမှ စာရွက်အပိုင်းအစမှန်း ကျွန်တော် ချက်ချင်းသိလိုက်သည်။

ကျွန်တော်က သူမ၏လက်ထဲမှစာရွက်ကို ဆတ်ခနဲဆွဲယူလိုက်ရင်း . . .

''သွားတော့. . . သွားတော့၊ ဒီမှာ လာရှုပ်မနေနဲ့''

ပြောပြောဆိုဆိုနှင့် မဒွေးကို အပြင်သို့မောင်းထုတ်ကာ အခန်းတံခါးကို ဆောင့်ပိတ်လိုက်၏။

ထို့နောက် စာကြည့်စားပွဲရှိရာဆီသို့သွားပြီး ထိုင်ချလိုက်သည်။ စာကြည့်မီးသီးကိုဖွင့်ပြီး လက်ထဲမှာစာရွက်ကို သေသေချာချာကြည့်လိုက်တော့။

ခဲတံဖြင့်ရေးခြစ်ထားသော အိမ်ခန်းတစ်ခု၏ပုံ။

ထိုပုံထဲတွင် မီးဖိုတစ်ခုပါသည်။ ကုလားထိုင်တစ်လုံးနှင့် ထိုကုလားထိုင်၏နောက်မှာ တွဲလောင်းကျနေသော ကြိုးတစ်ချောင်း၏ပုံပါ၏။

ထူးခြားသည်က ထိုစာရွက်၏အောက်ခြေနားတွင် မပီမသဖြင့် အလောတကြီးရေးထားခဲ့ရဟန်တူသော စာလုံး(၃)လုံးကို တွေ့ရ၏။

သော. . . ကြာ. . . နေ့. . .။

လက်ရေးက တွန့်လိမ်ကောက်ကွေးနေသည်၊ မည်သို့သော အခြေအနေမျိုးမှာ ရေးခဲ့ရသလဲမပြောတတ်။ ကျွန်တော့်ကျောရိုးတစ်လျှောက် စိမ့်ကနဲနေအောင် ကြောက်လန့်တုန်လှုပ်သွား၏။

သောကြာနေ့။

သောကြာနေ့။

ကျွန်တော် တစ်စုံတစ်ခုကိုတွေးလိုက်မိသောကြောင့် ဖြစ်သည်။ ဒီကနေ့ စနေနေ့မဟုတ်လား။

ဒါဆို ဟိုအိမ်ကြီးကို တွေ့ခဲ့ရတဲ့မနေ့ကပဲ သောကြာနေ့ပဲပေါ့။

ထူးဆန်းသောဆက်စပ်မှုတစ်ခုလို စိတ်ထဲမှာ ဝိုးတဝါးနှောင်ဖွဲ့လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုလျှင် အဲသည်အိမ်ကြီးဟာ သောကြာနေ့ကျမှ ဘွားကနဲမြင်တွေ့ရတာမျိုးလား။

တော်တော်ကြောင်သောအတွေးပင်ဖြစ်သည်။ သို့ရာတွင် ကျွန်တော်ထင်ထားသည့်အတိုင်း တကယ်မှန်ကန်နေပါက ကြောက်စရာအကောင်းဆုံးအတွေးလည်း ဖြစ်ပေသည်။

ဒါဆို . . .

နောက်တစ်ပတ်သောကြာနေ့ကျလျှင် ငါ ဘာလုပ်ရမလဲ။

## အခန်း (၈)

သောကြာနေ့မတိုင်ခင် ဒီရက်များအတောအတွင်း ကျွန်တော်တစ်ယောက်တည်း ဂနာမငြိမ်ဖြစ်နေမိသည်။ နောက်ဆုံး မနေနိုင်လွန်းသဖြင့် ဖေဖေ့ကို အဲဒီအိမ်ကြီးအကြောင်း ရိပ်ဖမ်းသံဖမ်း စကားစကြည့်မိသေးသည်။

ကျွန်တော့်စကားက လိုရင်းသို့မရောက်သေးခင် ‘ရှေးဟောင်းအိမ်ကြီး’ ဟု တစ်ခွန်းတလေပြောလိုက်မိရုံဖြင့် ဖေဖေက ချက်ချင်း ခါးခါးသီးသီးဖြစ်သွားပြီး . . .

“တော်ကွာ. . . တိတ်စမ်း။ မင်းဟာလေ. . . အဲဒီရှေးဟောင်းအစုတ်အပဲ့တွေကို စိတ်ဝင်စားသလောက်များ ကျောင်းစာမှာစိတ်ဝင်စားမယ်ဆိုရင် မင်းနဲ့ပတ်သက်ပြီး ငါ မျက်နှာပူရတဲ့ကိစ္စတွေ တော်

www.burmeseclassic.com

www.burmeseclassic.com



တော်လျော့သွားမှာပဲ''

ကျွန်တော် တော်တော်စိတ်ညစ်သွားသည်။ မိဘတွေက ဒီလိုချည်းပဲလား။ သားသမီးတွေဘက်ကပြောစကားကို နားထောင်ပေးဖို့ သူတို့ လုံးဝစိတ်မဝင်စားကြ။ သူတို့ပြောသမျှအားလုံးကိုတော့ သားသမီးတွေက မြေဝယ်မကျ နားထောင်ပေးရမည်ဟုဆိုသည်။

နောက်ပြီး ဘာအကြောင်းကိုပဲပြောလိုက်ပြောလိုက် အဆုံးသတ်ကျလျှင် 'ကျောင်းစာ' ဆိုတဲ့ဟာကြီးနဲ့ပဲ အတင်း နိဂုံးဝင်ဝင်ချုပ်တတ်ကြလေသည်။ တော်တော် စိတ်ပျက်စရာကောင်းပါသည်။

ကျွန်တော် ဖေဖေ့ကို ဘာမှမတိုင်ပင်တော့ရန် ဆုံးဖြတ်လိုက်သည်။

●

ဒီနေ့ညနေပိုင်းတွင် စာသင်ချိန်မရှိသဖြင့် အားလပ်နေသည်။ ကျော်ဇင်ဦးကလည်း လာမည်ဟုပြောပြီး မနက်ကတည်းက ကျောင်းနောက်ကျနေသည်မှာ ယခုအချိန်ထိမရောက်ပေ။ အရင်ကဆိုလျှင် ကလပ်စ်မရှိသည့်အခါမှာဖြစ်ဖြစ် ရှိလျက်သားနှင့် အတန်းလစ်ပြီးတော့ဖြစ်ဖြစ် ကျွန်တော်တို့နှစ်ယောက်အတူတူ မြို့ထဲသွားလည်ပတ်ကာ ရုပ်ရှင်ကြည့်နေကျဖြစ်၏။ ယခု ကျွန်တော်တစ်ယောက်တည်းဖြစ်နေသောကြောင့် ဘယ်မှလည်းမသွားချင်။

ကန်တင်းမှာထိုင်ပြီး စာရွက်ဖြူအလွတ်တစ်ရွက်ပေါ်တွင် ခဲတံတစ်ချောင်းဖြင့် ရောက်တတ်ရာရာပုံများ ရေးခြစ်နေမိသည်။ ထုံးစံအတိုင်း ကျွန်တော့်စိတ်က ဂနာမငြိမ်။ ဟိုအိမ်ကြီးအကြောင်းကိုတွေးမိပြန်သည်။



သည့်နောက် ပျင်းပျင်းရှိသည်နှင့် အဲဒီအိမ်ကြီး၏ပုံသဏ္ဍာန်ကို စာရွက်ပေါ်တွင် အကြမ်းချဆွဲနေမိ၏။ ထိုစဉ် . . .

''ထောက်. . .''

''တောက်. . . အရေးထဲမှ ခဲတံကျိုးပြန်ပြီကွာ''

ကျွန်တော် စိတ်တိုတိုဖြင့်ရေရွတ်မိသည်။ ထို့နောက် ကျွန်တော့်အိတ်ထဲတွင် အမြဲဆောင်နေကျ ဟောင်းချွန်ဓါးကိုထုတ်ပြီး ခဲတံကို ပြန်ချွန်ရတော့၏။ ဓါးသွားကထက်ပြီး အရွယ်အစားကလည်းကြီးနေသောကြောင့် ခဲဆံကို အချောမသတ်နိုင်။ ချွန်နေရင်းမှာပင်ထပ်၍ထပ်၍ကျိုးပြန်သည်။ ကျွန်တော် စိတ်မရှည်တော့။

''တောက်. . . ဟာကွာ''

အသံထွက်အောင်ပင် တောက်ခေါက်လိုက်မိသည်။ ထိုစဉ်ကျွန်တော့်နောက်ကျောဘက်ဆီမှ ရင်းနှီးနွေးထွေးသောအသံတစ်သံက . . .

''တစ်ယောက်တည်း ဘာတွေစိတ်တိုနေတာလဲ ကိုဇော်ရဲ့''

''ဟင်. . . သဉ္ဇာ''

လှည့်အကြည့်တွင် သဉ္ဇာ့ကို မမျှော်လင့်ဘဲမြင်လိုက်ရသောကြောင့် ကျွန်တော်အံ့သြသွား၏။ သူမကတော့ ဘယ်မေ့ကျကပါလိမ့်။ တက္ကသိုလ်နယ်မြေထဲတွင် သဉ္ဇာကို တစ်ခါမျှမမြင်ဖူးခဲ့သောကြောင့်ဝေဖဝါဖြစ်နေ၏။ ကျွန်တော်က . . .

''သဉ္ဇာရော ဒီနေ့ အတန်းမရှိဘူးလား''

www.burmeseclassic.com

www.burmeseclassic.com



''ဟာ. . . ကိုဇော်ကလည်း သဥ္ဇာက ဒီကျောင်းကမှမဟုတ်တာ၊ Physics မေဂျာမှာ သူငယ်ချင်းရှိလို့ လမ်းကြုံတုန်းဝင်လည်တာ၊ အဲဒါ သူငယ်ချင်းကလည်း ဒီနေ့မှအတန်းမတက်ဘူးဆိုတာနဲ့ ပြန်တော့မလို့၊ အဲဒါ ကိုဇော့်ကိုလှမ်းတွေ့လိုက်လို့ဝင်လာတာ''

''ဩော်. . . ထိုင်လေ သဥ္ဇာဘာသောက်မလဲ၊ ဒါမှမဟုတ် တစ်ခုခုစားပါလား''

''နေပါစေတော့ ကိုဇော်''

''ဟာ. . . ဘယ်ဟုတ်မလဲ၊ ခဏတော့ထိုင်ပါဦး၊ အအေးလေးဘာလေးသောက်ရအောင်''

ကျွန်တော်က ပြောပြောဆိုဆိုနှင့် ထိုင်ခုံတစ်လုံးကို ဆွဲယူပေးလိုက်သည်။ ထို့နောက် ခပ်လှမ်းလှမ်းရှိ စားပွဲထိုးလေးကို လှမ်းအော်ပြီးမှာလိုက်၏။

''ဟေး. . . ညီလေး Coke တစ်ဗူးပေး''

''ပါဆယ်ယူသွားမှာလား အစ်ကို''

စားပွဲထိုးကလေးက အူကြောင်ကြောင်ဖြင့်ပြန်မေးသည်။ ကျွန်တော်က စိတ်တိုတိုဖြင့် . . .

''ဟ. . . ဒီမှာသောက်မှာပေါ့ကွ''

သဥ္ဇာကတော့ ကျွန်တော် ဒေါသထွက်နေသည်ကိုကြည့်ပြီး ရယ်၍သာနေ၏။

ထို့နောက် သူမက စားပွဲပေါ်မှ ကျွန်တော်၏ ဆွဲလက်စပုံများကိုတွေ့သွားပြီး တအံ့တသြဖြင့် . . .

''ဟင်. . . ကိုဇော်ကဘာယ်ဆိုးလို့လဲ၊ ပန်းချီဆွဲတာလည်းတော်တယ်နော်၊ ဒါဟိုနေ့က သဥ္ဇာတို့တွေ့လိုက်တဲ့အိမ်ကြီး မဟုတ်လား''



''အင်း. . . ဟုတ်တယ်လေ၊ လာမယ့်သောကြာနေ့ကျရင်တောင် အဲဒီအိမ်ကြီးရှိမရှိ တစ်ခေါက်သွားထပ်ကြည့်ဦးမယ်လို့ စဉ်းစားထားတယ်''

ထိုစဉ် စားပွဲထိုးလေးက အအေးဗူးကို ကျွန်တော့်ရှေ့သို့ လာချသဖြင့် ကျွန်တော်ကပင် ဗူးကိုဖောက်ပြီး သဥ္ဇာ့ရှေ့သို့ တွန်းပို့လိုက်သည်။

သဥ္ဇာကတော့ အအေးဗူးထက် ကျွန်တော့်မျက်နှာကိုသာ တအံ့တသြစိုက်ကြည့်နေသည်။

''ဘာဖြစ်လို့ အဲဒီအိမ်ကြီးအကြောင်းကိုပဲ စိတ်ထဲမှာ စွဲစွဲလန်းလန်းဖြစ်နေရတာလဲ၊ ဟိုအိမ်ကြီးကဖြင့် ရှိမှမရှိတော့တဲ့ဥစ္စာ၊ ထားလိုက်ပါတော့ကိုဇော်ရယ်''

''မဟုတ်ဘူး၊ မဟုတ်ဘူး၊ သဥ္ဇာမသိတာတွေရှိသေးတယ်၊ ကိုယ်ကတော့ အဲဒီအိမ်ကြီးနဲ့ပတ်သက်လို့ သေသေချာချာစိတ်ရှင်းသွားတဲ့အထိ လေ့လာကြည့်ချင်သေးတယ်''

သဥ္ဇာက ခေါင်းကိုခါယမ်းလိုက်သည်။ ထို့နောက် လေးလေးတွဲ့တွဲ့အသံဖြင့် . . .

''မသွားရင်မဖြစ်ဘူးလား ကိုဇော်ရယ်၊ ဘာရယ်တော့မဟုတ်ဘူး၊ တစ်ခုခုဖြစ်မှာစိုးရိမ်လို့ပြောတာပါ''

''ကိုယ်ဆုံးဖြတ်ထားပြီးပြီ သဥ္ဇာ၊ ဘာပဲဖြစ်ဖြစ် ကိုယ်ရောက်အောင်သွားမယ်''

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က နှုတ်ခမ်းကိုခပ်ဖွဖွကိုက်ရင်း ပြန်ဖြေလိုက်၏။ သဿာက တိတ်တဆိတ်သက်ပြင်းချကာ. . .

''ကိုဇော်က သိပ်ခေါင်းမာတာပဲနော်''

ဟု တီးတိုးပြောသည်။ အမှန်စင်စစ် ကျွန်တော်သည် သူမထင်သလို ခေါင်းမာလှသူတစ်ဦးတော့မဟုတ်ပါ။

သို့သော် ဒီကိစ္စမှာတော့ အဲဒီရှေးဟောင်းအိမ်ကြီး၏ အသိရခက်သောအဖြေကို ရှာမတွေ့ဘဲနှင့် ကျွန်တော် နောက်မဆုတ်နိုင်တော့ပါ။ နောက်ပြီး ကျွန်တော်ဝယ်လာခဲ့မိသော စာအုပ်ဟောင်းလေးကလည်း ဘယ်လိုပတ်သက်နေသည်ဆိုခြင်းကို သိချင်နေမိသည်။

တွေးရင်းတွေးရင်း စိတ်ရှုပ်လာသောကြောင့် ကျွန်တော်က ဆွဲလက်စပန်းချီပုံကြမ်းပေါ်တွင် ခဲတံဖြင့် မေးခွန်းသင်္ကေတအကြီးကြီးတစ်ခုကို ဆတ်ခနဲဆွဲခြစ်လိုက်မိ၏။

''အို. . . မလုပ်နဲ့လေ၊ ကိုဇော်ဆွဲထားတဲ့ပုံက ဒီလောက်ကောင်းနေတဲ့ဥစ္စာ၊ လျှောက်ခြစ်ပစ်လိုက်ရင် ပျက်သွားမှာပေါ့၊ နမျောစရာကြီး''

ဟု သဿာက ကမန်းကတန်းတားသည်။

ဪ. . . ဟုတ်တာပေါ့။ သူမက ပန်းချီပုံတွေမြတ်နိုးသူကိုး။

ကျွန်တော်တို့နှစ်ယောက်သား ငြင်းခုန်နေကြသည်ကို ကန်တင်းသို့လာသော ပတ်ဝန်းကျင်မှလူတွေက စိတ်ဝင်တစားဖြင့် လှည့်ကြည့်လှည့်ကြည့်လုပ်သွားကြ၏။

ကျွန်တော်က နံဘေးမှလူတွေအားလုံးကို လစ်လျူရှုထား



လိုက်ပြီး . . .

''ကိုယ်ဆွဲထားတဲ့ပုံကို တကယ်ကြိုက်လို့လား သဿာ''

''ကြိုက်တာပေါ့၊ ဒီပုံကို ကိုဇော်အသုံးမလိုဘူးဆိုရင် လွှင့်တော့မပစ်လိုက်နဲ့၊ သဿာ့ကိုပေးနော်၊ အမှတ်တရသိမ်းထားချင်လို့''

ကျွန်တော် သူမကို အားနာသွားသည်။

''ယူလေ. . . သဿာ၊ ဒါပေမဲ့ ကိုယ့်လက်ရာကတော့ သိပ်မကောင်းဘူးနော်''

သဿာက တစ်ချက်ပြုံးလိုက်ပြီး . . .

''ကောင်းပါတယ်. . . ကိုဇော်ရဲ့၊ ကိုဇော့်လက်ရာကိုမြင်မှ အကူအညီတောင်းချင်စိတ်တစ်ခု ပေါ်လာတယ်''

''ဘာများလဲ သဿာ''

''သဿာ့ဆီမှာ ရှေးဟောင်းပန်းချီကားတစ်ချပ်ကို ရိုက်ထားတဲ့ဓါတ်ပုံတစ်ပုံရှိတယ်၊ မူရင်းပန်းချီကားက ဟောင်းနေရတဲ့အထဲ ရိုက်ထားတဲ့ဓါတ်ပုံက ဆေးသားညှိုတော့ အရောင်တွေကွာပြီး မှိုင်းတိုင်းဝါးတား ဖြစ်နေတယ်၊ ယခင်မူရင်းမရှိတော့ ပြန်ကူးလို့လည်းမရနိုင်တော့ဘူး၊ အဲဒါ ဖြစ်နိုင်ရင် အဲဒီဓါတ်ပုံကိုကြည့်ပြီး ကိုဇော် ပြန်ကူးဆွဲပေးပါလားဟင်၊ အနီးစပ်ဆုံးပေါ့''

''အင်း. . . ကိုယ်ကြိုးစားကြည့်မယ်လေ''

ကျွန်တော်က မယုတ်မလွန်ပြောလိုက်၏။ ကျွန်တော့်လက်ရာအကြောင်း ကျွန်တော်အသိဆုံးဖြစ်သည်။ စောစောစီးစီး စကားကိုလွန်အောင်ပြောထားကာမှ နောင်အခြေအနေမဟန်၍ ပြန်ငြင်းရမှင် မျက်နှာပူစရာမလိုတော့။

www.burmeseclassic.com

www.burmeseclassic.com



သဌာကတော့ ကျွန်တော့်ကို ရှိုးရှိုးသားသားပင် ကျေးဇူးတင်နေပုံရ၏။

''အဲဒါဆို ကျေးဇူးပဲကိုဇော်၊ မနက်ဖြန်ကျရင် အဲဒီပန်းချီကားဓါတ်ပုံလေးတွေကို သဌာလာပေးမယ်နော်၊ တာ့တာ''

ပြောပြောဆိုဆိုဖြင့် ထိုင်နေရာမှ သူမ ထရပ်သည်။ ထိုအခါကျမှ အအေးဗူးကို သူမ လုံဝမသောက်ရသေးမှန်း ကျွန်တော်သတိထားမိသွားပြီး . . .

''အအေးသောက်သွားဦးလေ သဌာ''

''ဟင့်အင်း. . . ကိုဇော်၊ လည်ချောင်းတွေနာနေလို့ ရေတောင် ရှိုးရှိုးရေပဲသောက်ရတယ်၊ အအေးနဲ့မတည့်ဘူး၊ စောစောကတည်းက ပြောမလို့ဟာကို ကိုဇော်မှာလိုက်တာက ဦးသွားလို့၊ ကဲ. . . သွားပြီနော်''

ပြောပြောဆိုဆိုဖြင့် သူမက လှည့်ထွက်သွား၏။ ကျန်နေသော Coke ဗူးကို ကျွန်တော်ပဲသောက်လိုက်ရတော့သည်။

ပိုက်ဆံများ ကြဲကြဲဖန်ဖန်ကုန်ချင်ရင် ဒီလိုပါပဲ။

■

## အခန်း (၉)

ဒီနေ့ မနက်(၈)နာရီကျော်မှ အိပ်ရာကနိုးသည်။

ဒုက္ခပါပဲ။ ကျောင်းတော့နောက်ကျတော့မယ် ထင်တယ်။

တော်သေးသည်။ ဒီနေ့မနက်ပိုင်း စာသင်ချိန်များတွင် ဓဂျာဘာသာတွဲတစ်ခုမှမပါ။

သို့သော် နေ့လည်(၁၁)နာရီမတိုင်ခင်လောက်တော့ ကျောင်းသို့ရောက်မှဖြစ်မယ်ဟု ကျွန်တော်တွေးလိုက်၏။ သဌာက ဒီနေ့ပြန်ခဲ့မယ်ဟု ပြောသွားခဲ့သည်မဟုတ်လား။

ကန်တင်းမှာများ သူမ လာထိုင်စောင့်နေလေမလား မပြောတတ်ချေ။ မနေ့ကလည်း ဘယ်အချိန်ဘယ်နေရာမှာ ဆုံမည်ကိုသေသေအချာမမေးလိုက်ရ။ ကျွန်တော် ကမန်းကတန်းထပြီး မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



သစ်ကာ ရေချိုးအဝတ်အစားလဲသည်။

နံနက်စာစားနေစဉ် တယ်လီဖုန်းသံက မြည်လာသောကြောင့် ကျွန်တော်က . . .

``ဟဲလို. . . အမိန့်ရှိပါ''

``ငါပါကွ. . . ကျော်ဇင်ဦးပါ''

``ဟ. . . ခွေးကောင်၊ ငါကတော့ဖြင့် မင်းကို မနေ့ညနေတုန်းက ကန်တင်းမှာထိုင်ပြီး တစ်ချိန်လုံးစောင့်လိုက်ရတာ၊ မင်းက ဘာဖြစ်လို့ ပေါ်မလာတာလဲ''

ကျွန်တော်က ဦးအောင်ဝေါက်ဆတ်ဆတ်ပြောလိုက်သည်။ သူက. . .

``ငါလာပါတယ်ကွ၊ ကန်တင်းနားတောင်ရောက်သေးတယ်၊ မင်းကိုလည်းတွေ့သားပဲ၊ မင်းကသာ ဘယ်တွေကို အာရုံရောက်နေတယ်မသိဘူး၊ ငါလာတာကိုတောင်မမြင်ဘဲ စကားတွေ တတွတ်တွတ် ပြောနေတာ''

သူ့စကားကြောင့် ကျွန်တော်ပြုံးလိုက်မိ၏။ မနေ့က ကျွန်တော် သဇ္ဈာနှင့်အတူထိုင်ပြီး စကားပြောနေသည်ကို ဒီကောင်တွေ့သွားလိမ့်မည်။ ဒါကြောင့်မို့ သူ ကျွန်တော့်ကို ရိနေခြင်းဖြစ်ပုံရသည်။

ကျွန်တော်က လှောင်ရယ်ရယ်လိုက်ပြီး . . .

``မင်းထင်သလိုမဟုတ်ပါဘူးကွာ၊ ကိုယ့်အကြောင်းနဲ့ကိုယ်ပါ၊ အေးဆေး. . . သူငယ်ချင်း''

``အေးဆေးဆိုလည်းပြီးတာပဲကွာ၊ ငါကတော့ မင်းကို



သွားမှာစိုးလို့ သတိပေးမလို့''

သူ့စကားကြောင့် ကျွန်တော်က အော်ဟစ်ရယ်မောလိုက်၏။ မိန်းကလေးကိစ္စနဲ့ရှုးရအောင် ငါက ဆယ့်လေးငါးနှစ်သားလေးမှ မဟုတ်တော့ပဲဟ သူ့ကို ပြောလိုက်ချင်သည်။ သို့သော် စေတနာဖြင့် သတိပေးလာသည်ကို စော်ကားသလိုဖြစ်မှာစိုးသောကြောင့် အလိုက်သင့်ပင် . . .

``ခုလိုသတိပေးတာ ကျေးဇူးပဲသူငယ်ချင်း''

ဟုသာ ပြောလိုက်သည်။ ထို့နောက် ကျော်ဇင်ဦးက နေ့လည်ကျလျှင် ကျောင်းတွင်ဆုံရန်ပြောပြီး ဖုန်းချသွား၏။

ကျွန်တော်ကတော့ ဟိုလိုလိုဒီလိုလိုဖြင့် နောက်ထပ်တစ်နာရီခန့်ကြာမှ အိမ်ကထွက်ဖြစ်သည်။

●

(၁၁)နာရီခန့်တွင် ကျောင်းသို့ရောက်ပြီး ကန်တင်းမှာ သွားထိုင်ကာ သဇ္ဈာကိုရော ကျော်ဇင်ဦးကိုပါမျှော်နေမိသည်။ နေ့လည်(၁)နာရီခွဲသည်အထိ တစ်ယောက်တည်း ကြောင်တောင်တောင်ထိုင်နေသည်ကို ပျင်းလာသည်။ 'သဇ္ဈာမလာလောက်တော့ဘူးထင်တယ' ဟု စိတ်လျှော့လိုက်မိ၏။

ထို့ကြောင့် မြို့ထဲသို့သွားရန် ဆုံးဖြတ်လိုက်သည်။ အဓိက ရည်ရွယ်ချက်ကတော့ ရှေးဟောင်းပစ္စည်းရောင်းသောဆိုင်ကလေးသို့ ပြန်သွားချင်သည်။ ကျွန်တော်ဝယ်လာခဲ့သော ပန်းချီဆရာမောင်သုန်

www.burmeseclassic.com

www.burmeseclassic.com



၏ မှတ်စုစာအုပ်နှင့်ပတ်သက်ပြီး ရနိုင်သမျှ စုံစမ်းကြည့်ချင်သေးသည်။

ဒီလိုနှင့် တစ်ယောက်တည်း ဘတ်စ်ကားမှတ်တိုင်ကို ရောက်လာခဲ့သည်။ ဘတ်စ်ကားပေါ်ကိုတက်ပြီးတော့ ကျင့်သားရနေသည့် မသိစိတ်က သဥ္ဇာပါလာလေဦးမလားဟုတွေးကာ မျက်လုံးအကြည့်ဖြင့် လိုက်ရှာမိသည်။ မတွေ့ရ။

ဘတ်စ်ကားစီးတိုင်း သဥ္ဇာနှင့်တွေ့ချင်သေးသော မိမိအဖြစ်ကို မိမိပြန်တွေးကာ 'ငါ တော်တော်ကြောင်တာပဲ' ဟု စဉ်းစားရင်းပြုံးမိ၏။

မှတ်တိုင်မှာဆင်းပြီးနောက် ရှေးဟောင်းပစ္စည်းဆိုင်သို့ လမ်းအနည်းငယ်လျှောက်ရသေးသည်။ ခါတိုင်းက ငါးမိနစ်သာသာခန့် လျှောက်ရသောအကွာအဝေးကို (ဒီနေ့ စိတ်စောနေသောကြောင့်လား မပြောတတ်) သုံးမိနစ်ခန့်မျှလျှောက်လိုက်ရုံဖြင့် ဆိုင်ရှေ့သို့ရောက်လာ၏။

သို့သော် ဆိုင်ရှေ့၌ရပ်မိလျှင်ရပ်မိချင်းမှာပင် ကျွန်တော့်ရင်ထဲတွင် အမောဆို့သွားသည်။

ဆိုင်တံခါးက သော့ခတ်ထားလျက်တန်းလန်း။ နောက်ပြီး မှန်တံခါးအတွင်းဘက်၌ ဆိုင်ရှင်ဖြစ်သူ ခရီးထွက်သွားသဖြင့် နောက် ဆယ်ရက်ခန့်အကြာမှ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း စက္ကူဖြူတစ်ရွက်ပေါ် ရေးသားကာ ကပ်ထားသည်ကိုတွေ့ရလေသည်။

"အရေးထဲကျမှကွာ. . . တောက်"

ကျွန်တော် မချင့်မရဲဖြင့်ညည်းညူမိသည်။ ကျွန်တော့်ဘ



တွင် အဲသည်လို တိုက်တိုက်ဆိုင်ဆိုင် နှောင့်နှေးကြန့်ကြာရသော အဖြစ်မျိုးတွေ မကြာခဏကြုံဖူးသည်။ ကြာတော့လည်း ကိုယ်တစ်ယောက်ချည်းပဲ ကံက တမင်ဆိုးနေသလားဟုပင် စိတ်အချဉ်ပေါက်ပေါက်ဖြင့် တွေးမိ၏။

တကယ်ဆိုလျှင် ဆိုင်ပိုင်ရှင်ခရီးထွက်သည့်ကိစ္စမှာ မဆန်းလှပေ။ သူ့ဆိုင်မှာတင်ရန် ရှေးဟောင်းပစ္စည်းများကို မြန်မာပြည်နေရာအနှံ့အပြား သတင်းကြားရာနေရာတိုင်းသို့ အနှံ့ခံလိုက်ကာဝယ်ယူနေကျဖြစ်သည်ကို ကျွန်တော်ကိုယ်တိုင်လည်း အသိပင်။

သို့သော်လည်း အခုလို ကိုယ့်အတွက်လိုအပ်နေချိန်မှာ ထိုသူခရီးထွက်နေချိန်နှင့် တိုက်ဆိုင်ပုံမျိုးကိုတော့ အလကားနေရင်း စိတ်တိုမိသည်။

ကျွန်တော် မကျေမနပ်ဖြင့် ဘတ်စ်ကားမှတ်တိုင်ဆီသို့ နောက်ကြောင်းပြန်လျှောက်ခဲ့၏။ ဒီတစ်ခါတော့ အလာတုန်းကလို မဟုတ်တော့။ ခေါင်းငိုက်စိုက်ချလျက် ခြေလှမ်းတွေက လေးလေးတွဲ့တွဲ့။

မြို့ထဲဘက်သို့ပြန်မည့်ဘတ်စ်ကားတစ်စင်း ကျွန်တော့်ဘေးမှ ဖြတ်ကျော်တက်သွားပြီး မှတ်တိုင်တွင် ထိုးရပ်လိုက်သည်ကို မြင်ရသည်။

ကျွန်တော်က မှတ်တိုင်နှင့်သိပ်မဝေးတော့သောကြောင့် အပြေးကလေးသွားလိုက်လျှင် ထိုဘတ်စ်ကားကို မီမည်ဖြစ်သော်လည်း စိတ်က အားသွန်ခွန်စိုက်မလုပ်ချင်လောက်အောင် လေးလေးတွဲ့တွဲ့ဖြစ်နေသောကြောင့် ဒီအတိုင်းပင် ငေးကြည့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရပ်သွားသောဘတ်စ်ကားပေါ်မှ မိန်းကလေးတစ်ယောက် အပြေးကလေးဆင်းပြီး သူ့ထံသို့လာနေ၏။

''ဟင်. . . သဉ္ဇာ''

ဒီတစ်ခါတော့ သူမက အဝါရောင်ဝတ်စုံဝတ်ထားပြီး လည်ပင်းတွင် အဝါရောင်၏ဆန့်ကျင်ဘက်အရောင်ဖြစ်သည့် ခရမ်းရောင်တောက်တောက်ပိုးလည်စည်းကို စည်းထား၏။

သူမက ကျွန်တော့်ရှေ့သို့ရောက်သည်နှင့် . . .

''ဟင်. . . ကိုဇော်ကဘယ်လိုဖြစ်ပြီး ဒီကိုရောက်နေတာလဲ. သဉ္ဇာက အခုပဲ ကိုဇော်တို့ကျောင်းကိုသွားမလို့၊ ညနေပိုင်းအတန်းပြီးချိန်လောက်ကို မှန်းပြီးထွက်လာတာ''

''အင်း. . . ဟုတ်တယ်၊ ဒီနေ့ အတန်းလစ်ပြီး ရှေးဟောင်းပစ္စည်းဆိုင်လာကြည့်တာလေ''

ကျွန်တော်၏စကားကြောင့် သူမက မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း . . .

''ဟင်း. . . တော်သေးတာပေါ့၊ ဒီက ဘတ်စ်ကားနဲ့ ဖြတ်သွားတုန်းပလက်ဖောင်းပေါ်မှာ ကိုဇော်နဲ့တူပါတယ်လေဆိုပြီး သတိထားကြည့်မိလိုက်ပေလို့၊ နို့မဟုတ်ရင် သဉ္ဇာတစ်ယောက်တည်းကျောင်းကိုရောက်သွားပြီး ဟိုကျမှ ကိုဇော်နဲ့မတွေ့ဘဲ ယောင်လည်လည်ဖြစ်နေရဦးမယ်''

သူမ၏စကားက အပြစ်တင်သည်မဟုတ်ပါဘဲနှင့် ကျွန်တော့်မှာ အပြစ်ရှိသလို ခံစားလိုက်ရသည်။ ထို့ကြောင့် . . .

''ဆောရီးပဲ သဉ္ဇာ၊ ဪ. . . ဒါနဲ့ ကိုယ့်ကိုဆွဲနိုင်းမယ်ဆိုတဲ့ဓါတ်ပုံရော ပါလာပြီလား''

''ပါတယ်. . . ကိုဇော်၊ ဒီမှာ''

သူမထုတ်ပြသောဓါတ်ပုံကို ကြည့်လိုက်တော့ ပုံက အကော်ကို မှုန်ဝါးနေ၏။

ဓါတ်ပုံထဲမှာ ကုတ်အင်္ကျီဖါးဖါးနှင့်လူတစ်ယောက် ကျောပေးရပ်နေသည်။ ထိုသူ၏နောက်ကျောတွင်တော့ ဓါးမြှောင်တစ်ချောင်းစိုက်ဝင်နေ၏။

'ဒါ. . . ပန်းချီကားလား၊ ဓါတ်ပုံလား'

မသံမထွက်ဘဲ စိတ်ထဲကတွေးလိုက်မိသည်။ သဉ္ဇာက ပန်းချီကားကို ရိုက်ယူထားသောဓါတ်ပုံဟု ပြောထားနှင့်သောကြောင့်သာ လက်ခံလိုက်ရသည်၊ အကြောင်းမသိလျှင် တကယ့်လူအစစ်တစ်ယောက်၏ နောက်ကျော၌ ဓါးစိုက်ဝင်နေသည်ကို ကိုယ်တွေ့မျက်မြင် ရိုက်ယူထားသည်ဟုပင် ထင်စရာကောင်းနေ၏။

မူရင်းပန်းချီလက်ရာက တကယ့်ကို သဘာဝကျကျ အသေးစိတ်ပီပြင်အောင် ခြယ်မှုန်းထားသောကြောင့်ဖြစ်ပေလိမ့်မည်။ အဲသည်လောက်ကြီး လက်ရာမြောက်အောင်ဆွဲနိုင်ဖို့ ကျွန်တော့်မှာ လုံးဝပါရမီမရှိပါ။

သို့သော် သဉ္ဇာ အကူအညီတောင်းလာသည်ကို ချက်ချင်းငြင်းပယ်ရမှာအားနာသဖြင့် . . .

''ကိုယ် ကြိုးစားကြည့်မယ်နော်''

ဟု ခပ်တည်တည်ဖြင့်ပြောပြီး ဓါတ်ပုံကို အိတ်ထဲထည့်ထားလိုက်၏။ ထို့နောက် . . .



www.burmeseclassic.com

www.burmeseclassic.com



``အင်း. . . သဥ္ဇာက ကိုယ့်ကို ပန်းချီရေးခတော့ ပေးရလိမ့်မယ်''

``ဘာများလဲကိုဇော်''

``သောကြာနေ့ကျရင် ဟိုအိမ်ကြီးကို ကိုယ်သွားရာတဲ့အခါ ကိုယ်နဲ့အတူလိုက်ခဲ့ပါလား သဥ္ဇာ''

သဥ္ဇာက တွေတွေငေးငေးလေးဖြစ်သွား၏။ ထို့နောက် သူမက ကျွန်တော့်ကို မျက်လုံးချင်း ရင်ဆိုင်၍မကြည့်ဘဲ ဟိုးအဝေးမိုးကုတ်စက်ဝိုင်းဆီသို့ အကြည့်ကိုလွှဲဖယ်ကာ ငေးမောရင်း . . .

``ဟုတ်ကဲ့''

ဟု တိုးညင်းစွာ ဖြေသည်။

■

## အခန်း (၁၀)

မှောင်ရီပျိုးစအချိန်။

ပန်းခြံငယ်လေးရှေ့မှာ ချိန်းဆိုထားသည့်အတိုင်း ကျွန်တော်တို့နှစ်ယောက်သား ဆုံမိကြ၏။

သဥ္ဇာက ဒီနေ့တော့ အနက်ရောင်ဆင်တူဝတ်လာသည်။ လည်စီးကလည်း အနက်ရောင်။

သူမကတော့ မျက်နှာအနည်းငယ်ပျက်နေသည်။ သူမကြောက်နေရှာပေလိမ့်မည်။ ကျွန်တော့်ကိုယ်ကျွန်တော် သူမအပေါ် မတရားအနိုင်ကျင့်သလိုဖြစ်နေလေပြီလားဟု ခံစားမိ၏။

တကယ်ဆိုလျှင် သူမနှင့်ဘာမှမဆိုင်သော ဒီကိစ္စထဲသို့ အတင်းဆွဲခေါ်လာရန်မသင့်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က . . .

''သိပ်ကြောက်နေသလား သဏ္ဍာ''

''ဟင့်အင်း''

မကြောက်ဘူးဟုငြင်းသော်လည်း သူမ၏မျက်ဝန်းများက ညှိုးလျော်နေ၏။ ကျွန်တော်က အားပေးနှစ်သိမ့်သည့်လေသံဖြင့် . . .

''ကဲ. . . လာပါသဏ္ဍာရယ်၊ ဟိုရောက်တော့လည်း ဘာမှမရှိဘဲ ဖြစ်ချင်ဖြစ်နေမှာပေါ့၊ တကယ်ပဲအိမ်ကြီးက အဖျက်ခံလိုက်ရလို့ အစအနတောင် မကျန်တော့ဘူးနဲ့တူတယ်''

ဟု ပြောရင်း ကားလမ်းတစ်ဖက်ဆီသို့ကူးကာ လမ်းကွေ့ချိုးလေးအတိုင်း ဝင်လိုက်ကြသည်။

တကယ်လည်း ကျွန်တော်ပြောသည့်အတိုင်း ဖြစ်ပါစေဟု ဆုတောင်းနေမိသည်။ သို့သော် . . . ကျွန်တော့်ဆုတောင်းမပြည့်ပါ။

ချုံနွယ်ပိတ်ပေါင်းများအကြားတွင် မိစ္ဆာစံအိမ်ကြီး ဘွားခနဲ ပေါ်လာသည်ကို ကျွန်တော်တို့နှစ်ဦးစလုံး လှမ်းမြင်လိုက်ကြရလေသည်။

●

အသက်ရှူရပ်သွားမတတ် ခံစားလိုက်ရသည်။

''ဟင်''

ကျွန်တော့်နှုတ်မှ အလန့်တကြားရေရွတ်မိ၏။ သဏ္ဍာကတော့ အသံပင်မထွက်တော့ချေ။

တစ်ခုခုတော့မှားယွင်းနေသည်မှာ သေချာ၏။ သာမန်အိမ်



တစ်လုံးသည် ပေါ်လာလိုက်ပျောက်သွားလိုက် ဖြစ်စရာအကြောင်းမရှိပါ။

အိမ်ကြီးကိုကြည့်ရင်း ကြက်သီးဖြန်းကနဲထမိသည်။ မဲမှောင်မှိုင်းညို့နေသော အိမ်ကြီးတစ်အိမ်လုံးကို မိစ္ဆာအငွေ့အသက်တွေ လွှမ်းခြုံထားသည်ဟု ခံစားရသည်။

ကျွန်တော့်က သဏ္ဍာ့လက်ကို တင်းတင်းဆုပ်ကိုင်ရင်း အိမ်ကြီးဆီသို့ တရွေ့ရွေ့တိုးခဲ့၏။ ဟောင်းနွမ်းပြိုပျက်နေသည့် အုတ်လှေကားထစ်များအတိုင်း တရွေ့ရွေ့တက်လာခဲ့သောအခါ ရုပ်လုံးရုပ်ကြွများထုဆစ်ထားသည့် အိမ်အဝင်တံခါးမကြီးနှစ်ချပ်ကို လှမ်းမြင်ရသည်။

ပျောက်ဆုံးသွားသော ပန်းချီဆရာ၏မှတ်စုထဲကအတိုင်း တံခါးရွက်တစ်ချပ်ကတော့ ခပ်ဟဟပွင့်လျက်သား။

ကျွန်တော်က အရဲစွန့်ကာ ရှေ့သို့တိုးသွားပြီး တံခါးတစ်ချပ်ကို တွန်းဖွင့်လိုက်လေသည်။

''ကျွီ''

ဆီမရှိသော တံခါးအိုကြီး၏ပတ္တာမှ မြည်သံက ဆွဲဆွဲငင်ငင်ငိုညည်းလိုက်သံနှင့်တူနေသည်။ အတွင်းခန်းတစ်ခုလုံးကို အမှောင်တွေက ဖုံးလွှမ်းထား၏။ ဖုန်နံ့တွေ ပုပ်အဲ့အဲ့အနံ့တွေက မသတီစရာကောင်းနေသည်။

ကျွန်တော်တို့နှစ်ယောက် အခုရောက်ရှိနေသောအခန်းသည် ဧည့်ခန်းဖြစ်ပုံရ၏။ ဒီအခန်းမှတဆင့် အိမ်ကြီး၏အတွင်းပိုင်းသို့ဖြတ်ရန် တံခါးပေါက်နှစ်ပေါက်ကို တွေ့ရသည်။ တံခါးတစ်ချပ်က ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်မျက်နှာမူထားသော ရှေ့တည့်တည့်တွင်ရှိပြီး ကျန်တံခါးတစ်ချပ်ကတော့ ခပ်လှမ်းလှမ်းတွင်ရှိသည့် လက်ယာဘက်အိမ်နံရံ၏ ထောင့်စွန်းတွင်ဖြစ်သည်။

''ကဲ. . . ဖြစ်ချင်ရာဖြစ်ကွာ''

စိတ်ထဲမှ ရဲဆေးတင်သည့်အနေဖြင့် တစ်ယောက်တည်း ကျိတ်ပြောကာ ရှေ့တည့်တည့်ရှိ တံခါးပေါက်အတွင်းသို့ ကျွန်တော်တိုးဝင်သွားလိုက်၏။

''ဝေါ. . . ဝရော. . . ကျွီ. . . ကျွီ''

ရုတ်တရက်ပေါ်ထွက်လာသောအသံများကြောင့် ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။ သေသေချာချာကြည့်လိုက်တော့ ကြွက်တွေ. . . ကြွက်တွေ။

ဥဒဟိုပြေးလွှားကာ သစ်သားနံရံတွေ စားပွဲခုံတွေကို ကိုက်ဖဲ့ဖျက်ဆီးနေကြသော ကြွက်များသည် ကျွန်တော် ရုတ်တရက်ဝင်သွားသောကြောင့် ကျွဲတွေနွားတွေကို အုပ်လိုက်ကြီးမောင်းနှင်လွှတ်လိုက်သလို ဒရောသောပါး ဆူညံစွာပြေးလွှားကြခြင်းဖြစ်လေသည်။

နောက်တော့ ကြွက်များသည် သစ်သားနံရံတွေနောက်ကို အသီးသီးပြေးဝင်သွားကြ၏။ သူတို့ကိုက်ဖဲ့ဖျက်ဆီးထားသည့် နံရံရှိ အပေါက်ငယ်များမှ ခေါင်းပြူကာ ကျွန်တော့်ကိုချောင်းကြည့်နေကြသည်။

သူတို့၏ ပြူးကြောင်ကြောင်မျက်စိသေးသေးလုံးလုံးလေးများကို တွေ့နေရသည်။ တကျွီကျွီတဂျစ်ဂျစ်နှင့် ကုတ်ခြစ်ကိုက်ဖြတ်နေသံများကိုလည်း ကြားရ၏။



''ဟင်. . . ဒါ. . . ဒါက''

ကျွန်တော် အံ့ဩလွန်း၍ ကိုယ့်မျက်စိကိုယ်ပင်မယုံနိုင်အောင်ဖြစ် သွားသည်။

ကျွန်တော်ရောက်ရှိနေသော အခန်းကျယ်ကြီး၏အလယ်တွင် ရှည်လျားသောစားပွဲတစ်လုံး၊ မျက်နှာချင်းဆိုင်က နံရံအောက်ခြေမှာ မီးလင်းဖိုတစ်ခု။ ပြီးတော့. . . ပြီးတော့. . .။

မီးလင်းဖိုကြီး၏နံဘေးတွင် နောက်မှီမြင့်မြင့်နှင့် ခန့်ငြားလှသော ကျွန်းသားကုလားထိုင်ကြီးတစ်လုံး။

ကုလားထိုင်နောက်ဘက်ရှိနံရံပေါ်တွင် တွဲလောင်းကျနေသည်ကတော့ တုတ်ခိုင်သောကြိုးကြီးတစ်ချောင်း။

''ဟာ''

ကြောက်လန့်စိတ်ဖြင့် ကျွန်တော် ယောင်ယမ်းပြီးအော်မိသည်။ ချက်ချင်းပင် သဉ္ဇာ့ကိုသတိရသည်။ သဉ္ဇာကြောက်နေလေမလား။

ကျွန်တော် ချာခနဲလှည့်ကြည့်လိုက်သည်။ သဉ္ဇာ့ကိုမတွေ့ရ။ ကျွန်တော်တစ်ယောက်တည်း။ ဟင်. . . ဒါဆို. . . သဉ္ဇာ ဘယ်မှာလဲ''

''သဉ္ဇာရေ. . . သဉ္ဇာ''

ကျွန်တော်က အော်ဟစ်ခေါ်ရင်း ထမင်းစားခန်းထဲမှ ပြန်ပြေးထွက်ခဲ့သည်။ ဧည့်ခန်းထဲမှာလည်း မတွေ့။

''သဉ္ဇာ. . . မင်းဘယ်မှာလဲ''

ကျွန်တော် သွေးရူးသွေးတန်းဖြင့် အသံကုန်အော်ဟစ်နေမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ စောစောက ကျွန်တော်မဝင်ဖြစ်ခဲ့သော လက်ယာဘက်နံရံ အစွန်းရှိတံခါးက တစ်ဝက်တစ်ပျက်ပွင့်နေသည်ကို သတိထားလိုက်မိသည်။ ကျွန်တော် ထိုတံခါးဆီသို့ တစ်ဟုန်ထိုးပြေးသွားလိုက်သည်။

အခန်းထဲသို့ ဝုန်းခနဲအရှိန်ဖြင့် တိုးဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော့်ခြေထောက်ကတစ်စုံတစ်ရာကို တက်နင်းမိသည်။ ကျွန်တော် စမ်းပြီးကောက်ယူလိုက်၏။

``ဟာ. . . သွားပြီ``

သဉ္ဇာ၏လည်ပင်းမှ အနက်ရောင်လည်စီးပုဝါလေး။

ဒါ. . . ဒါဆို သဉ္ဇာ ဘာဖြစ်သွားပြီလဲ၊ သဉ္ဇာ. . . သဉ္ဇာ။

ကျွန်တော် ဆောက်တည်ရာမရဖြစ်နေ၏။ သဉ္ဇာ့နာမည်ကို အော်ခေါ်ရင်း အခန်းထဲလျှောက်ပြေးနေမိသည်။

ထိုစဉ်မှာပင် မျှော်လင့်မထားသည့်အရာတစ်ခုကို ဘွားခနဲ မြင်လိုက်ရလေသည်။

ကျွန်တော်ပျောက်ဆုံးသွားသော ပန်းချီဆရာ၏မှတ်စုစာအုပ်ကလေး။

●

ထိုစာအုပ်သည် အခန်းထောင့်ရှိ ဖုန်အလိမ်းလိမ်းတက်နေသော ကုတင်တစ်လုံးပေါ်တွင် ရောက်နေသည်။

ဒီနေရာကို ဘယ်သူလာထားသွားတာလဲ။



ကျွန်တော် ကမန်းကတန်းပြေးသွားပြီး ထိုစာအုပ်ကို ကောက်ကိုင်ကာ စာမျက်နှာများကို အလျင်စလိုလှန်လှောလိုက်မိသည်။

စာရွက်တစ်ရွက်က တစ်ပိုင်းတစ်စစုတ်ပြဲနေ၏။ ကျွန်တော့်ညီမလေးကြောင့်ပြဲသွားသော စာမျက်နှာဖြစ်ပေလိမ့်မည်။

ကျွန်တော့်ထံတွင် တစ်ပိုင်းတစ်စပါလာသည့်စာရွက်မှ 'သောကြာနေ့' ဟူသော စာသား၏နောက်ဆက်တွဲ စကားလုံးတွေကို အခုမှပင် အပြည့်အစုံတွေ့ရတော့သည်။

ဒီစာအုပ်ထဲတွင်ကျန်ရစ်နေခဲ့သည့် စာကြောင်းအပြည့်အစုံက. . .

'လကွယ်ညမျိုးမှာ ဒီအိမ်ကို ဘယ်တော့မှမလာမိစေနဲ့'

ဒါ. . . ဒါ. . . ဘာအဓိပ္ပါယ်လဲ။

သောကြာနေ့လကွယ်ညမှာ ဒီအိမ်ကိုမလာဖို့ သတိပေးထားသည်။ ဘယ်သူရေးတာလဲ၊ ဘယ်သူ့ကိုသတိပေးတာလဲ။

စိတ်ရှုပ်ထွေးတုန်လှုပ်စွာဖြင့် နောက်ထပ်စာတစ်မျက်နှာကို ကျွန်တော် လှန်လိုက်သည်။

ခဲဖြင့်ရေးခြစ်ထားသော ပုံကြမ်းတစ်ပုံကို တွေ့ရပြန်သည်။

လူတစ်ယောက်က ကုတင်တစ်လုံးဘေးတွင်ရပ်ပြီး စာအုပ်တစ်အုပ်ကို စိတ်ပါဝင်စားစွာ ကြည့်နေသည့်ပုံဖြစ်၏။

ထိုပုံထဲမှ စာအုပ် ငုံ့ဖတ်နေသူ၏မျက်နှာကို ကျွန်တော် သေသေချာချာကြည့်လိုက်သည်။

``အား``

ကြောက်လန့်လွန်းသဖြင့် ချက်ချင်းပင် ကျွန်တော့်ဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com



လွင့်စင်သွားသလို ခံစားလိုက်ရ၏။

ထိုပန်းချီပုံထဲမှာ ကုတင်ဘေးတွင်ရပ်ကာ စာအုပ်ကြည့်နေသူ၏မျက်နှာသည် ကျွန်တော့်မျက်နှာနှင့် ချွတ်စွပ်တူနေပေသည်။

သေမလောက်ကြောက်ရွံ့စိတ်ဖြင့် ငယ်သံပါအောင်အော်ဟစ်ပြီး ထိုအိမ်ကြီးထဲမှ ကားလမ်းမဆီသို့ ကျွန်တော် တစ်ဟုန်ထိုးပြေးထွက်လာမိတော့သည်။

## အခန်း (၁၁)

အကြောက်ပြေသောအခါတွင်မှ ဝမ်းနည်းယူကျုံးမရစိတ်က ကျွန်တော့်ရင်ထဲတွင် ပြုံကျလာသည်။

သဥ္ဇာ. . . သဥ္ဇာ ဘာဖြစ်သွားပြီလဲ။

အခုလို ကျွန်တော့်ကြောင့် သူမ ဒုက္ခရောက်လိမ့်မည်မှန်း ကြိုသိခဲ့လျှင် အစကတည်းက လိုက်ခဲ့ဖို့ခေါ်ဖြစ်လိမ့်မည်မဟုတ်ပါ။ အခုတော့။

သူမ ဘယ်ဆီကိုရောက်နေပြီလဲ။ ဘာတွေများဖြစ်နေပြီလဲ။

သဥ္ဇာ့အတွက် ကျွန်တော့်မှာသာ တာဝန်အရှိဆုံးဖြစ်မှန်း ကိုယ့်ကိုယ်ကိုသိနေသည့်စိတ်က တစိမ့်စိမ့်ခြောက်လှန့်နေသည်။ တကယ်ဆိုလျှင် အဲသည်အိမ်ကြီးထဲမှာ သူမကို မတွေ့မချင်း လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရှာဖို့ကောင်းသည်မဟုတ်လား။

အခုတော့ အဲသည်အိမ်ကြီးဆီကိုပြန်သွားဖို့ လာမည့်သောကြာနေ့အထိ စောင့်ရပေဦးတော့မည်။ ဒီရက်ပိုင်းအတွင်းမှာ ဘယ်သူ့ကိုမှ ပြောပြ၍မရသော ကြေကွဲနောင်တရမှုဖြင့် ကျွန်တော်တစ်ယောက်တည်း ကျိတ်ပြီး စိတ်ဒုက္ခရောက်နေရသည်။

ပိုဆိုးသည်က လာမည့်သောကြာနေ့သည် လကွယ်နေ့ဖြစ်နေခြင်းပင်။ အမှန်အတိုင်းဝန်ခံရလျှင် မိစ္ဆာစံအိမ်ကြီးဆီသို့ တစ်ခေါက်ထပ်သွားရန် ကျွန်တော်ကြောက်နေ၏။

သို့သော် အဲသည့်အကြောက်တရားထက် သဇ္ဇာ့အကြောင်းတွေးမိတိုင်း 'ငါ့မှာအပြစ်ရှိတယ်' ဟူသည့်အတွေးဖြင့် မိနစ်တိုင်း စက္ကန့်တိုင်း စိတ်ဆင်းရဲနေရသည့်ဒုက္ခက ကျွန်တော့်ကို ပို၍နှိပ်စက်နေသည်။

ဘာပဲဖြစ်ဖြစ် . . .

လာမည့် သောကြာနေ့လကွယ်ညမှာတော့ မိစ္ဆာစံအိမ်ကြီးဆီသို့ ကျွန်တော် မရောက်ရောက်အောင်သွားမှဖြစ်တော့မည်။

ညနေစောင်းကတည်းကပင် မိုးက အချိန်အခါမဟုတ်ဘဲ တဖွဲဖွဲရွာသွန်းစပြုလာသည်။ အမှောင်ကြီးစိုးသည့်အချိန်သို့ရောက်သောအခါတွင်ကား လေရောမိုးပါ သည်းထန်လျက်ရှိနေလေပြီ။

အိမ်အိုကြီး၏ရှေ့တွင်ရပ်ရင်း ကြောက်စိတ်ဖြင့် ကျွန်တော့်



တစ်ကိုယ်လုံး တုန်ယင်နေသည်။ ခြေထောက်တွေက မရွေ့လျားချင်အောင်ပင်ဖြစ်နေသည်။ ကျွန်တော့်တစ်ကိုယ်လုံးလည်း မိုးရေတွေထဲမှာ ရွဲနစ်နေလေပြီ။

တစ်ချက်တစ်ချက် လျှပ်စီးလက်လိုက်သော အလင်းရောင်အောက်တွင် အိမ်အိုကြီးကိုမြင်ရသည်မှာ ကြီးမားသော သချိုင်းဂူကြီးတစ်ခုဟုပင် ထင်စရာကောင်းနေသည်။ မိုးစက်တွေရော့ယမ်းကာ လေပြင်းကြမ်းကြမ်းတိုက်လိုက်တိုင်း အိမ်အိုကြီး၏ပြတင်းတံခါးများ ဝုန်းဝုန်းဒိုင်းဒိုင်း လှုပ်ခါယမ်းသွားကြသည်ကို မြင်ရသည်။

ကြောက်ရွံ့တုန်လှုပ်နေလျက်နှင့်ပင် စိတ်က သဇ္ဇာ့ကို ဖျတ်ခနဲသတိရလိုက်သည်။ ဘာပဲဖြစ်ဖြစ် ငါ့အပြစ်ကိုငါဆေးကြောတဲ့အနေနဲ့ သဇ္ဇာ့ကိုတွေ့အောင်ရှာမှဖြစ်မယ်ဟုတွေးရင်း အိမ်အိုကြီး၏လှေကားထစ်များအတိုင်း မျက်စိစုံမှိတ်ကာ ကျွန်တော်ပြေးတက်သွားသည်။

''ဝုန်း''

ခပ်ဟဟပွင့်နေသောတံခါးချပ်ကြီးကို ပုခုံးဖြင့်တိုက်ကာ တွန်းဖွင့်လိုက်သည်။ အရင်တစ်ခေါက်ကတွေ့ခဲ့ရသည့်အတိုင်းပင် ညှော်နံ့သည် ဖုန်အလူးလူးဖြင့် ဖရိုဖရဲဖြစ်လျက်။ ပြတင်းပေါက်မှ ပက်နေသောမိုးရေကြောင့် ကြမ်းပြင်၏တစ်ချို့နေရာများသည် စိုစွတ်ကာ ရေကွက်များရေစီးကြောင်းများ ဖြစ်နေကြသည်။

ကျွန်တော်က ပြတင်းပေါက်ဆီသို့ အမှတ်တမဲ့လှမ်းကြည့်လိုက်ရာ . . .

''ဟာ''

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်တန်းဆီမှ တွဲ
လောင်းကျနေသော လူသေအလောင်းသုံးလောင်း။

''အား''

ကြောက်စိတ်ဖြင့် တစ်ဖက်သို့မျက်နှာလွှဲလိုက်သည့်အခါတွင်လည်း မျက်နှာကြက်မှတွဲလောင်းကျနေသည့်
အလောင်းများကို မြင်လိုက်ရပြန်သည်။

လူသေအလောင်းတို့၏ ဖြူဆွတ်ဆွတ်မျက်နှာများက ကျွန်တော့်ကို စိုက်ကြည့်နေကြသည်။

''မဟုတ်ဘူး. . . မဟုတ်ဘူး. . . ဒါတွေ တကယ်မရှိဘူး။ ငါ ကယောင်ကတမ်းနဲ့မြင်နေတာ''

ကျွန်တော်က မျက်စိကိုစုံမှိတ်ပြီး အထိတ်တလန့်အော်ဟစ်နေမိ၏။

''ကိုဇော်. . . ဘာဖြစ်လို့ ဒီကိုပြန်လာရတာလဲ''

ရင်းနှီးပြီးသားလေသံတစ်ခုကို တိုးတိုးဖွဖွကြားလိုက်ရသည်။

ကျွန်တော် ဆတ်ခနဲ မျက်လုံးကိုဖွင့်ကြည့်လိုက်သည်။

''ဟင်. . . သဥ္ဇာ''

သဥ္ဇာက ကျွန်တော့်ရှေ့တွင်ရပ်နေလေသည်။ သူမ၏မျက်နှာက ခါတိုင်းထက်ပို၍ ဖြူဖတ်ဖြူရော်ဖြစ်နေ၏။ မျက်ကွင်းများ ပို ချိုင့်သွားသောကြောင့် မျက်လုံးပတ်ပတ်လည်တွင် မည်းမှောင်၍နေသည်။

''သဥ္ဇာ. . . ဘာမှမဖြစ်ဘူးနော်''

ကျွန်တော်က ထိတ်လန့်စိတ်တစ်ဝက် ဝမ်းသာစိတ်တစ်ဝက်



ဖြင့်ပြောရင်း သူမရှိရာဆီသို့ တိုးသွားရန်ဟန်ပြင်လိုက်ရာ သဥ္ဇာက နောက်သို့ ခြေတစ်လှမ်းဆုတ်သွား၏။ ထိုစဉ် အပြင်ဘက်ဆီမှ ဝင်းကနဲလက်လိုက်သော လျှပ်စီးရောင်က ပြတင်းပေါက်မှန်ကိုရောင်ပြန်ဟပ်ပြီး သဥ္ဇာ၏မျက်နှာဆီသို့ အလင်းရောင်ဖြာလက်သွားစဉ် တစ်ခဏတွင်. . .

သဥ္ဇာ၏လည်ပင်းပေါ်မှ အသားထဲသို့နစ်မြုပ်ဝင်နေသော ကြိုးဒဏ်ရာကို တွေ့လိုက်ရလေသည်။

ဘုရား. . . ဘုရား။ ဒါကြောင့် သူ လည်စီးကိုအမြဲတမ်း ဝည်းထားတာကိုး။

''ဟုတ်တယ်. . . ကိုဇော်၊ ဒါ သဥ္ဇာ့ဘဝအမှန် '

သဥ္ဇာက ကျွန်တော့်စိတ်ထဲမှအတွေးကို သိနေသည့်အလား နန်ခံလိုက်ပြီးနောက် အလောတကြီးလေသံဖြင့် . . .

''သဥ္ဇာ့ကိုခွင့်လွှတ်ပါ ကိုဇော်၊ အခု ဒီအိမ်ထဲက အပြန်ဆုံး ွက်သွားပါတော့၊ သွားတော့ ကိုဇော်. . . သွား၊ အချိန်မရှိတော့ဘူး''

ကမန်းကတန်းပြောပြီး သူမကချာခနဲလှည့်ကာ မီးဖိုခန်းထဲသို့ ပြေးဝင်သွား၏။ တ. .ကတ်တည်းမှာပင် မီးဖိုခန်းတံခါးကိုလွှန်လိုက် သည်နှင့် ဝုန်းခနဲ ဟစ်စုံတစ်ရာလဲပြိုသံကို ကျွန်တော်ကြားလိုက်ရ သည်။

''သဥ္ဇာ''

ကျွန်တော်က ယောင်ယမ်းပြီးအော်ခေါ်ရင်း ပြေးလိုက်ဝင် ွားမိသည်။ ဘာဖြစ်သွားပြီလဲ၊ ဘာဖြစ်သွားပြီလဲ။

မီးဖိုခန်းတံခါးကို ကျွန်တော်တွန်းဖွင့်လိုက်သောအခါ သဥ္ဇာ

www.burmeseclassic.com

www.burmeseclassic.com





ကိုမတွေ့ရတော့။ တံခါးကြားထဲမှ ကြွက်ကလေးတစ်ကောင် ပြေးထွက်သွားသည်ကိုသာ တွေ့လိုက်ရတော့သည်။

●

အခန်းထဲတွင်ကား အရင်တစ်ခေါက်ကလိုပင် ကြွက်များက ယောက်ယက်ခတ်ပြေးလွှားရင်း ဆူညံလျက်။

အခန်းအလယ်တွင် စားပွဲရှည်ကြီးတစ်လုံး နံရံအနီးတွင် မီးလင်းဖိုတစ်ခု၊ ကျွန်းကုလားထိုင်အိုကြီးတစ်လုံးနှင့် မျက်နှာကြက်မှ တွဲလောင်းကျနေသော ကြိုးတစ်ချောင်း။

ကျွန်တော်က ထိုကြိုးရှိရာဆီသို့မျက်နှာမူပြီး တရွေ့ရွေ့တိုးသွားသည်။ ပန်းချီဆရာ၏အကြောင်းကို ပြန်ပြီးအမှတ်ရမိသည်။ သူဒီကြိုးကြောင့်သေသွားခဲ့ရတာပေါ့။

ပြီးတော့. . . သဥ္စာ။ သူမလည်း အဲဒီပန်းချီဆရာအတိုင်း ကံဆိုးခဲ့ရတယ်ထင်ပါရဲ့။

ကြည့်ရင်းကြည့်ရင်းနှင့် အဲဒီကြိုးကို ကျွန်တော်မုန်းတီးလာသည်။ ဒီကြိုးကို မီးရှို့ပစ်လိုက်လျှင်ကောင်းမည်ဟု စက်ဆုပ်စွာတွေးလိုက်မိ၏။ ခက်သည်က မီးဖိုထဲမှာလည်း မီးမရှိ။ ကျွန်တော့်အိတ်ထဲမှာလည်း မီးခြစ်ပါမလာ။

ထိုအတွေးနှင့်အတူ ဂျာကင်အင်္ကျီအိတ်ကို စမ်းလိုက်မိရာမှ အနည်းငယ်လေးလံသော တစ်စုံတစ်ရာကို စမ်းမိသွား၏။

ဟင်. . . ငါ့မှာ မောင်းချခါးပါလာသားပဲ၊ ဒီဓါးနဲ့ ကြိုးကိုဖြတ်ပစ်လိုက်ရင်ရတာပေါ့။

ထိုသို့စဉ်းစားလိုက်မိသည့် တစ်ခဏမှာပင် အခန်းတစ်ခုလုံး ချောက်ချားဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွား၏။ စောစောက ကြားနေရသည့်ကြွက်တို့၏ ပြေးလွှားသံများကို မကြားရတော့။

ကြွက်တွေ. . . ကြွက်တွေ ဘယ်ရောက်ကုန်ကြပြီလဲ။

ဖျတ်. . . ဖျတ်. . . ဖျတ်. . .။

တစ်စုံတစ်ယောက်၏ခြေသံလား။ ဟင့်အင်း. . . မဖြစ်နိုင်ပါ။ အခန်းတစ်ခုလုံးကို ကျွန်တော်ဝေ့ပြီးကြည့်လိုက်သည်။

နံရံပေါက်များနောက်မှ ငြိမ်သက်တိတ်ဆိတ်စွာဖြင့် ကျွန်တော့်ကိုချောင်းကြည့်နေကြသော ကြွက်ပေါင်းများစွာကို တွေ့မြင်ရ၏။

''ငါတို့ကိုကယ်ပါ. . . ငါတို့ကိုကယ်ပါ''

ကြွက်တွေက အသံမထွက်ဘဲ အော်ဟစ်နေကြတာလား။ ကျွန်တော့်မသိစိတ်၏နားထဲတွင် ထင်ယောင်ထင်မှားကြားနေရတာလား။

တကယ်စင်စစ် ဘာသံမှမကြားရဘဲ ပကတိတိတ်ဆိတ်နေပါလျက် အော်ဟစ်အကူအညီတောင်းသံတွေက ဆူညံနေသည်ဟု အာရုံထဲမှာ ကြားနေရလေသည်။

ကျွန်တော်က လူသတ်ကြိုးဆီသို့ လှမ်းကြည့်လိုက်၏။ ထိုတစ်ခဏတွင် ပြတင်းပေါက်အပြင်ဘက်မှ လျှပ်စီးရောင်က ဝင်းကနဲလက်သွားသည်။

ထိုလျှပ်စီးရောင်ဖြင့် ကျွန်တော်မြင်လိုက်ရသည်က အခန်း

www.burmeseclassic.com

www.burmeseclassic.com



ပတ်ပတ်လည်မှောင်ရိပ်ထဲတွင်ရပ်ပြီး ကျွန်တော့်ကိုစိုက်ကြည့်နေကြသည့် . . . လူများ။

''ဟင် . . . ဘယ်သူတွေလဲ''

နောက်တစ်ကြိမ် လျှပ်စီးလက်လိုက်ပြန်သည်။ ကျွန်တော် သေချာအောင်ထပ်ကြည့်လိုက်၏။

ဘယ်သူမှ ရှိမနေတော့ပါ။

ကျွန်တော် အရမ်းကြောက်လာသည်။ အခန်းထဲမှ တစ်ဟုန်ထိုးပြေးထွက်သွားရန် စိတ်ကူးလိုက်၏။ မသွားခင် ဒီမရဏကြိုးကို ဖျက်ဆီးပစ်ခဲ့မှဖြစ်မည်။

ကျွန်တော် အရဲစွန့်ပြီး ကုလားထိုင်ပေါ်သို့တက်ကာ ခြေစုံရပ်လိုက်သည်။ ထို့နောက် ကြိုးကိုလှမ်းကိုင်လိုက်ရာ . . .

''ဟာ''

ကျွန်တော်တက်ပြီးရပ်နေသော ကုလားထိုင်က ရုတ်တရက် ခြေထောက်တစ်ချောင်းကျိုးပြီး ရွတ်ခနဲယိုင်နဲ့သွားသဖြင့် အောက်ကို ငုံ့ကြည့်ရင်း လဲကျမသွားစေရန် ဟန်ချက်ကိုထိန်းလိုက်ရ၏။

ကုလားထိုင်ခြေထောက်က လုံးလုံးလျားလျားပြုတ်ထွက်မသွားဘဲ တည်းတည်းကျန်နေသေးသောကြောင့် တော်သေး၏။

ကုလားထိုင်ငြိမ်သွားသည်နှင့် ကျွန်တော်က ကြိုးကိုပြန်မော့ကြည့်လိုက်သည်။ ကြိုးကမရှိတော့။

''ဟင် . . . ကြိုးဘယ်ရောက်သွားပြီလဲ''

''ကြိုးက မင်းလည်ပင်းမှာလေကွာ''

အေးစက်သောစကားသံကြောင့် ထိတ်လန့်တုန်လှုပ်စွာဖြင့် ကျွန်တော်လှမ်းကြည့်လိုက်သည်။



မလှမ်းမကမ်းတွင်ရပ်နေသော အသက်ကြီးကြီး ဥရောပတိုက်သားတစ်ဦး။ သူ့မျက်လုံးအစုံနှင့် သွားကိုအဖြဲသားလုပ်နေပုံမှာ ရက်စက်မှုအပြည့်နှင့်။ ထိုသူက ကုတ်အကျႌဖားဖားကြီးတစ်ထည်ကို ဝတ်ပြီး လည်ပင်းမှာ မာဖလာတစ်ထည်ကိုပတ်ထားသည်။

သို့သော် မာဖလာက ခပ်လျော့လျော့ဖြစ်နေသောကြောင့် သူ့လည်ပင်းပေါ်မှ မရဏကြိုးကွင်းရာကို ထင်းထင်းကြီးမြင်နေရ၏။ ထိုသို့မြင်လိုက်ရတော့မှပင် ကျွန်တော်လည်း အလန့်တကြားဖြင့် ကိုယ့်လည်ပင်းကိုယ် ပြန်စမ်းမိလိုက်သည်။

မရဏကြိုးကွင်းက ကျွန်တော့်လည်ပင်းမှာ စွပ်နေလေပြီ။

''ဟင် . . . ဒါ . . . ဒါက ဘယ်လိုဖြစ်သွားတာလဲ၊ ကျွန်တော် မသေချင်သေးဘူး၊ ကျွန်တော့်ကိုမသတ်ပါနဲ့''

ကျွန်တော်က သွေးရူးသွေးတန်းဖြင့်ရုန်းကန်ရင်း လက်ထဲမှ မောင်းချဓါးဖြင့် ကြိုးကိုလှီးဖြတ်မိသည်။

ကြိုးက မပြတ်။

ကုတ်အကျႌနှင့်လူက . . .

''မင်းကို ငါမသတ်ပါဘူး၊ ဒါပေမဲ့ လူတိုင်းဟာ သေဒဏ်ကျပြီးသားပဲ၊ မင်းလည်ပင်းကကြိုးဟာ မင်းမွေးကတည်းက ပါလာတာပါ''

''ဘာ . . . ဘာပြောတယ်''

ထိုသူက ကျွန်တော့်အမေးကိုမဖြေဘဲ ကျောခိုင်းလှည့်ထွက်သွားရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



``မင်းက ဘာလို့ ဒီကြိုးကို မှန်းတီးပြီးဖြတ်ပစ်ချင်နေရတာလဲ၊ ဒီကြိုးက မင်းကိုစောင့်နေရတာ အရမ်းကိုကြာနေခဲ့ပါပြီ''

ထိုသူကပြောရင်း နံရံပေါ်မှာ ပန်းချီကားတစ်ချပ်ဆီသို့ ဦးတည်၍ တရွေ့ရွေ့လျှောက်သွားလေသည်။

သူ့နောက်ကျောကိုကြည့်ရင်း တစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရလိုက်သည်။ သဥ္ဇာက ကျွန်တော့်ကို ကူးဆွဲဖို့ပေးခဲ့သောပုံထဲကလူဟာ ဒီလူပါပဲလား။ အခုလိုပဲ ကုတ်အင်္ကျီဖားဖားနဲ့။

ပြီးတော့ . . .

သူ့နောက်ကျောမှာ ဓါးတစ်ချောင်း စိုက်ဝင်နေသည်မဟုတ်လား။

ကျွန်တော်သိလိုက်ပြီ။ ကျွန်တော့်လက်ထဲမှမောင်းချဓါးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်သည်။

ထိုသူက ပန်းချီကားထဲသို့ တိုးဝင်သွားသည့်အလား မှုန်ဝါးဝါး ပျောက်ကွယ်စပြုနေလေပြီ။ ကျွန်တော် စဉ်းစားမနေတော့ဘဲ တစ်ဟုန်ထိုးပြေးကာ ထိုသူ့နောက်ကျောကို ဓါးဖြင့်စိုက်ချလိုက်သည်။

ဓါးသွားက ပိတ်စမာမာတစ်ချပ်ကို ထိုးခွဲလိုက်သလိုမျိုး။

``အား''

ပန်းချီကားထဲမှ ချောက်ချားဖွယ်ရာအသံနက်ကြီးတစ်ခု ထွက်ပေါ်လာသည်၊ ပန်းချီကားကင်းဘတ်စ အစိတ်စိတ်အမွှာမွှာဖြစ်သွားသည်နှင့်အတူ နာကျင်မှု နာကြည်းမှုအပြည့်နှင့် အသံဆိုးကြီးကလည်း ပဲ့တင်ထပ်သွား၏။

ပြီးသွားပြီ။ ဒါကို ငါ အဆုံးသတ်လိုက်နိုင်ပြီ။



ကြမ်းပြင်ပေါ်တွင် နေရာမလပ် တဝေါဝေါမြည်သံများကို ကြားရသည်။ ကြွက်တွေ. . . ကြွက်တွေ အမှောင်ရိပ်ထဲမှ တရကြမ်း ပြေးထွက်လာနေကြသည်။

ဆူညံနေ၏။ အပြင်ဘက်မှာ လေသံမိုးသံတွေ ငြိမ်သက်သွားသည်ဟု ကျွန်တော်ထင်မိသည်၊ ကြွက်အကောင်ကြီးကြီးတစ်ချို့က ကျွန်တော့်ခြေထောက်ကြားမှ တိုးဝှေ့ပြီး တံခါးပေါက်ဆီသို့ ဦးတည်ပြေးသွားကြသည်။

ကျွန်တော့်အကြည့်က တံခါးဝဘက်သို့ရောက်သွားရာ အပြင်ဘက်မှာရပ်နေသော သဥ္ဇာကို တွေ့လိုက်ရ၏။

သူမက တစ်စုံတစ်ရာပြောချင်ဟန်ဖြင့် ကျွန်တော့်ကို စောင့်ဆိုင်းနေသည်။ ကျွန်တော် သူမအနီးသို့ရောက်သွားသောအခါ. . .

``သွားတော့မယ်နော် ကိုဇော်၊ ကျွန်မတို့အားလုံး ဒီအိမ်ကြီးနဲ့ဝေးရာဆီကို သွားကြတော့မယ်၊ ကျွန်မတို့ကိုကူညီတာ ကျေးဇူး. . . ကျေးဇူးတင်ပါတယ်''

သူမပြောပုံဆိုပုံက တစ်မျိုးကြီးဖြစ်နေသည်။ ကျွန်တော့်ကို စိုက်ကြည့်နေသည့် မျက်လုံးတွေကလည်း အားဖျော့နာကျင်နေပုံရ၏။

သူမ ဘာဖြစ်နေတာလဲ။

``ဘာဖြစ်နေတာလဲ သဥ္ဇာ၊ ကိုယ်လည်း ဒီအိမ်ကြီးထဲမှာ တစ်စက္ကန့်တောင်မှမနေချင်တော့ဘူး၊ လာ. . . ကိုယ်တို့ ဒီနေရာက အမြန်ဆုံးထွက်ရအောင်''

ကျွန်တော့်စကားကြောင့် သူမ၏မျက်နှာက အရမ်းကြေကွဲဝမ်းနည်းသွားသူတစ်ယောက်လို ရီရီဝေဝေဖြစ်သွားပြီး ရှိုက်သံသဲ့သဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် . . .

``ကိုဇော်. . . ကိုဇော်က လိုက်လို့မရတော့ဘူးလေ၊ နေရစ် . . . နေရစ်ခဲ့တော့နော်''

``ဘာ. . . ဘာပြောတယ်''

သူမ၏စကားကြောင့် ကျွန်တော် အလောတကြီးပြန်မေးလိုက်သည်။ အံ့သြတုန်လှုပ်မှုဖြင့် ကျွန်တော့်လက်တွေတုန်ယင်ကာ လက်ထဲမှမောင်းချခါးက လွတ်ကျသွားပြီး ကျွန်တော့်ခြေဖမိုးတည့်တည့်ကို 'ဒေါက်' ခနဲ စိုက်ဝင်သွားလေတော့သည်။

အံ့သြဖို့ကောင်းသည်။

လုံးဝနာကျင်မှုမရှိ. . .။ ကျွန်တော်က ဓါးကို တအားပြန်ဆွဲနုတ်လိုက်သည်။ ဓါးက ကျွန်တော့်လက်ထဲတွင်ပါလာ၏။

ကျွန်တော့်ခြေထောက်ကို ကျွန်တော်ငုံ့ကြည့်လိုက်တော့ ဓါး စိုက်ခံထားရသည့်ဒဏ်ရာနေရာမှ သွေးတစ်စက်မှမထွက်ချေ။

``ဟင်. . . ငါ ဘာဖြစ်သွားတာလဲ''

တုန်လှုပ်ချောက်ချားစွာဖြင့် သဉ္ဇာ့ကို ကျွန်တော် မော့ကြည့်လိုက်သည်။ သဉ္ဇာက စကားတစ်ခွန်းမှမပြောနိုင်ရှာဘဲ ကျွန်တော့်နောက်ကျောဘက်ဆီသို့သာ လက်ညှိုးထိုးပြနေ၏။

ကျွန်တော် လှည့်ကြည့်လိုက်သည်။

လေထဲတွင်တွဲလောင်းဖြစ်နေသော ကျွန်တော့်၏ခန္ဓာကိုယ်ကြီးကို တွေ့လိုက်ရလေသည်။



ကျွန်တော် အားလုံးကိုနားလည်သွားသည်။

ရုတ်တရက် ဝမ်းနည်းလွန်းသောကြောင့် ယောက်ျားတန်မဲ့ အော်ဟစ်ငိုကြွေးလိုက်၏။ သို့သော် မျက်ရည်ကတော့ထွက်မလာပါ။

မျက်ရည်ဆိုသောအရာသည် သေဆုံးသွားပြီဖြစ်သော ကျွန်တော်၏လူ့ဘဝမှာပင် ကျန်ရစ်ခဲ့လေပြီပဲ။

●

သရဲတစ္ဆေဆိုတာဟာ ကြေကွဲဝမ်းနည်းမှုတွေပုံအပ်ပြီး ရင်နင့်နီးပေးဆပ်ခဲ့ရတာတောင်မှ ကိုယ့်ပါးပြင်ပေါ်ဟာသုတ်ဖို့ မျက်ရည်တစ်စက်နှစ်စက်လောက်ကို ပြန်ရခွင့်မရှိတဲ့ ဘဝဆိုးမျိုးပဲလို့. . .

ခင်ဗျားတို့ သိကြမှာမဟုတ်ဘူး။

●

www.burmeseclassic.com

www.burmeseclassic.com

# သဒ္ဓါ

(သို့မဟုတ်)

ကိုယ့်ကြေကွဲမှုကို ကိုယ်တိုင်လမ်းပြခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com

ကိုဇော်ရေ. . . ကျွန်မဟာ အစကတော့ ကိုဇော့်ကို ဒီအိမ်
ကြီးဆီ မရောက်ရောက်အောင်လာဖို့ ဖျားယောင်းလမ်းပြခဲ့သူ တစ်
ယောက်ပေါ့။

ဒါပေမဲ့ အဲဒီအဖြစ်ဟာ နောက်ဆုံးမှာ အခုလိုကျွန်မရဲ့ ကြေ
ကွဲမှုတွေကို ကိုယ်တိုင်လမ်းပြခေါ်ဆောင်လာခဲ့မိမယ်ဆိုတာ ဘယ်သိ
ခဲ့မှာလဲ။

ဟိုတစ်ချိန်က . . .

ကျွန်မဟာလည်း ရှေးဟောင်းပစ္စည်းဆိုင်တစ်ဆိုင်က စာအုပ်
လေးတစ်အုပ်ကို ဝယ်ခဲ့မိသူပါ။ အဲဒီစာအုပ်ရဲ့ဖမ်းစားမှုကြောင့်ပဲ
ရွှာစံအိမ်ကြီးဆီကို ရောက်ခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာဝိညာဉ်ငြိတွယ်နေတဲ့ ပန်းချီကားကိုလည်း ဖျက်ဆီးပစ်ဖို့ မသိခဲ့လေတော့ ကျွန်မကိုယ်တိုင် အဖြစ်ဆိုးနဲ့ကြုံခဲ့ရတယ်။

ဒါတွေကို ကိုဇော်မှန်းဆကြည့်လိုက်ရင် ဆက်စပ်ပြီးသိမှာပါလေ။

တကယ်တမ်း ရိုးရိုးသားသားပြောရရင် ကိုဇော့်ကို အားကိုးတဲ့စိတ်နဲ့ ဒီအိမ်ကြီးဆီကို မသိမသာခေါ်လာမိပေမယ့် ကျွန်မရဲ့စိတ်ကူးတွေ ပြောင်းလဲသွားတယ်လို့ပြောရင် ကိုဇော်ယုံမှာလားဟင်။

ကိုဇော့်ကိုခင်တွယ်ပြီး သံယောဇဉ်ဖြစ်သွားတဲ့နောက်ပိုင်းမှာဖြစ်နိုင်ရင် ကိုဇော့်ကို ဒီအိမ်ကြီးနဲ့ ဝေးဝေးနေစေချင်တယ်။

မှတ်စုစာအုပ်လေးထဲမှာလည်း ကျွန်မ ရေးခဲ့ပါသေးတယ်။

'သောကြာနေ့လကွယ်ညမျိုးမှာ ဒီအိမ်ကို ဘယ်တော့မှ မလာမိစေနဲ့. . .' လို့။

အဲဒါ. . . သဥ္စာ သေခါနီးဆဲဆဲအချိန်မှာ ဒီစာအုပ်ကိုရမယ့်တခြားသူတွေ ကိုယ့်လိုအဖြစ်မျိုးနဲ့မကြုံရအောင် နောက်ဆုံးအသက်ငင်နေတုန်း ရေးခဲ့တာပေါ့။

ကိုဇော်နဲ့ ပထမဦးဆုံးဆုံပြီးတဲ့နေ့မှာပဲ အဲဒီစာအုပ်လေးကို ကိုဇော့်ဆီကပြန်ယူဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်၊ ကိုဇော်စိတ်ပျက်လက်လျှော့သွားအောင်ပေါ့။

ဒါပေမဲ့ အဖြစ်အပျက်တွေအားလုံးဟာ ရည်ရွယ်ထားတဲ့အတိုင်း စနစ်တကျဖြစ်တတ်ကြတာမှ မဟုတ်ပဲလေ။

ကျွန်မလေ. . . မလာသင့်မှန်းသိလျက်နဲ့တောင် တွေ့ချင်လွန်းလို့ ကိုဇော်ရှိတဲ့ကျောင်းကို လိုက်လာခဲ့မိသေးတယ်၊ အဲဒီတုန်းကဆို ဘေးလူတွေအမြင်မှာ ကိုဇော်တစ်ယောက်တည်း အဖေအားတွေမှာ စကားတွေပြောလို့ အထူးအဆန်းဖြစ်နေတာ တွေ့လိုက်ရတော့ ကိုယ့်ကိုယ်ကိုမှားပြီဆိုတာ သိလိုက်တယ်။

ဒါပေမဲ့ ကိုဇော့်ကိုစိုးရိမ်လို့ လာပြီးသတိမပေးဘဲလည်း မနေနိုင်ပြန်ဘူး။ ကိုဇော်က မိစ္ဆာအိမ်ကြီးဆီကိုသွားဖို့ပြောတိုင်း ကျွန်မအမျိုးမျိုးတားဖို့ ကြိုးစားခဲ့ပါသေးတယ်။ ကိုဇော် မှတ်မိတယ်မဟုတ်လားဟင်။

ကိုယ်သံယောဇဉ်ရှိတဲ့သူကို ဒုက္ခရောက်အောင် ကိုယ်ကိုယ်တိုင်ပဲ လမ်းပြရလိမ့်မယ်လို့ ဘယ်အိပ်မက်ဆိုးထဲမှ မမက်ခဲ့ဖူးပါဘူး။

ဒါပေမဲ့ တကယ့်အဖြစ်အပျက်က အိပ်မက်ဆိုးထက်တောင်မှ ကျွန်မရင်ကို ပိုပြီး ကြေကွဲစေပါသေးတယ်။

ကိုဇော့်ရဲ့ပေးဆပ်မှုနဲ့ ကျွန်မဘဝလွတ်မြောက်ခဲ့ရတာကို ဝမ်းသာရမှာလားဟင်။ ဒါမှမဟုတ် အဲဒီလွတ်လပ်မှုကို နှလုံးသားနဲ့လဲလှယ်ခဲ့ရလို့ ဝမ်းနည်းရမှာလား။

ဟင့်အင်း. . . ကျွန်မ မသိဘူး။

ကျွန်မ ငိုမိတော့မယ်။

ကျွန်မသာ လူဖြစ်ခွင့်ရမယ်ဆိုရင် နှလုံးသားကိုရော လွတ်လပ်မှုကိုရော ပိုင်ဆိုင်ခွင့်ရတဲ့ လူ့ဘဝမျိုးကိုရဖို့ ဆုတောင်းပေးပါလားဟင်။

ကျွန်မသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ခဲ့ပါတယ် ကိုဇော်ရယ်။

■

## နိဂုံး

ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ကလေးထဲသို့ ကျွန်တော် ဝင်ခဲ့သည်။ ဆိုင်ပိုင်ရှင်က မှန်ဗီရိုများကို ဖုန်သုတ်နေရာမှ ကျွန်တော့်ကို မြင်သွားသောအခါ . . .

"ဘယ်လိုလဲကွ၊ ဒီတစ်ခါဘာဝယ်ဦးမလဲ၊ ဦးလေးတောင် ပုပ္ပါးဘက်သွားပြီး ပစ္စည်းထူးထူးခြားခြားတွေလိုက်ပယ်နေတာ မနေ့ကမှပြန်ရောက်တယ်၊ ဒီမှာ. . . ကြည့်သွားဦးလေ"

သူက ဈေးနှုန်းလေဘယ်လ်အသစ်ကပ်ထားသော မြေသေးတံများ၊ အရိုးအိုးအပိုင်းအစများနှင့် ဘာရုပ်ပုံမှန်းမသိရသော ကျောက်ထွင်းရုပ်တုများဘက်သို့ မေးငေါ့ပြရင်းပြောသည်။

ကျွန်တော်က သူ့ကိုပြုံးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com





ကျွန်တော် သေဆုံးသွားပြီဆိုခြင်းကို သူမသိသေးချေ။ ကျွန်တော်က . . .

''ဒီတစ်ခါ ဝယ်ဖို့လာတာမဟုတ်ဘူးဦးလေးရေ၊ ဦးလေးဆီက ဝယ်သွားတဲ့ပစ္စည်းတစ်ခု ပြန်ရောင်းချင်လို့''

ဟုပြောရင်း နောက်ကျောမှ မှတ်စုစာအုပ်အဟောင်းလေးကို ထုတ်ယူကာ မှန်ဗီရိုပေါ်တင်ပေးလိုက်သည်။

သူက ထိုစာအုပ်လေးကိုမြင်သောအခါ တစ်ချက် မျက်မှောင်ကျုံ့သွား၏။ ထို့နောက် တစ်စုံတစ်ရာကိုတွေးနေသလို ငိုင်တိုင်တိုင်ဖြစ်သွားသည်။

ကျွန်တော်က ရယ်ရယ်မောမောဖြင့် . . .

''ဘာလဲ. . . ဈေးဖြတ်ဖို့စဉ်းစားနေတာလား၊ ကျွန်တော်ဝယ်သွားတဲ့ဈေးအတိုင်း ပြန်ရောင်းမှာမဟုတ်ပါဘူး ဦးလေးရဲ့၊ ဦးလေးပေးနိုင်တဲ့ဈေးနဲ့ပဲ ရောင်းခဲ့မှာပါ''

ဆိုင်ပိုင်ရှင်က ခေါင်းကိုခါယမ်းရင်း . . .

''မဟုတ်ဘူး. . . မဟုတ်ဘူး၊ ငါစဉ်းစားနေတာက ဒီစာအုပ်ကို ဟိုးအရင်တုန်းက လာဝယ်ဖူးတဲ့သူတစ်ယောက်အကြောင်း စဉ်းစားနေတာ၊ တိုက်တိုက်ဆိုင်ဆိုင်ကွာ တူပဲတူနိုင်လွန်းတယ်''

''ဘာတူတာလဲ. . . ဦးလေးရဲ့''

''လွန်ခဲ့တဲ့ (၂) နှစ်လောက်တုန်းကပေါ့၊ ဒီမှတ်စုစာအုပ်လေးကို မိန်းကလေးတစ်ယောက် လာဝယ်သွားခဲ့ဖူးတယ်၊ (၆) လလောက်လည်းကြာရော ငါ့ဆိုင်ကိုပြန်ရောက်လာပြီး အခု မင်းပြောသလိုပြောပြီးတော့ အဲဒီစာအုပ်ကို ပြန်ရောင်းသွားတော့တာပဲ''

သူ့စကားကြောင့် ကျွန်တော်ပြုံးလိုက်သည်။

အဲဒီမိန်းကလေးသည် မည်သူဖြစ်မည်ဆိုသည်ကို ကျွန်တော်မှန်းဆပြီးသိနေ၏။

သို့သော် ကျွန်တော် သူ့ကို ဘာမှမပြောတော့ပါ။

ဆိုင်ပိုင်ရှင်က လှမ်းပေးသည့်ငွေစက္ကူအနည်းငယ်ကို ယူပြီး ဆိုင်ထဲမှပြန်ထွက်ခဲ့သည်။

ကျွန်တော့်ရင်ထဲမှာတော့ မတွေးချင်သောအတွေးတစ်ခုက အလိုလိုကပ်ပါလာ၏။

ဒီတစ်ကြိမ်တွင် အဲဒီမှတ်စုစာအုပ်လေးကို လာဝယ်မည့်ကံဆိုးသူက ဘယ်သူဖြစ်လေမလဲ။

ကျွန်တော် စောင့်မျှော်ရပေလိမ့်မည်။

**ဘဝဆိုသည်မှာ တကယ်တော့ စောင့်ဆိုင်းရခြင်းသာဖြစ်ပါသည်. . .။**

■

**သတိုးဘေ**

www.burmeseclassic.com

www.burmeseclassic.com




စာမူခွင့်ပြုချက်အမှတ် | ၃၀၀၅၉၉၀၅၀၇ |




ကလေးကစားစရာ မျက်နှာဖုံးပြုလုပ်သူတစ်ယောက်က သူပြုလုပ်သည့် မျက်နှာဖုံးများတွင် လူ့သေကောင်မှရလာသောဆံပင်ကို တပ်ဆင်ပေးလိုက်မိသည်။

ထိုမျက်နှာဖုံးကို တပ်ဆင်မိသည့်မိန်းကလေးမှာ ကွယ်လွန်ပြီးသား ပရလောကသားများကို လမ်းပေါ်တွင် မြင်နေရသည့်အခါ. . .

နောက်ပြီး အဲသည့်မျက်နှာဖုံးကို ဘယ်လိုမှ ပြန်ချွတ်၍မရတော့။

ရွှေလမျှော်

www.burmeseclassic.com

www.burmeseclassic.com

## ဒေဝစကြာ

### တစ္ဆေရောင်းရန်ရှိသည်

- အင်တာနက်ဝဘ်ဆိုက်ပေါ်မှ တစ္ဆေရောင်းရန်ရှိသည်ဆိုသော ကြော်ငြာကို စိတ်ဝင်စားမိသည့် ခေတ်ပညာတတ် လူချမ်းသာတစ်ဦး
- အိတ်ဆောင်နာရီကို မှီကပ်နေသော မျက်နှာဖြူတစ္ဆေ
- ကြောက်ရွံ့ထိတ်လန့်ဖွယ်ဖြစ်ရပ် ဝက်ဘာထဲ လှောင်ပိတ်မိနေသော မိန်းမလှနှစ်ဦး
- သေခြင်းတရားကို နိမိတ်ဖတ်သောပန်းချီကားများ
- စိတ်နယ်လွန်သုတေသနပညာရှင်ဒေါက်တာတစ်ဦး

## ဒေဝစကြာ

### သင်္ချိုင်းစောင့်တစ္ဆေ

တောင်ပေါ်မြို့လေးတစ်မြို့မှ မရဏမြိုင်အမည်ရှိသောတည်းခိုခန်းသို့ အပျော်ခရီးရောက်ရှိလာသော ပညာတတ်လူငယ်တစ်စု. . . အာဠဝီသင်္ချိုင်းအတွင်း လကွယ်ညတစ်ညတွင် တူတူပုန်းတမ်းကစားကြရာမှ. . .
ထိတ်လန့်ချောက်ချားဖွယ်ရာ ဖြစ်ရပ်ဆန်းများ အဆက်မပြတ်ဖြစ်ပေါ်လာခဲ့ရာ. . .

နွေမိုးဆောင်းစာပေမှ မကြာမီဖြန့်ချိပါမည်။

## ဥတ္တရဒေဝမာ

### တစ္ဆေမကြောက်သောကျွန်တော်

လူတစ်ယောက် အဆင်ပြေ ဘဝတိုးတက်အောင် ကူညီတဲ့ ချစ်စရာသရဲအကြောင်း. . .

## ကျောင်းကျင်ကိုကို

### သစ္စာဆမ်းသောလမ်း

သူ့လို လူတစ်ယောက်အဖို့တော့
အချစ်ကို ကြာကြာမကိုးကွယ်တတ်ပါ။
သူ့ဘဝ
သူ့ဝန်းကျင်မှာတော့
အချစ်က
တရှုတ်ပြည်မှလာသောပစ္စည်းတွေလိုပင်
တစ်ခါသုံးပဲလေ. . .

ရွှေပဒေသာစာပေ မှ
၂၀၀၇၊ ဩဂုတ်လတွင် ဖြန့်ချိပါမည်။ ဖုန်း-၀၁-၅၄၉၂၇